# ဒုတိယအကြိမ် ပြည်သူ့လွှတ်တော်
# ပဉ္စမပုံမှန်အစည်းအဝေး
# (၁၂) ရက်မြောက်နေ့ မှတ်တမ်း

အကြမ်း



| စဉ် | အကြောင်းအရာ | စာမျက်နှာ |
|---|---|---|
| ၁ | ပြည်သူ့လွှတ်တော် ဥက္ကဋ္ဌ နေရာယူခြင်း | ၁ |
| ၂ | ပြည်သူ့လွှတ်တော် အစည်းအဝေး အထမြောက်ကြောင်းနှင့် စတင်ကျင်းပကြောင်း ကြေညာခြင်း | ၂ |
| ၃ | ဒုတိယအကြိမ် ပြည်သူ့လွှတ်တော် ပဉ္စမပုံမှန်အစည်းအဝေး (၁၂) ရက်မြောက်နေ့ အစီအစဉ်ကြေညာခြင်း | ၂ |
| ၄ | အစည်းအဝေး မတက်ရောက်နိုင်သော ပြည်သူ့လွှတ်တော် ကိုယ်စားလှယ်များက ခွင့်ပန်ကြားခြင်းနှင့် ပြည်သူ့လွှတ်တော်၏ အဆုံးအဖြတ်ရယူခြင်း | ၂ |
| ၅ | ပြည်သူ့လွှတ်တော် ကိုယ်စားလှယ်များ အစည်းအဝေး တက်ရောက်မှု အခြေအနေကို မှတ်တမ်းတင်ခြင်း | ၄ |
| ၆ | (က) စိုင်ပြင်-နှောနက်နန်း ၁၃ မိုင်အပြင် ခရိုင်ချင်းဆက်လမ်းအထိ ကျောက်ချောလမ်းအဆင့်သို့ မြှင့်တင်ပေးနိုင်ခြင်း ရှိ/မရှိနှင့်စပ်ချဉ်းသည့် မေးခွန်း | ၅ |
| ၇ | (ခ) ဒက္ခိဏသီရိမြို့နယ်တွင် ကိုင်းပလွေးသစ်တောကြိုးဝိုင်း၊ စိန်တလုံး သရက်ဖုန်စီမံကိန်းအတွက် သိမ်းဆည်းခံမြေများနှင့် ပတ်သက်၍ လုပ်ကိုင်ခွင့်ရ သိမ်းယူခဲ့သည့်ပုဂ္ဂလိကနှင့် ကုမ္ပဏီအဖွဲ့အစည်းများ ညှိနှိုင်းကာ ဥပဒေ၊ နည်းဥပဒေများနှင့်အညီ ဖြေရှင်းဆောင်ရွက်ပေးရန်၊ အဆိုပါစီမံကိန်းသည် ဒေသအတွက်အကျိုးပြု၊ မပြုနှင့်ဒေသခံများ အလုပ်အကိုင်အခွင့်အလမ်းရ/မရတို့ကို စိစစ်၍လိုအပ်သော အရေးယူဆောင်ရွက်မှုများ ဖြေရှင်းဆောင်ရွက်ပေးရန်နှင့် ဆောင်ရွက်ရန်ကျန်ရှိသော ဧရိယာရှိမြေများနှင့် သိမ်းဆည်းမခံခဲ့ရသော လယ်ယာမြေများအား ဒေသခံတောင်သူများကို တရားဝင်လယ်ယာမြေလုပ်ပိုင်ခွင့် သို့မဟုတ် သစ်တောဦးစီးဌာနနှင့် အကျိုးတူလုပ်ပိုင်ခွင့်ပြုရန် အစီအစဉ်ရှိ/မရှိတို့နှင့် စပ်လျဉ်းသည့် မေးခွန်း | ၉ |
| ၈ | (ဂ) စေတုတ္တရာမြို့နယ်တွင် ကြီးအုံကြီးဝတမံပိတ်မှုကြောင့် လယ်ယာမြေများမှာ နှစ်စဉ်မိုးကာလတိုင်း တမံရေပြင်ကြီးအောက်နစ်မြုပ်၍ ဒေသခံတောင်သူများ စားဝတ်နေရေး ဒုက္ခရောက်နေမှုအား ဥပဒေနှင့်အညီ နစ်နာကြေး၊ လျော်ကြေး၊ အစားထိုးမြေယာဖော်ဆောင်ပေးရန် အစီအစဉ်ရှိ/မရှိနှင့် စပ်လျဉ်းသည့်မေးခွန်း | ၁၈ |
| ၉ | (ဃ) လင်းခေးမြို့နယ်၊ မအွန်လောင်းကူးတို့ဆိပ်နှင့် ပုန်းထွန်ကျေးရွာတွင် | ၂၃ |

နန့်တိန်းချောင်းကူးတံတားနှစ်စင်း လိုအပ်လျက်ရှိသည့်အတွက် ကူညီဖြေရှင်းပေးနိုင်ပါရန်နှင့် စပ်လျဉ်းသည့်မေးခွန်း

၁၀ (င) လယ်ယာမြေသစ်များ ဖော်ဆောင်နိုင်ရန် အသေးစား၊ အလတ်စား တာတမံများ၊ ရေလှောင်ကန်များ၊ ဆည်မြောင်းအင်ဂျင်နီယာများနှင့် လိုအပ်မည့် ဘဏ္ဍာငွေကြေးများ ခွင့်ပြုပေးနိုင်ခြင်း ရှိ/မရှိနှင့် စပ်လျဉ်းသည့် မေးခွန်း ၂၆

၁၁ (စ) ပလက်ဝမြို့နယ်တွင် စိုက်ပျိုးစီးပွား ဖွံ့ဖြိုးတိုးတက်စေရန်အတွက် ဒေသနှင့်ကိုက်ညီသော စိုက်ပျိုးရေး နည်းပညာများ ပံ့ပိုးပေးခြင်း၊ စျေးကွက်ဝင်သီးနှံများ စိုက်ပျိုးထုတ်လုပ်နိုင်ရန်အတွက် မတည်ရင်းနှီးငွေများ ထောက်ပံ့ပေးခြင်း သို့မဟုတ် ချေးငွေများ ထုတ်ပေးခြင်းများကို အကောင်အထည်ဖော် ဆောင်ရွက်ပေးရန် အစီအစဉ်ရှိ/မရှိနှင့် စပ်လျဉ်းသည့် မေးခွန်း ၃၁

၁၂ (ဆ) မန္တလေးမြို့အပြင်ဘက်သို့ အိမ်ရာများတိုးချဲ့ ဆောက်လုပ်နေထိုင်မှုကြောင့် ပုသိမ်ကြီးမြို့နယ်အတွင်းရှိ လယ်ယာမြေများ ပျက်စီးဆုံးရှုံးလာခြင်းအပေါ် သက်ဆိုင်ရာမှ အမြန်ဆုံးထိရောက်စွာ အရေးယူဆောင်ရွက်ပြီး ကာကွယ်စောင့်ရှောက်ပေးနိုင်ခြင်း ရှိ/မရှိနှင့် စပ်လျဉ်းသည့်မေးခွန်း ၃၅

၁၃ (ဇ) မာန်အောင်မြို့နယ်၊ မောင်းမကံကျေးရွာအုပ်စု၊ ကံထောက်ကျေးရွာအနီးရှိ ကံထောက်လျှိုပိတ်ဆည်ကို ယခုဘဏ္ဍာရေးနှစ်ကာလအတွင်း တည်ဆောက်ပေးရန် အစီအစဉ်ရှိ/မရှိနှင့် စပ်လျဉ်းသည့် မေးခွန်း ၄၃

၁၄ ပြည်သူ့လွှတ်တော်၊ နိုင်ငံတကာဆက်ဆံရေးကော်မတီ၏ အစီရင်ခံစာကို သဘောတူလက်ခံရန် အဆိုတင်သွင်းခြင်းနှင့် လွှတ်တော်၏ အတည်ပြုချက်ရယူခြင်း ၄၆

၁၅ ဦးမျိုးဇော်ဦး၊ လယ်ဝေးမဲဆန္ဒနယ်က အဆိုတင်သွင်းခြင်းနှင့် လက်ခံဆွေးနွေးရန် သင့်/မသင့် အဆုံးအဖြတ်ရယူခြင်း ၄၇

၁၆ ဒုတိယအကြိမ် ပြည်သူ့လွှတ်တော် ပဥ္စမပုံမှန်အစည်းအဝေး (၁၂) ရက်မြောက်နေ့ကို ရပ်နားကြောင်းနှင့် အစည်းအဝေး (၁၃) ရက်မြောက်နေ့ ဆက်လက် ကျင်းပမည့် နေ့ရက်နှင့်အချိန်ကို ကြေညာခြင်း ၅၆

# ဒုတိယအကြိမ် ပြည်သူ့လွှတ်တော် ပဉ္စမ ပုံမှန်အစည်းအဝေး

# (၁၂)ရက်မြောက်နေ့ အစီအစဉ်

# [ ၁၂–၆–၂၀၁၇ ] (တနင်္လာနေ့) နံနက် ၁၀ နာရီ

၁။ ပြည်သူ့လွှတ်တော် ဥက္ကဋ္ဌ နေရာယူခြင်း၊

၂။ ပြည်သူ့လွှတ်တော်အစည်းအဝေး အထမြောက်ကြောင်းနှင့် စတင်ကျင်းပကြောင်း ကြေညာခြင်း၊

၃။ ဒုတိယအကြိမ် ပြည်သူ့လွှတ်တော် ပဉ္စမ ပုံမှန်အစည်းအဝေး (၁၂)ရက်မြောက်နေ့ အစီအစဉ် ကြေညာခြင်း၊

၄။ အစည်းအဝေး မတက်ရောက်နိုင်သော ပြည်သူ့လွှတ်တော် ကိုယ်စားလှယ်များအတွက် ခွင့်ပန်ကြားခြင်းနှင့် ပြည်သူ့လွှတ်တော်၏ အဆုံးအဖြတ်ရယူခြင်း၊

၅။ ကြယ်ပွင့်ပြထားသည့် အောက်ပါမေးခွန်းများကို လွှတ်တော်ကိုယ်စားလှယ်များက မေးမြန်းခြင်းနှင့် သက်ဆိုင်ရာ ပြည်ထောင်စုအဆင့် အဖွဲ့အစည်းဝင်က ဖြေကြားခြင်း–

(က) ဦးဝင်းမြင့်အောင်၊ ဒီပဲယင်း မဲဆန္ဒနယ်၏ **စိုင်ပြင်–နှော့နတ်နန်း (၁၃) မိုင်အပြင် ခရိုင်ချင်းဆက်လမ်းအထိ ကျောက်ချောလမ်းအဆင့်သို့ မြှင့်တင်ပေးနိုင်ခြင်း ရှိ၊ မရှိ** နှင့် စပ်လျဉ်းသည့် မေးခွန်း၊

(ခ) ဦးသန့်ဇင်ထွန်း၊ ဒက္ခိဏသီရိ မဲဆန္ဒနယ်၏ **ဒက္ခိဏသီရိမြို့နယ်တွင် ကိုင်းပလွေးသစ်တောကြိုးဝိုင်း၊ စိန်တစ်လုံးသရက်ဖုန် စီမံကိန်းအတွက် သိမ်းဆည်းခံမြေများနှင့် ပတ်သက်၍ လုပ်ကိုင်ခွင့်ရ သိမ်းယူခဲ့သည့် ပုဂ္ဂလိကနှင့် ကုမ္ပဏီအဖွဲ့အစည်းများညှိနှိုင်းကာ ဥပဒေ၊ နည်းဥပဒေများနှင့်အညီ ဖြေရှင်းဆောင်ရွက်ပေးရန်၊ အဆိုပါ စီမံကိန်းသည် ဒေသအတွက် အကျိုးပြု၊ မပြု နှင့်ဒေသခံများ အလုပ်အကိုင်**

**အခွင့်အလမ်း ရ၊ မရ တို့ကို စိစစ်၍ လိုအပ်သော အရေးယူဆောင်ရွက်မှုများ ဖြေရှင်းဆောင်ရွက်ပေးရန်နှင့် ဆောင်ရွက်ရန်ကျန်ရှိသော ဧရိယာရှိ မြေများနှင့် သိမ်းဆည်းမခံခဲ့ရသော လယ်ယာမြေများအား ဒေသခံတောင်သူများကို တရားဝင်လယ်ယာမြေလုပ်ပိုင်ခွင့် သို့မဟုတ် သစ်တောဦးစီးဌာန နှင့် အကျိုးတူလုပ်ပိုင်ခွင့်ပြုရန် အစီအစဉ် ရှိ၊ မရှိ** တို့နှင့် စပ်လျဉ်းသည့် မေးခွန်း၊

(ဂ) ဦးကျော်အောင်လွင်၊ စေတုတ္တရာ မဲဆန္ဒနယ်၏ **စေတုတ္တရာမြို့နယ်တွင် ကြီးအုံကြီးဝတမံပိတ်မှုကြောင့် လယ်ယာမြေများမှာ နှစ်စဉ်မိုးကာလတိုင်း တမံရေပြင်ကြီးအောက်နစ်မြုပ်၍ ဒေသခံတောင်သူများ စားဝတ်နေရေး ဒုက္ခရောက်နေမှုအား ဥပဒေနှင့်အညီ နစ်နာကြေး၊ လျော်ကြေး၊ အစားထိုးမြေယာဖော်ဆောင်ပေးရန် အစီအစဉ်ရှိ၊ မရှိ** နှင့် စပ်လျဉ်းသည့် မေးခွန်း၊

(ဃ) ဦးစိုင်းဘသိန်း၊ လင်းခေး မဲဆန္ဒနယ်၏ **လင်းခေးမြို့နယ်၊ မအွန်လောင်းကူးတို့ဆိပ်နှင့် ပုန်းထွန်ကျေးရွာတွင် တိန်းချောင်းကူး တံတားနှစ်စင်း လိုအပ်လျက်ရှိသည့်အတွက် ကူညီဖြေရှင်းပေးနိုင်ပါရန်** နှင့်စပ်လျဉ်းသည့် မေးခွန်း၊

(င) ဦးကျော်တင်၊ ဆော မဲဆန္ဒနယ်၏ **လယ်ယာမြေသစ်များ ဖော်ဆောင်နိုင်ရန် အသေးစား၊ အလတ်စား တာတမံများ၊ ရေလှောင်ကန်များ၊ ဆည်မြောင်းအင်ဂျင်နီယာများနှင့် လိုအပ်မည့် ဘဏ္ဍာငွေကြေးများ ခွင့်ပြုပေးနိုင်ခြင်း ရှိ၊ မရှိ** နှင့် စပ်လျဉ်းသည့် မေးခွန်း၊

(စ) ဦးစိန်အောင်၊ ပလက်ဝ မဲဆန္ဒနယ်၏ **ပလက်ဝမြို့နယ်တွင် စိုက်ပျိုးစီးပွားဖွံ့ဖြိုးတိုးတက်စေရန်အတွက် ဒေသနှင့်ကိုက်ညီသော စိုက်ပျိုးရေးနည်းပညာများ ပံ့ပိုးပေးခြင်း၊ ဈေးကွက်ဝင်သီးနှံများ စိုက်ပျိုး**

**ထုတ်လုပ်နိုင်ရန်အတွက် မတည်ရင်းနှီးငွေများ ထောက်ပံ့ပေးခြင်း သို့မဟုတ် ချေးငွေများ ထုတ်ပေးခြင်းများကို အကောင်အထည်ဖော် ဆောင်ရွက်ပေးရန် အစီအစဉ်ရှိ၊ မရှိ** နှင့် စပ်လျဉ်းသည့် မေးခွန်း၊

(ဆ) ဦးသောင်းဌေးလင်း၊ ပုသိမ်ကြီး မဲဆန္ဒနယ်၏ **မန္တလေးမြို့အပြင်ဘက်သို့ အိမ်ရာများ တိုးချဲ့ဆောက်လုပ်နေထိုင်မှုကြောင့် ပုသိမ်ကြီးမြို့နယ် အတွင်းရှိ လယ်ယာမြေများ ပျက်စီးဆုံးရှုံးလာခြင်းအပေါ် သက်ဆိုင်ရာမှ အမြန်ဆုံးထိရောက်စွာ အရေးယူဆောင်ရွက်ပြီး ကာကွယ်စောင့်ရှောက် ပေးနိုင်ခြင်း ရှိ၊ မရှိ** နှင့် စပ်လျဉ်းသည့် မေးခွန်း၊

(ဇ) ဦးတင်နု(ခ) ဦးတင်နုအောင်၊ မာန်အောင် မဲဆန္ဒနယ်၏ **မာန်အောင် မြို့နယ်၊ မောင်းမကံကျေးရွာအုပ်စု၊ ကံထောက်ကျေးရွာအနီးရှိ ကံထောက်လျှိုပိတ်ဆည်ကို ယခု ဘဏ္ဍာရေးနှစ်ကာလအတွင်း တည်ဆောက်ပေးရန် အစီအစဉ်ရှိ၊ မရှိ** နှင့် စပ်လျဉ်းသည့် မေးခွန်း၊

၆။ ပြည်သူ့လွှတ်တော်၊ နိုင်ငံတကာဆက်ဆံရေးကော်မတီ၏ အစီရင်ခံစာကို သဘောတူလက်ခံရန် အဆို တင်သွင်းခြင်းနှင့် လွှတ်တော်၏ အတည်ပြုချက် ရယူခြင်း၊

၇။ ဦးမျိုးဇော်ဦး၊ လယ်ဝေး မဲဆန္ဒနယ်က **"နိုင်ငံတစ်ဝန်း သဘာဝ ဘေးအန္တရာယ် များနှင့် အင်းဆက်ပိုးမွှားများကြောင့် နစ်နာဆုံးရှုံးနေကြသော တောင်သူ လယ်သမားများ၏ အကျိုးစီးပွားအတွက် အာမခံချက်ရှိစေမည့် သီးနှံအာမခံ လုပ်ငန်းများကို ဆောလျင်စွာ အကောင်အထည်ဖော်ဆောင်ပေးရေး ပြည်ထောင်စုအစိုးရအား တိုက်တွန်းကြောင်း"** အဆို တင်သွင်းခြင်းနှင့် လက်ခံ ဆွေးနွေးရန် သင့်မသင့် အဆုံးအဖြတ်ရယူခြင်း၊

၈။ အဆိုကို ပြည်သူ့လွှတ်တော်က လက်ခံဆွေးနွေးရန် မသင့်ကြောင်း ဆုံးဖြတ်ပါက ယင်းအဆိုကို လက်ခံဆွေးနွေးရန် မရှိကြောင်း ဥက္ကဋ္ဌက ကြေညာခြင်း။

**(သို့မဟုတ်)**

လက်ခံဆွေးနွေးရန် ဆုံးဖြတ်သော အဆိုနှင့်စပ်လျဉ်း၍ ဆွေးနွေးလိုသည့် လွှတ်တော်ကိုယ်စားလှယ်များရှိလျှင် အမည်စာရင်းတင်သွင်းနိုင်ကြောင်း ဥက္ကဋ္ဌက ကြေညာခြင်း၊

၉။ အမျိုးသားလွှတ်တော်က ပြင်ဆင်ချက်ဖြင့် ပြန်လည်ပေးပို့လာသော **"တရားခံလွှဲပြောင်းရေး ဥပဒေကြမ်း"** ကို လက်ခံရရှိကြောင်းနှင့် ပြင်ဆင်ချက်အဆို တင်သွင်းလိုသည့် လွှတ်တော်ကိုယ်စားလှယ်များ အမည်စာရင်း တင်သွင်းနိုင်ကြောင်း လွှတ်တော်သို့ အသိပေး တင်ပြခြင်း၊

၁၀။ ဒုတိယအကြိမ် ပြည်သူ့လွှတ်တော် ပဉ္စမ ပုံမှန်အစည်းအဝေး (၁၂)ရက်မြောက်နေ့ ရပ်နားကြောင်းနှင့် အစည်းအဝေး (၁၃)ရက်မြောက်နေ့ ဆက်လက်ကျင်းပမည့် နေ့ရက်နှင့်အချိန်ကို ကြေညာခြင်း။

# ပြည်ထောင်စုသမ္မတမြန်မာနိုင်ငံတော်

# ဒုတိယအကြိမ် ပြည်သူ့လွှတ်တော် ပဉ္စမပုံမှန်အစည်းအဝေး

# (၁၂) ရက်မြောက်နေ့မှတ်တမ်း

## ၁၃၇၉ ခုနှစ်၊ နယုန်လပြည့်ကျော် ၃ ရက်

## (၂၀၁၇ ခုနှစ်၊ ဇွန်လ ၁၂ ရက်)

## (တနင်္လာနေ့)

နေပြည်တော်ရှိ ပြည်သူ့လွှတ်တော် အစည်းအဝေးခန်းမတွင် ဒုတိယအကြိမ် ပြည်သူ့လွှတ်တော် ပဉ္စမပုံမှန်အစည်းအဝေး (၁၂) ရက်မြောက်နေ့ကို နံနက် ၁၀ နာရီအချိန်၌ စတင်ကျင်းပပါသည်။

ပြည်သူ့လွှတ်တော်အစည်းအဝေးကို ကြီးကြပ်ကွပ်ကဲသူအဖြစ် ပြည်သူ့လွှတ်တော်ဥက္ကဋ္ဌ ဦးဝင်းမြင့် က ဆောင်ရွက်ပြီး၊ အခမ်းအနားမှူးအဖြစ် ဦးတင်ဝင်းအောင်၊ ညွှန်ကြားရေးမှူးချုပ်၊ ပြည်သူ့လွှတ်တော်ရုံးက ဆောင်ရွက်ပါသည်။

**အချိန်၊ ၁၀း၀၀။**

**အခမ်းအနားမှူး။** ။ လေးစားအပ်ပါသော ပြည်သူ့လွှတ်တော်ကိုယ်စားလှယ်များနှင့် ဧည့်သည်တော်များခင်ဗျား။ ယခုအချိန်ကစပြီး ပြည်ထောင်စုသမ္မတမြန်မာနိုင်ငံတော် ဒုတိယအကြိမ် ပြည်သူ့လွှတ်တော် ပဉ္စမပုံမှန်အစည်းအဝေး (၁၂)ရက်မြောက်နေ့ အစီအစဉ် စတင်ပါတော့မယ်။

## ပြည်သူ့လွှတ်တော်ဥက္ကဋ္ဌနေရာယူခြင်း

**အခမ်းအနားမှူး။** ။ ပြည်သူ့လွှတ်တော်ဥက္ကဋ္ဌ ကြွရောက်လာပါပြီခင်ဗျား။

ပြည်သူ့လွှတ်တော်ဥက္ကဋ္ဌသည် ဥက္ကဋ္ဌအတွက်သတ်မှတ်ထားသည့် စင်မြင့်ပေါ်သို့ ကြွရောက်နေရာယူပါသည်။

**ဥက္ကဋ္ဌ။** ။ အားလုံးမင်္ဂလာပါ။

**ကိုယ်စားလှယ်များ။** ။ မင်္ဂလာပါ။

**အခမ်းအနားမှူး။** ။ အားလုံးထိုင်နိုင်ပါပြီခင်ဗျား။

## ပြည်သူ့လွှတ်တော် အစည်းအဝေးအထမြောက်ကြောင်းနှင့် စတင်ကျင်းပကြောင်း ကြေညာခြင်း

**ဥက္ကဋ္ဌ**။ ။ လွှတ်တော်ကိုယ်စားလှယ်များခင်ဗျား။ ဒီကနေ့ကျင်းပတဲ့ ဒုတိယအကြိမ် ပြည်သူ့လွှတ်တော် ပဥ္စမပုံမှန်အစည်းအဝေး (၁၂)ရက်မြောက်နေ့မှာ ပြည်သူ့လွှတ်တော် လွှတ်တော်အခွင့်အရေး ကော်မတီရဲ့တင်ပြချက်အရ အစည်းအဝေးသို့ တက်ရောက်ခွင့်ရှိတဲ့ ပြည်သူ့လွှတ်တော်ကိုယ်စားလှယ် ၄၃၅ ဦးရှိတဲ့အနက် ၃၉၅ ဦး တက်ရောက်ပါတယ်။ အစည်းအဝေးသို့တက်ရောက်ခွင့်ရှိသူဦးရေ စုစုပေါင်းရဲ့ ၉၀.၈၀ ရာခိုင်နှုန်းရှိတဲ့အတွက် အစည်းအဝေးအထမြောက်ကြောင်းနှင့် စတင်ကျင်းပကြောင်း ကြေညာပါတယ်။ (သြဘာသံများ)

## အစည်းအဝေးအစီအစဉ်ဖြန့်ဝေထားကြောင်း တင်ပြခြင်း

**ဥက္ကဋ္ဌ**။ ။ လွှတ်တော်ကိုယ်စားလှယ်များခင်ဗျား။ အစီအစဉ်များကို ကြိုတင်ဖြန့်ဝေထားတဲ့အတိုင်း ဆက်လက်ဆောင်ရွက်သွားပါမယ်။

## ပြည်သူ့လွှတ်တော်ကိုယ်စားလှယ်များ ခွင့်ပန်ကြားခြင်း

**ဥက္ကဋ္ဌ**။ ။ ယခု အစည်းအဝေးမတက်ရောက်နိုင်တဲ့ လွှတ်တော်ကိုယ်စားလှယ်များအတွက် ခွင့်ပန်ကြားရန်ဖြစ်ပါတယ်။

**ဦးခင်မောင်သိန်း(အဖွဲ့ဝင်၊ လွှတ်တော်အခွင့်အရေးကော်မတီ)**။ ။ လေးစားအပ်ပါသော ပြည်သူ့လွှတ်တော်ဥက္ကဋ္ဌကြီးခင်ဗျား။ ယနေ့ ၂၀၁၇ ခုနှစ်၊ ဇွန်လ ၁၂ ရက်နေ့ ဒုတိယအကြိမ် ပြည်သူ့လွှတ်တော် ပဥ္စမပုံမှန်အစည်းအဝေး (၁၂)ရက်မြောက်နေ့သို့ မတက်ရောက်နိုင်ပါသဖြင့် ခွင့်ပန်ကြားသူ လွှတ်တော်ကိုယ်စားလှယ်များ၏ကိုယ်စား ပြည်သူ့လွှတ်တော် လွှတ်တော်အခွင့်အရေး ကော်မတီအတွင်းရေးမှူး ကျွန်တော် ဒေါက်တာလှမိုး၊ အောင်မြေသာစံမဲဆန္ဒနယ်က ကိုယ်စားခွင့်ပန်ကြားသွားမှာဖြစ်ပါတယ်။ ပြည်သူ့လွှတ်တော်မှာ ယနေ့တက်ရောက်ခွင့်ရှိသော ကိုယ်စားလှယ် ၄၃၅ ဦးရှိပြီး တက်ရောက်သူကိုယ်စားလှယ် ၃၉၅ ဦးရှိကာ ယနေ့ ခွင့်ပန်ကြားသူ ၃၈ ဦးရှိပါတယ်။ ခွင့်ပန်ကြားသူ များကတော့-

(၁) ကော့မှူးမဲဆန္ဒနယ်မှ ဦးကျော်ဆွေဝင်း(ခ)အာလူး ခွင့် ၁ ရက်၊

(၂) ဒဂုံမြို့သစ်(အရှေ့ပိုင်း)မဲဆန္ဒနယ်မှ ဦးနေကျော် ခွင့် ၁ ရက်၊

(၃) ဆီဆိုင်မဲဆန္ဒနယ်မှ ဦးခွန်သန်းထူး ခွင့် ၅ ရက်၊

(၄) မိုင်းဖြတ်မဲဆန္ဒနယ်မှ ဦးလင်းဇော်ထွန်း ခွင့် ၅ ရက်၊

(၅) တိုက်ကြီးမဲဆန္ဒနယ်မှ ဦးကျော်မြင့် ခွင့် ၂ ရက်၊

(၆) ကြာအင်းဆိပ်ကြီးမဲဆန္ဒနယ်မှ ဦးစောတင်ဝင်း ခွင့် ၂ ရက်၊

(၇) ရပ်စောက်မဲဆန္ဒနယ်မှ ဦးခင်မောင်မြင့် ခွင့် ၅ ရက်၊

(၈) ပုသိမ်မဲဆန္ဒနယ်မှ ဦးဝေလှိုင်ထွန်း ခွင့် ၅ ရက်၊

(၉) ကန်ကြီးထောင့်မဲဆန္ဒနယ်မှ ဦးရွှေလှကြိုင် ခွင့် ၂ ရက်၊

(၁၀) ကွန်ဟိန်းမဲဆန္ဒနယ်မှ ဒေါ်နန်းခင်စော ခွင့် ၁ ရက်၊

(၁၁) မြောင်းမြမဲဆန္ဒနယ်မှ ဒေါက်တာစိုးမိုးသူ ခွင့် ၅ ရက်၊

(၁၂) ကလောမဲဆန္ဒနယ်မှ ဒေါ်ပြုံးကေသီနိုင် ခွင့် ၁ ရက်၊

(၁၃) မုံရွာမဲဆန္ဒနယ်မှ ဦးညွန့်အောင် ခွင့် ၁ ရက်၊

(၁၄) တန့်ဆည်မဲဆန္ဒနယ်မှ ဦးမြင့်ထွန်း ခွင့် ၁ ရက်၊

(၁၅) သရက်ချောင်းမဲဆန္ဒနယ်မှ ဦးအောင်စိုး ခွင့် ၂ ရက်၊

(၁၆) ကွမ်းလုံမဲဆန္ဒနယ်မှ ဦးယန်ကျောင်းကန် ခွင့် ၁ ရက်၊

(၁၇) ဆော့လော်မဲဆန္ဒနယ်မှ ဦးလာမာလေး ခွင့် ၁ ရက်၊

(၁၈) ဆင်ပေါင်ဝဲမဲဆန္ဒနယ်မှ ဦးနေထက်ဝင်း ခွင့် ၃ ရက်၊

(၁၉) မိုးညိုမဲဆန္ဒနယ်မှ ဦးကျော်မျိုးမင်း ခွင့် ၁ ရက်၊

(၂၀) နတ်တလင်းမဲဆန္ဒနယ်မှ ဦးခင်အေး ခွင့် ၁ ရက်၊

(၂၁) တီးတိန်မဲဆန္ဒနယ်မှ ဦးကျင့်ရှင်းထန် ခွင့် ၁ ရက်၊

(၂၂) ညောင်လေးပင်မဲဆန္ဒနယ်မှ ဒေါက်တာမြင့်သိန်း ခွင့် ၅ ရက်၊

(၂၃) အမ်းမဲဆန္ဒနယ်မှ ဒေါက်တာအေးမောင် ခွင့် ၃ ရက်၊

(၂၄) မြောက်ဦးမဲဆန္ဒနယ်မှ ဦးဦးလှစော ခွင့် ၃ ရက်၊

(၂၅) ကလေးမဲဆန္ဒနယ်မှဒေါ်အေးအေးမူ(ခ)ရှားမီး ခွင့် ၅ ရက်၊

(၂၆) ရမည်းသင်းမဲဆန္ဒနယ်မှ ဦးထွန်းထွန်းဝင်း ခွင့် ၁ ရက်၊

(၂၇) မဟာအောင်မြေမဲဆန္ဒနယ်မှ ဦးငြိမ်းသစ်(ခ)သောင်းထွန်း ခွင့် ၁ ရက်၊

(၂၈) သန်လျင်မဲဆန္ဒနယ်မှ ဦးလွင်ကိုလတ် ခွင့် ၁ ရက်၊

(၂၉) တန့်ယန်းမဲဆန္ဒနယ်မှ ဦးစိုင်းမောင်ပွင့်(ခ)အောင်ပွင့် ခွင့် ၁ ရက်၊

**မူကြမ်း**

(၃၀) တပ်မတော်သားကိုယ်စားလှယ် ဗိုလ်ချုပ်တောက်ထွန်း ခွင့် ၁ ရက်၊

(၃၁) တပ်မတော်သားကိုယ်စားလှယ် ဗိုလ်ချုပ်သန်းထွတ်သိန်း ခွင့် ၁ ရက်၊

(၃၂) တပ်မတော်သားကိုယ်စားလှယ် ဗိုလ်မှူးထင်လင်းဦး ခွင့် ၅ ရက်၊

(၃၃) ဟိုပုန်းမဲဆန္ဒနယ်မှ ဦးခွန်အောင်ကျော် ခွင့် ၁ ရက်၊

(၃၄) ကောလင်းမဲဆန္ဒနယ်မှ ဦးမျိုးဇော်အောင် ခွင့် ၁ ရက်၊

(၃၅) ကျောက်မဲမဲဆန္ဒနယ်မှ ဦးစိုင်းထွန်းအောင် ခွင့် ၁ ရက်၊

(၃၆) ဗန်းမော်မဲဆန္ဒနယ်မှ ဦးအောင်သိန်း ခွင့် ၁ ရက်၊

(၃၇) မံစီမဲဆန္ဒနယ်မှ ဦးချင်းဖေလင်း ခွင့် ၅ ရက်နှင့်

(၃၈) လှိုင်သာယာမဲဆန္ဒနယ်မှ ဦးဝင်းမင်း ခွင့် ၁ ရက်တို့ဖြစ်ကြပါတယ်။ ယခင် ခွင့်ပန်ကြားသူ ၂ ဦး၊ ယနေ့ခွင့်ပန်ကြားသူ ၃၈ ဦး စုစုပေါင်းခွင့်ပန်ကြားသူ ၄၀ ဦး ဖြစ်ပါတယ်။ ခွင့်မဲ့ပျက် ကွက်သူမရှိပါကြောင်းနှင့် အထက်ပါကိုယ်စားလှယ်များ၏ ခွင့်ပန်ကြားမှုအား ခွင့်အဖြစ် ခွင့်ပြုပေးပါရန် လေးစားစွာဖြင့် ပန်ကြားအပ်ပါတယ်ခင်ဗျား။

**ဥက္ကဋ္ဌ**။ ။ ခွင့်ပန်ကြားသူအားလုံးကို ခွင့်ပြုပါတယ်။

## ပြည်သူ့လွှတ်တော်ကိုယ်စားလှယ်များ အစည်းအဝေးတက်ရောက်မှုအခြေအနေကို မှတ်တမ်းတင်ခြင်း

**ဥက္ကဋ္ဌ**။ ။ လွှတ်တော်ကိုယ်စားလှယ်များခင်ဗျား။ ဒီကနေ့ အစည်းအဝေးမှာ တက်ရောက်ခွင့်ရှိတဲ့ လွှတ်တော်ကိုယ်စားလှယ် ၄၃၅ ဦး၊ ယခင်က ခွင့်ပန်ကြား၍ ခွင့်ပြုထားသူ ၂ ဦး၊ ယနေ့ခွင့်ပြုထားသူ ၃၈ ဦးဖြစ်၍ လွှတ်တော်ကခွင့်ပြုထားသူစုစုပေါင်း ၄၀ ဦး ဖြစ်ပါတယ်။ ခွင့်မဲ့ပျက်ကွက်သူမရှိပါ။ ယခု လွှတ်တော်ကိုယ်စားလှယ်များ အစည်းအဝေးတက်ရောက်မှုအခြေအနေကို လွှတ်တော်ရဲ့အတည်ပြုချက်ရယူပါမယ်။ ပြည်သူ့လွှတ်တော်ကိုယ်စားလှယ်များ အစည်းအဝေးတက်ရောက်မှုအခြေအနေတင်ပြချက်ကို အတည်ပြုမှတ်တမ်းတင်ရန် လွှတ်တော်က သဘောတူပါသလားခင်ဗျား။

သုံးကြိမ်တိုင်တိုင်မေးမြန်းပါသည်။ လွှတ်တော်က သဘောတူပါသည်။

**ဥက္ကဋ္ဌ**။ ။ လွှတ်တော်က သဘောတူတဲ့အတွက် ကိုယ်စားလှယ်များ အစည်းအဝေးတက်ရောက်မှုအခြေအနေကို အတည်ပြုမှတ်တမ်းတင်ကြောင်း ကြေညာပါတယ်။ (ဩဘာသံများ)

## ကြယ်ပွင့်ပြထားသည့် မေးခွန်းများကို လွှတ်တော်ကိုယ်စားလှယ်များက မေးမြန်းခြင်းနှင့် သက်ဆိုင်ရာ ပြည်ထောင်စုအဆင့်အဖွဲ့အစည်းဝင်က ဖြေကြားခြင်း

**ဥက္ကဋ္ဌ**။ ။ လွှတ်တော်ကိုယ်စားလှယ်များခင်ဗျား။ မေးခွန်းများ မေးမြန်းခြင်း၊ ဖြေကြားခြင်း အစီအစဉ် စတင်ဆောင်ရွက်ပါမယ်။

**စိုင်ပြင်-နှောနတ်နန်း ၁၃ မိုင်အပြင် ခရိုင်ချင်းဆက်လမ်းအထိ ကျောက်ချောလမ်းအဆင့်သို့ မြှင့်တင်ပေးနိုင်ခြင်းရှိ/မရှိနှင့် စပ်လျဉ်းသည့်မေးခွန်း**

**ဥက္ကဋ္ဌ**။ ။ ပထမဦးစွာ ဒီပဲယင်းမဲဆန္ဒနယ်မှ ဦးဝင်းမြင့်အောင် မေးမြန်းဖို့ ဖြစ်ပါတယ်။

**ဦးဝင်းမြင့်အောင်(ဒီပဲယင်းမဲဆန္ဒနယ်)**။ ။ လေးစားအပ်ပါသော ပြည်သူ့လွှတ်တော်ဥက္ကဋ္ဌကြီးနှင့် ပြည်သူ့လွှတ်တော်ကိုယ်စားလှယ်များ၊ ဧည့်သည်တော်ကြီးများအားလုံး မင်္ဂလာပါခင်ဗျား။ ကျန်းမာကြပါစေလို့ အားလုံးကို မေတ္တာပို့သအပ်ပါတယ်။ ကျွန်တော်ကတော့ စစ်ကိုင်းတိုင်းဒေသကြီး၊ ဒီပဲယင်းမဲဆန္ဒနယ် ပြည်သူ့လွှတ်တော်ကိုယ်စားလှယ် ဦးဝင်းမြင့်အောင် ဖြစ်ပါတယ်။ ကျွန်တော် သိလိုတဲ့မေးခွန်းကတော့ ဒီပဲယင်းမြို့နယ် စိုင်ပြင်ဈေးနှင့် ဆည်လည်ကျေးရွာ၊ နှောနတ်နန်း ၁၃ မိုင်ရှိသော လမ်းနှင့် ဆည်လည်မှ ဆည်တော၊ ဆည်တောမှ ခရိုင်ချင်းဆက်လမ်းအထိ ၁၆ မိုင် စုစုပေါင်း ၂၉ မိုင်ရှိတဲ့လမ်းကို ရာသီမရွေးသွားလာနိုင်တဲ့ကျောက်ချောလမ်းအဖြစ် အဆင့်မြှင့်တင်ပေးရန် ဖြစ်ပါတယ်။

ဥက္ကဋ္ဌကြီးခင်ဗျား။ လမ်းအခြေအနေကို Power Point နဲ့ ရှင်းပြခွင့်ပြုပါခင်ဗျား။ ကျွန်တော်တို့မိုးရာသီမှာဆိုလို့ရှိရင် ဒီပဲယင်းမြို့နယ် စိုင်ပြင်-နှောနတ်နန်းလမ်းမှာ အခြေအနေက တော်တော်ကိုဆိုးဆိုးရွားရွားရှိပါတယ်။ ဒီရာသီမှာ သီတင်းကျွတ်လဆန်း ၈ ရက်နေ့မှ ၁၂ ရက်နေ့အထိဆိုလို့ရှိရင်လည်း နှောနတ်ပွဲကြီးကျင်းပတဲ့အတွက် မြန်မာပြည်အရပ်ရပ်က နတ်ကိုးကွယ်ယုံကြည်ကြတဲ့ပုဂ္ဂိုလ်တွေ အများကြီးပဲ လာရောက်ကြတဲ့ပွဲလည်းဖြစ်ပါတယ်။ လမ်းကတော့ မြင်တဲ့အခြေအနေအတိုင်းမှာပဲ မိုးတွင်းမှာဆိုလို့ရှိရင် ကားတွေကလည်း တစ်နေရာ၊ တစ်နေရာမှာ ဗွက်နစ်နေရတာနဲ့ ရှေ့ကိုမရောက်နိုင်၊ မသွားနိုင်၊ မလာနိုင် အခက်အခဲတွေ ဖြစ်ပါတယ်။ ဒီလမ်းကို ၂၀၀၄ ခုနှစ်မှာ အင်ကြင်း-သပိုးဆည်တည်ဆောက်ဖို့ ရန်အတွက် ဆည်မြောင်းဦးစီးဌာနက တစ်ကြောင်းထိုးဖောက်သွားတဲ့ စိုင်ပြင်-နှောနတ်နန်းလမ်း ဖြစ်ပါတယ်။ ယခု ဆယ်စုနှစ်တစ်ခုကျော်သည်ထိ ဒီလမ်းကို မြေဖို့ခြင်း၊ ကျောက်ခင်းခြင်း၊ ကျောက်ဖို့ခြင်းပြင်ဆင်တာတွေ လုံးဝမရှိခဲ့ပါဘူး။ ဒါကြောင့် လမ်းတွေဟာ ဒီလောက်အခြေအနေ ဆိုးသွားတာပါ။ ၂၀၀၉-၂၀၁၀ ခုနှစ်မှာ နှောကျေးရွာငါးအုပ်စုက ကျေးရွာနေ

ပြည်သူလူထုကနေ စုပေါင်းပြင်ဆင်ဖို့ကြိုးစားခဲ့ပေမဲ့ ရန်ပုံငွေတွေ ပျောက်ပျက်သွားပြီးတော့ မအောင်မြင်ခဲ့ဖူးလို့ သိရပါတယ်။ ဒါ မိုးတွင်းမှာဆိုရင်တော့ အခြေအနေက တော်တော့်ကို ဆိုးပါတယ်။ ဒီလမ်းဟာ အမှန်အတိုင်းဆိုလို့ရှိရင် နာရီဝက်လောက်သွားရင် ရောက်တဲ့လမ်းပါ။ ၁၃ မိုင်ဆိုတာ။ သို့သော်လည်းပဲ ခြောက်နာရီ၊ ခုနစ်နာရီကနေ ရှစ်နာရီ တစ်ခါတစ်ရံ တစ်နေကုန်သွားပါတယ်။

ခြောက်သွေ့ရာသီမှာတော့ ပင်လယ်ကလှိုင်းတွေလိုပဲ မိုးတွင်းတုန်းက ကျင်းခွက်ဖြစ်တဲ့ဟာတွေဟာ လေးပေ၊ ငါးပေမက နက်ပြီးတော့ ကျင်း၊ ချိုင့်တွေက တစ်လမ်းလုံး တစ်ဆက်တစ်စပ်တည်း ရှိတာ ဖြစ်ပါတယ်။ ဆိုင်ကယ်တွေအတွက်တော့ ပြဿနာမရှိနိုင်ပေမဲ့ ကားလေးတွေသွားမရ၊ ကားကြီးတွေသွားမရ၊ ရှေ့နောက်မလွတ် အဲဒီလိုတွေဖြစ်ပါတယ်။ မြေကြီးနဲ့မလွတ်ဘဲ ဖြစ်ပါတယ်။ ထော်လာဂျီတွေပဲ ဖြစ်သလိုသွားနေရပါတယ်။ လမ်းဘေးက ပဲစင်းငုံအခင်းတွေထဲကို ဖြတ်မောင်းနေရပါတယ်။ ဒါကြောင့် ဒီလမ်းကို မဖြစ်မနေရာသီမရွေးသွားလာနိုင်တဲ့ ကျောက်ချောလမ်းအဖြစ် ပြုပြင်ဆောင်ရွက်ပေးသင့်ပါတယ်။ စိုင်ပြင်-နွှောနတ်နန်းလမ်းပိုင်းအတွင်းမှာဆိုလို့ရှိရင် လမ်းမှာ ချောင်းကြီး၊ ချောင်းငယ်တွေလည်းမရှိတဲ့အတွက် တံတားကြီး၊ တံတားငယ်တွေလည်း ဆောက်လုပ်ဖို့ မလိုအပ်ပါဘူး။ စိုင်ပြင်-နွှောနတ်နန်းလမ်းကို အဓိကထားပြီးပြင်ဆင်လိုက်မှသာ လမ်းပန်းဆက်သွယ်ရေးအတွက် ပိုပြီးတော့ ကောင်းမွန်လာမှာဖြစ်ပါတယ်။ ဒီ ဆည်လည်နတ်နန်းရဲ့မြောက်ဘက် သရက်ရွာကနေပြီးတော့ သွားလို့ရှိရင် ကျွန်တော်တို့ ဒီပဲယင်းမြို့အထိလည်း သွားလို့ရပါတယ်။ ဆည်လည်ရွာရဲ့အနောက်ဘက်မှာ ဆည်တောမှ ရေဦးမြို့နယ်ရဲ့ သစ်ယာအိုက်၊ သဲသောင်ပြင်၊ ပလူပဝ ဘက်ကိုရောက်ရှိမှာလည်း ဖြစ်ပါတယ်။ အဲဒီမှာ ပလူပဝရွာမှာ ကနီမြို့နယ်၊ ဝင်မနားရွာကနေပြီးတော့ တောင်မြောက်ခရိုင်ချင်းဆက်သွယ်ထားတဲ့ အမှတ်(၄) ခရိုင်ချင်းဆက်သွယ်ထားတဲ့လမ်းမကြီးနဲ့လည်း ချိတ်ဆက်မိသွားပြီး ပျဉ်း-ကိုင်း-ကလေးဝဆက်သွယ်ထားတဲ့လမ်းကို ရောက်ရှိချိတ်ဆက်မိမှာဖြစ်ပါတယ်။ ဆည်လည်-နွှောနတ်နန်းလမ်းရဲ့ အနောက်တောင်ဘက်ရှိ ပိတ်ချင်းတော-ဆပ်လူးမှ ကနီမြို့နယ်ထဲကိုလည်း ရောက်မှာဖြစ်ပါတယ်။ ဆည်လည်-နွှောနတ်နန်းလမ်းရဲ့တောင်ဘက် အင်ကြင်းသပိုးမှ ဘုတလင်မြို့ မောက်တက်၊ ကူတော်တို့ကို မြို့နယ်ချင်းဆက်လမ်းတွေမှာ သွားပြီးတော့ ချိတ်ဆက်မိမှာဖြစ်ပါတယ်။ ဒါ လမ်းပန်းဆက်သွယ်ရေးအရ အဲဒီလိုအခြေအနေတွေ ပိုပြီးတော့ ကောင်းသွားနိုင်ပါတယ်။

စီးပွားရေးအရ အကျိုးဖြစ်ထွန်းမှုတွေကတော့ နွှောကျေးရွာအုပ်စု ၁၇ ရွာမှာရှိတဲ့ မိဘပြည်သူများရဲ့ အဓိကစိုက်ပျိုးတဲ့ထွက်ကုန် ပဲစင်းငုံ၊ ဇီး၊ နှမ်း၊ မြေပဲတို့ ဈေးကွက်ရှိရာ စိုင်ပြင်-မုံရွာသို့

ပို့ဆောင်တဲ့အခါမှာ ဝန်ဆောင်စရိတ်တွေလည်း လျော့ကျသွားမှာဖြစ်ပါတယ်။ ဈေးကွက်ကိုလည်း အချိန်နဲ့တစ်ပြေးညီ ကုန်ပစ္စည်းများ ရောက်ရှိသွားမှာဖြစ်ပါတယ်။ ကျန်းမာရေးအရလည်း ပိုမိုသက်သာ လွယ်ကူစွာဖြင့် လူနာများကို စိုင်ပြင်၊ ဘုတလင်၊ မုံရွာဆေးရုံများကို အလျင်အမြန်ပို့နိုင်မှာဖြစ်ပါတယ်။ ဘုတလင်မြို့နယ်ထဲမှာရှိတဲ့ ဝက်ပုတ်၊ နွားပင်ကြီး၊ ချောင်းမိတို့၊ မတိုင်ကျင်း စတဲ့ ကျေးရွာများမှ မိဘပြည်သူများလည်း ဒီလမ်းကို ဆက်သွယ်အသုံးပြုနေရတာဖြစ်ပါတယ်။ ပညာရေးဝန်ထမ်းများအပါအဝင် ဌာနပေါင်းစုံမှ ဝန်ထမ်းများအားလုံးမှာလည်း သွားလာတာဝန်ထမ်းဆောင်တဲ့ နေရာမှာ ပိုပြီးတော့ အဆင်ပြေ လွယ်ကူချောမွေ့သွားမှာဖြစ်ပါတယ်။

ဥက္ကဋ္ဌကြီးခင်ဗျား။ သို့ပါ၍ သက်ဆိုင်ရာလမ်းဦးစီးဌာနမှ စိုင်ပြင်-နွားနတ်နန်းလမ်း ၁၃ မိုင်လမ်းကို ရာသီမရွေးသွားလာနိုင်တဲ့ ကျောက်ချောလမ်းအဖြစ် အဆင့်မြှင့်တင်ပေးရန် ယခု ဘဏ္ဍာရေးနှစ်အတွင်း ဆောင်ရွက်ပေးနိုင်ခြင်းရှိ/မရှိနှင့် ဆည်လည်-နွားနတ်နန်းလမ်းမှ ဆည်ထဲကိုဖြတ်ပြီး ခရိုင်ချင်းဆက်လမ်းအထိ ကျောက်ချောလမ်းကို တစ်ပါတည်း ဆောင်ရွက်ပေးနိုင်ခြင်းရှိ/မရှိ သိလိုပါ၍ မေးမြန်းရခြင်းဖြစ်ပါတယ်ခင်ဗျား။ အားလုံးကို ကျေးဇူးတင်ပါတယ်ခင်ဗျား။

**ဥက္ကဋ္ဌ**။ ။ စိုက်ပျိုးရေး၊ မွေးမြူရေးနှင့် ဆည်မြောင်းဝန်ကြီးဌာနက ဖြေကြားရန်ဖြစ်ပါတယ်။

**ဖြေကြားချက်**

**ဦးလှကျော်(ဒုတိယဝန်ကြီး၊ စိုက်ပျိုးရေး၊ မွေးမြူရေးနှင့် ဆည်မြောင်းဝန်ကြီးဌာန)**။ ။ လေးစားအပ်ပါသော ပြည်သူ့လွှတ်တော်ဥက္ကဋ္ဌကြီးနှင့် လွှတ်တော်ကိုယ်စားလှယ်များခင်ဗျား။ စစ်ကိုင်းတိုင်းဒေသကြီး၊ ဒီပဲယင်းမဲဆန္ဒနယ် ပြည်သူ့လွှတ်တော်ကိုယ်စားလှယ် ဦးဝင်းမြင့်အောင်ရဲ့ မေးခွန်းနှင့်ပတ်သက်ပြီး စိုက်ပျိုးရေး၊ မွေးမြူရေးနှင့် ဆည်မြောင်းဝန်ကြီးဌာနအနေနဲ့ ဆောက်လုပ်ရေးဝန်ကြီးဌာနရဲ့ ဖြေကြားချက်နှင့်အတူ ပေါင်းစပ်ရှင်းလင်းဖြေကြားပေးသွားမှာဖြစ်ပါတယ်။ စစ်ကိုင်းတိုင်းဒေသကြီး၊ ဒီပဲယင်းမြို့နယ် စိုင်ပြင်-မူးဘောင်-နွားနတ်နန်းလမ်း အရှည် ၁၃ မိုင်အနေနဲ့ ၂၅ ပေအကျယ်ရှိတဲ့ တစ်ကြောင်းထိုးမြေသားလမ်းအဖြစ် ရှိနေပါတယ်။ အင်ကြင်း-သပိုးဆည်ဆောက်လုပ်စဉ်အခါက ဆည်မြောင်းဦးစီးဌာနက ဆောင်ရွက်ခဲ့တဲ့လမ်းဖြစ်ပြီးတော့ လက်ရှိအခြေအနေမှာ ပွင့်လင်းရာသီအတွင်း သွားလာရေးခက်ခဲပြီး မိုးရာသီမှာရေဝပ်ခြင်း၊ တန်ပိုယာဉ်များသွားလာခြင်းကြောင့် ချိုင့်ခွက်ကြီးငယ်များဖြစ်ပေါ်တဲ့အတွက် အခက်အခဲများနှင့် ကြုံတွေ့နေရကြောင်းလည်းပဲ

သိရှိရပါတယ်။ အဆိုပါလမ်းအရှည် ၁၃ မိုင်ကို မြေသားတာပေါင်တင်ခြင်းနှင့် ဂျင်းခင်းခြင်းလုပ်ငန်း ဆောင်ရွက်မယ်ဆိုရင် ငွေကျပ် သန်းပေါင်း ၃၁၂.၇၈ သန်း ကုန်ကျမည်ဖြစ်ကြောင်းကိုလည်းပဲ တွက်ချက်ရရှိပါတယ်။ နှောနတ်နန်း-သစ်ယာအိုက် Rural main Cannel တူးမြောင်းလမ်းဟာ အရှည် ၁၄ မိုင်ရှိ မြေသားလမ်းဖြစ်ပါတယ်။ ကျောက်ချောလမ်းခင်းမယ်ဆိုရင် ငွေကျပ် ၈၇၉.၃၄ သန်း ကုန်ကျမည်ဖြစ်ပါကြောင်း တွက်ချက်ရရှိပါတယ်။ ကျေးရွာ ၁၇ ရွာ၊ အိမ်ခြေ ၂၈၅၁ အိမ်နှင့် လူဦးရေ ၁၅၀၀၀ ကျော်အတွက် အကျိုးပြုမယ့်လမ်းလည်း ဖြစ်ပါတယ်။

ဒီပဲယင်းမြို့နယ်အတွင်းမှာ ကျေးလက်ဒေသဖွံ့ဖြိုးတိုးတက်ရေးဦးစီးဌာနအနေနဲ့ ယခင်နှစ် ဘဏ္ဍာရေးနှစ်မှာ ခွင့်ပြုငွေ ၃၇၆.၁၁ သန်းနဲ့ ကတ္တရာလမ်း ၁ မိုင် ၄ ဖာလုံ၊ ကျောက်ချောလမ်း ၂ မိုင်၊ ကွန်ကရစ်တံတားနှစ်စင်းတို့ကို ဆောင်ရွက်ပေးခဲ့ပါတယ်။ ယခု ၂၀၁၇-၂၀၁၈ ဘဏ္ဍာရေးနှစ်မှာတော့ ရွှေဒါးကန်-မူးဘောင်မ-အုန်းတပင် ကတ္တရာလမ်း ၁ မိုင် လျာထားခွင့်ပြုချက်ရရှိပြီးတော့ သက်ဆိုင်ရာ တိုင်းဒေသကြီးအစိုးရအဖွဲ့ကတော့ ဒီလုပ်ငန်းအတွက် တင်ဒါခေါ်ယူဆောင်ရွက်လျက်ရှိကြောင်း တင်ပြအပ်ပါတယ်။ ယခု လွှတ်တော်ကိုယ်စားလှယ်ကြီးမေးမြန်းတဲ့ စစ်ကိုင်းတိုင်းဒေသကြီး၊ ဒီပဲယင်း မြို့နယ်မှာရှိတဲ့ စိုင်ပြင်-နှောနတ်နန်းလမ်း ၁၃ မိုင်အပြင် ခရိုင်ချင်းဆက်လမ်းအထိ လမ်းပိုင်းဟာ ကျေးလက်ဒေသဖွံ့ဖြိုးရေးဦးစီးဌာနမှ စီမံခန့်ခွဲသောလမ်းဖြစ်ပါတယ်။ အခြားဝန်ကြီးဌာနပိုင် သို့မဟုတ် အခြားအဖွဲ့အစည်းပိုင်လမ်းကို ဆောက်လုပ်ရေးဝန်ကြီးဌာနကို လွှဲပြောင်းအကောင်အထည် ဖော်ဆောင်ရွက်မယ်ဆိုလို့ရှိရင် ပထမဦးစွာ သက်ဆိုင်ရာတိုင်းဒေသကြီးအစိုးရအဖွဲ့ကနေ ပြည်ထောင်စုအစိုးရအဖွဲ့သို့ လမ်းလွှဲအပ်လိုကြောင်း အဆိုပြုတင်ပြရမှုရှိပါတယ်။ ပြည်ထောင်စု အစိုးရအဖွဲ့မှ သဘောထားမှတ်ချက်တောင်းခံလာတဲ့အချိန်မှာ အဆိုပါလမ်းကို ဝန်ကြီးဌာနရဲ့ မူဝါဒနှင့်ကိုက်ညီမှုရှိ/မရှိစိစစ်ပြီး ကိုက်ညီမှုရှိပါက လွှဲပြောင်းလက်ခံဆောင်ရွက်နိုင်ဖို့အတွက် စီမံဆောင်ရွက်ရပါတယ်။ ဆောက်လုပ်ရေးဝန်ကြီးဌာနပိုင်လမ်းအဖြစ် လွှဲပြောင်းလက်ခံဆောင်ရွက် မယ်ဆိုရင် လမ်းအဆင့်မြှင့်တင်ခြင်းလုပ်ငန်းကို ဆောင်ရွက်ပေးနိုင်မည်ဖြစ်ပါကြောင်းကိုလည်းပဲ ဆောက်လုပ်ရေးဝန်ကြီးဌာနမှ ဖြေကြားထားမှုရှိပါတယ်။

သို့ဖြစ်တဲ့အတွက် ပြည်သူ့လွှတ်တော်ကိုယ်စားလှယ်ကြီး မေးမြန်းတဲ့ ဒီပဲယင်းမြို့နယ်၊ ကျေးလက်လမ်းနှစ်လမ်းတို့ဟာ စိုက်ပျိုးရေး၊ မွေးမြူရေးနှင့် ဆည်မြောင်းဝန်ကြီးဌာန၊ ကျေးလက် ဒေသဖွံ့ဖြိုးတိုးတက်ရေးဦးစီးဌာနအနေနဲ့ ယခင်နှစ် ဘတ်ဂျက်မှာ ပါဝင်ခြင်းမရှိသော်လည်းပဲ မြို့နယ် အတွင်း အခြားကျေးလက်ဒေသဖွံ့ဖြိုးရေးလုပ်ငန်းတွေဖြစ်တဲ့ ကတ္တရာလမ်း ၁ မိုင် ၄ ဖာလုံ၊

ကျောက်ချောလမ်း ၂ မိုင်၊ ကွန်ကရစ်တံတားနှစ်စင်းတို့ကို ဆောင်ရွက်ပေးခဲ့ပြီးဖြစ်ပါတယ်။ ယခု ၂၀၁၇-၂၀၁၈ ဘဏ္ဍာရေးနှစ်မှာ ရွှေဒါးကန်-မူးဘောင်မ-အုန်းတပင်လမ်း တတ္တရာခင်းခြင်း ၁ မိုင် အတွက် ငွေကျပ် ၁၇၄.၃၉ သန်းဖြင့်လည်းကောင်း၊ ဆည်ကြီးတော၊ အောင်သာယာကျေးရွာနှစ်ရွာမှာ ကျေးလက်ရေပေးရေးလုပ်ငန်း တွင်းနက်နှစ်တွင်း တူးဖော်ခြင်းအတွက် ငွေကျပ် ၃၇ သန်းဖြင့် လည်းကောင်း၊ ကျေးလက်မီးလင်းရေးလုပ်ငန်းအတွက် အင်ကြင်းသပိုးကျေးရွာအတွက် ငွေကျပ် ၄၃.၈၄ သန်း၊ အောင်စီမြေကျေးရွာအတွက် ငွေကျပ် ၃၇.၂၇ သန်း စုစုပေါင်း ငွေကျပ် ၈၀.၈၆၅ သန်းဖြင့်လည်းကောင်း ဆောင်ရွက်ပေးထားပြီးဖြစ်ပါတယ်။ ဆောင်ရွက်လျက်လည်းရှိပါတယ်။ ဒါကြောင့်မို့လို့ ယခု တင်ပြပါလမ်းနှင့်စပ်လျဉ်းပြီး နှစ်အလိုက် တိုင်းဒေသကြီးရဲ့ ဦးစားပေးလျာထား ချက်အပေါ်မူတည်ပြီး ကျေးလက်ဒေသဖွံ့ဖြိုးရေးအတွက် ဆက်လက်စီမံဆောင်ရွက်ပေးသွားမည် ဖြစ်ပါကြောင်း ပြန်လည်ရှင်းလင်းဖြေကြားအပ်ပါတယ်။ ကျေးဇူးတင်ပါတယ်။

**ဒက္ခိဏသီရိမြို့နယ်တွင် ကိုင်းပလွေးသစ်တောကြိုးဝိုင်း၊ စိန်တလုံးသရက်ဇုန်စီမံကိန်းအတွက် သိမ်းဆည်းခံမြေများနှင့်ပတ်သက်၍ လုပ်ကိုင်ခွင့်ရ သိမ်းယူခဲ့သည့် ပုဂ္ဂလိကနှင့်ကုမ္ပဏီအဖွဲ့အစည်း များညှိနှိုင်းကာ ဥပဒေ၊ နည်းဥပဒေများနှင့်အညီ ဖြေရှင်းဆောင်ရွက်ပေးရန်၊ အဆိုပါစီမံကိန်းသည် ဒေသအတွက် အကျိုးပြု၊ မပြုနှင့်ဒေသခံများ အလုပ်အကိုင်အခွင့်အလမ်းရ/မရတို့ကို စိစစ်၍ လိုအပ်သော အရေးယူဆောင်ရွက်မှုများ ဖြေရှင်းဆောင်ရွက်ပေးရန်နှင့် ဆောင်ရွက်ရန်ကျန်ရှိသော ဧရိယာရှိမြေများနှင့် သိမ်းဆည်းမခံခဲ့ရသော လယ်ယာမြေများအား ဒေသခံတောင်သူများကို တရားဝင် လယ်ယာမြေလုပ်ပိုင်ခွင့် သို့မဟုတ် သစ်တောဦးစီးဌာနနှင့် အကျိုးတူလုပ်ပိုင်ခွင့်ပြုရန် အစီအစဉ် ရှိ/မရှိတို့နှင့်စပ်လျဉ်းသည့်မေးခွန်း**

**ဥက္ကဋ္ဌ**။ ။ ဒက္ခိဏသီရိမဲဆန္ဒနယ်မှ ဦးသန့်ဇင်ထွန်း မေးမြန်းဖို့ဖြစ်ပါတယ်။

**ဦးသန့်ဇင်ထွန်း(ဒက္ခိဏသီရိမဲဆန္ဒနယ်)**။ ။ လေးစားအပ်ပါသော ပြည်သူ့လွှတ်တော် ဥက္ကဋ္ဌကြီး၊ ပြည်ထောင်စုအဆင့်အဖွဲ့အစည်းဝင်များနှင့် ဧည့်သည်တော်များအားလုံး မင်္ဂလာပါ။ ကျွန်တော်ကတော့ မန္တလေးတိုင်းဒေသကြီး၊ ဒက္ခိဏသီရိမဲဆန္ဒနယ်က ပြည်သူ့လွှတ်တော်ကိုယ်စား လှယ် ဦးသန့်ဇင်ထွန်းဖြစ်ပါတယ်။ လေးစားအပ်ပါသော လွှတ်တော်ဥက္ကဋ္ဌကြီးခင်ဗျား။ နေပြည်တော်၊ ဒက္ခိဏသီရိမြို့နယ်မှာ ကိုင်းပလွေးသစ်တောကြိုးဝိုင်း၊ ကွင်းအမှတ်(၁၊ ၂၊ ၃၊ ၈၊ ၉ နှင့် ၁၉) တို့ကို ဖျက်သိမ်းပြီးတော့ စိန်တလုံးသရက်ဇုန်စီမံကိန်းကို ပြီးခဲ့တဲ့အစိုးရက ၂၀၁၁ ခုနှစ်မှာ အကောင်

အထည်ဖော်ခဲ့ပါတယ်။ ယခင်ဗဟိုအဖွဲ့အစည်းရဲ့ လုပ်ကိုင်ခွင့်ပြုခြင်းဖြင့်လည်းကောင်း၊ လယ်ယာစိုက်ပျိုးရေးနှင့်ဆည်မြောင်းဝန်ကြီးဌာန၊ ပြည်ထောင်စုဝန်ကြီးရဲ့ ကြိုတင်ခွင့်ပြုခြင်းဖြင့်လည်းကောင်း၊ ရွှေဂဲရင်းကျေးရွာအုပ်စု ကွင်းအမှတ် (OSS- ၂၀၈၁၊ ၂၀၈၂၊ ၂၀၈၃၊ ၂၀၈၄၊ ၂၀၈၅၊ ၂၀၈၆၊ ၂၀၈၇၊ ၂၀၈၈ နှင့် ၂၀၈၉) များအဖြစ်သတ်မှတ်ကာ ပုဂ္ဂလိကနှင့်ကုမ္ပဏီအဖွဲ့အစည်း ၆၉ ဦးအား လုပ်ကိုင်ခွင့်ပြုခဲ့ကြောင်း သိရှိရပါတယ်။ လုပ်ကိုင်ခွင့်ပြုခဲ့တဲ့ ဧရိယာစုစုပေါင်းမှာ ၄၇၇၂.၀၀ ဧက ဖြစ်ပါတယ်။ ခွင့်ပြုတဲ့လုပ်ငန်းအမျိုးအစားများမှာ ဟင်းသီးဟင်းရွက်၊ သရက်၊ မွေးမြူရေးနှင့် ကျွန်းစသည်တို့ ပါဝင်ပါတယ်။ ၂၀၁၁ ခုနှစ် စိန်တလုံးသရက်ဇုန်စီမံကိန်း အကောင်အထည်မဖောင်ခင်အချိန်က အဆိုပါမြေများပေါ်မှာ ဒေသခံတောင်သူများလုပ်ကိုင်နေတဲ့ လယ်ယာမြေများရှိခဲ့ပါတယ်။ ဒေသခံတောင်သူများဟာ အဓိကအားဖြင့် ကြံစိုက်ပျိုးကြပြီးတော့ ၂၀၀၅ ခုနှစ်အထိ မြန်မာ့ကြံလုပ်ငန်းသို့ နှစ်စဉ်တင်သွင်းခဲ့ရပါတယ်။ လုပ်ကိုင်ခွင့်ရပုဂ္ဂလိကနှင့်ကုမ္ပဏီအဖွဲ့အစည်းများအနက် အချို့ဟာ မူလလုပ်ကိုင်နေသူ ဒေသခံတောင်သူများအား ထိုက်သင့်သောနစ်နာကြေးနှင့် ထောက်ပံ့ကြေးများ ပေးခြင်း၊ အချို့ဟာ နစ်နာကြေးနှင့်ထောက်ပံ့ကြေးပေးမှုမရှိခြင်းနဲ့ အချို့ဟာ နစ်နာကြေး၊ ထောက်ပံ့ကြေးပေးမှုမရှိတဲ့အပြင် တရားစွဲဆိုထောင်ကျစေခြင်းများ ဆောင်ရွက်ခဲ့ကြပါတယ်။ အဆိုပါ စီမံကိန်းကြောင့် ဒေသခံတောင်သူများလုပ်ကိုင်စားသောက်နေသော လယ်ယာမြေအမြောက်အမြား သိမ်းဆည်းခံရခြင်းကြောင့် ကျေးလက်နေဒေသခံပြည်သူတို့ရဲ့ လူမှုဘဝများကို များစွာဆင်းရဲဒုက္ခရောက်စေခဲ့ပါတယ်။ ၂၀၁၆ ခုနှစ် စက်တင်ဘာလအထိ လုပ်ကိုင်ခွင့်ရကုမ္ပဏီနှင့် ပုဂ္ဂလိကတို့၏ စီမံကိန်းအကောင်အထည်ဖော်မှုမှာ ၃၀၂၃.၉၁ ဧကဖြစ်ပြီးတော့ ဆောင်ရွက်ရန်ကျန်ရှိတဲ့ ဧရိယာမှာ ၁၇၄၈.၈၉ ဧကဖြစ်ကြောင်း သိရှိရပါတယ်။ အဆိုပါစာရင်းဇယားရှိ အကောင်အထည်ဖော်ပြီးစီးမှုဧရိယာမှာ လက်ရှိမြေပြင်မှာ ဖော်ပြပါထက်လျော့နည်းနိုင်ကြောင်းလည်း သိရှိရပါတယ်။ ဖော်ပြပါ စိန်တလုံးသရက်ဇုန်စီမံကိန်းနှင့်ပတ်သက်ပြီး လူမှုဘဝများ များစွာဆင်းရဲဒုက္ခကိုကြုံတွေ့နေရတဲ့ ဒေသခံပြည်သူများကိုယ်စား လွှတ်တော်ဥက္ကဋ္ဌကြီးမှတစ်ဆင့် အောက်ပါမေးခွန်းများကို မေးမြန်းအပ်ပါတယ်။ (က) သိမ်းဆည်းခံမြေများနှင့်ပတ်သက်၍ သက်ဆိုင်ရာတာဝန်ရှိအဖွဲ့အစည်းအနေဖြင့် အကျိုးသက်ဆိုင်သူ မူလလုပ်ကိုင်ခဲ့သည့်တောင်သူများ နစ်နာမှုမရှိစေရေးအတွက် လုပ်ကိုင်ခွင့်ရသိမ်းယူခဲ့သည့် ပုဂ္ဂလိကနှင့် ကုမ္ပဏီအဖွဲ့အစည်းများနှင့်ညှိနှိုင်းကာ ဥပဒေ၊ နည်းဥပဒေများနှင့်အညီ ဖြေရှင်းဆောင်ရွက်ပေးရန် အစီအစဉ်ရှိ/မရှိ။ (ခ) အဆိုပါစီမံကိန်းဟာ ဒေသအတွက် အကျိုးပြု၊ မပြုနှင့် ဒေသခံများအလုပ်အကိုင်အခွင့်အလမ်းရ/မရတို့ကို စိစစ်၍လိုအပ်သော အရေးယူဆောင်ရွက်မှု

များဖြေရှင်းဆောင်ရွက်ပေးရန် အစီအစဉ်ရှိ/မရှိ။ (ဂ)ဆောင်ရွက်ရန်ကျန်ရှိသော ဧရိယာရှိမြေများနှင့် သိမ်းဆည်းမခံခဲ့ရ၍ ယနေ့တိုင်ဒေသခံတောင်သူများ စိုက်ပျိုးလုပ်ကိုင်နေသော လယ်ယာမြေများအား ဒေသခံတောင်သူများကို တရားဝင်လယ်ယာမြေလုပ်ကိုင်ခွင့် သို့မဟုတ် သစ်တောဦးစီးဌာနနှင့် အကျိုးတူလုပ်ကိုင်ခွင့်ပြုရန် အစီအစဉ်ရှိ/မရှိစသည်တို့ကို မေးမြန်းအပ်ပါတယ်။ ကျေးဇူးတင်ပါတယ်။

**ဥက္ကဋ္ဌ**။ ။ စိုက်ပျိုးရေး၊ မွေးမြူရေးနှင့်ဆည်မြောင်းဝန်ကြီးဌာနက ဖြေကြားရန်ဖြစ်ပါတယ်။

**ဖြေကြားချက်**

**ဦးလှကျော်(ဒုတိယဝန်ကြီး၊ စိုက်ပျိုးရေး၊ မွေးမြူရေးနှင့်ဆည်မြောင်းဝန်ကြီးဌာန)**။ ။ လေးစားအပ်ပါသော ပြည်သူ့လွှတ်တော်ဥက္ကဋ္ဌကြီးနှင့် လွှတ်တော်ကိုယ်စားလှယ်များခင်ဗျား။ နေပြည်တော်ကောင်စီနယ်မြေ၊ ဒက္ခိဏသီရိမဲဆန္ဒနယ်၊ ပြည်သူ့လွှတ်တော်ကိုယ်စားလှယ် ဦးသန့်ဇင်ထွန်းရဲ့ မေးခွန်းနှင့်စပ်လျဉ်းပြီး ပြန်လည်ရှင်းလင်းဖြေကြားပေးမှာ ဖြစ်ပါတယ်။ ပြည်ထောင်စုနယ်မြေ နေပြည်တော် ဒက္ခိဏသီရိမြို့နယ်နှင့် ဥတ္တရသီရိမြို့နယ်တွေမှာ ၂၀၁၁ ခုနှစ်က စပြီး စိန်တလုံးသရက်သီးဇုန်စီမံကိန်းကို အကောင်အထည်ဖော်ဆောင်ရွက်ခဲ့ပါတယ်။ ဒက္ခိဏသီရိမြို့နယ်မှာ ကိုင်းပလွေးသစ်တောကြိုးဝိုင်းဧရိယာကနေ အကွက်အမှတ်(၂)နှင့် (၃)ကို သစ်တောဧရိယာအဖြစ်မှ ပယ်ဖျက်၍လည်းကောင်း၊ ဥတ္တရသီရိမြို့နယ်မှာ ကိုင်းသစ်တောကြိုးဝိုင်းမှ အကွက်အမှတ်(၄၊ ၅၊ ၆၊ ၇၊ ၈၊ ၉၊ ၁၄၊ ၁၈ နှင့် ၂၀) တို့ကို သစ်တောဧရိယာအဖြစ်မှ ပယ်ဖျက်၍လည်းကောင်း အကောင်အထည်ဖော်ဆောင်ရွက်ခဲ့ပြီး ဖြစ်ပါတယ်။

နေပြည်တော်၊ စိန်တလုံးသရက်သီးဇုန်ဧရိယာအတွင်း လုပ်ပိုင်ခွင့်ချထားမှုနှင့် အကောင်အထည်ဖော်နိုင်မှုကို စိစစ်တွေ့ရှိတဲ့အနေအထားမှာ ဒက္ခိဏသီရိမြို့နယ်မှာရှိတဲ့ စိန်တလုံးသရက်သီးဇုန်ဧရိယာအတွင်းမှာ စိုက်ပျိုးရေးလုပ်ငန်းများအတွက် မြေလွတ်၊ မြေလပ်နှင့် မြေရိုင်းများစီမံခန့်ခွဲရေးဗဟိုအဖွဲ့ကနေ ပုဂ္ဂလိက/ကုမ္ပဏီလေးခုကနေ ဧရိယာ ၃၇၇.၁၉ ဧက ထိုစဉ်က လယ်ယာစိုက်ပျိုးရေးနှင့်ဆည်မြောင်းဝန်ကြီးဌာနမှ ကြိုတင်ခွင့်ပြုပုဂ္ဂလိကတောင်သူ ၄၄ ဦး ဧရိယာ ၁၆၆၂.၉၂ ဧက၊ မြေလွတ်၊ မြေလပ်နှင့် မြေရိုင်းများစီမံခန့်ခွဲရေးဗဟိုကော်မတီက ပုဂ္ဂလိကတောင်သူ ၂၂ ဦး ဧရိယာ ၇၈၂.၇၉ ဧက စုစုပေါင်းပုဂ္ဂလိက/ကုမ္ပဏီ ၇၀ ကို ဧရိယာ ၂၈၂၂.၉၀ ဧက အသီးသီးလုပ်ပိုင်ခွင့်ပြုခဲ့ကြောင်း စိစစ်သိရှိရပါတယ်။ ယင်းအနက်ဧရိယာ ၁၇၉၁.၉၁ ဧက ဖော်ထုတ်ဆောင်ရွက်ခဲ့တဲ့အတွက် ဧရိယာ ၁၀၃၀.၉၉ ဧက ဖော်ထုတ်လုပ်ကိုင်ဆောင်ရွက်ဖို့ ကျန်ရှိနေကြောင်းလည်းပဲ စိစစ်

သိရှိရပါတယ်။ မွေးမြူရေးလုပ်ငန်းအတွက် ကုမ္ပဏီတစ်ခုကို ၂၄.၉၀ ဧက လုပ်ကိုင်ခွင့်ပြုခဲ့ရာမှာ ယင်းကုမ္ပဏီအနေနဲ့လည်း ဖော်ထုတ်လုပ်ကိုင်မှုမရှိသေးကြောင်း သိရှိရပါတယ်။

တစ်ဖက်မှာ ဥတ္တရသီရိမြို့နယ်မှာရှိတဲ့ စိန်တလုံးသရက်ဇုန်(၁) ဧရိယာအတွင်းမှာ စိုက်ပျိုးရေးလုပ်ငန်းအတွက် မြေလွတ်၊ မြေလပ်နှင့် မြေရိုင်းများစီမံခန့်ခွဲရေးဗဟိုအဖွဲ့က ပုဂ္ဂလိကတောင်သူပေါင်း ၇ ဦး၊ ဧရိယာ ၃၁၀ ဧက၊ လယ်ယာစိုက်ပျိုးရေးနှင့်ဆည်မြောင်းဝန်ကြီးဌာနမှ ကြိုတင်လုပ်ကိုင်ခွင့်ပြုတဲ့ ပုဂ္ဂလိကတောင်သူပေါင်း ၃၉ ဦး၊ ဧရိယာ ၁၇၃၆.၁၄ ဧက၊ မြေလွတ်၊ မြေလပ်နှင့်မြေရိုင်းများစီမံခန့်ခွဲရေးဗဟိုကော်မတီမှ ပုဂ္ဂလိကတောင်သူပေါင်း ၄၅ ဦး၊ ဧရိယာ ၂၀၅၅.၈၁ ဧက စုစုပေါင်းပုဂ္ဂလိကတောင်သူ ၉၁ ဦးအတွက် ဧရိယာပေါင်း ၄၀၁၁.၀၀ ဧက လုပ်ပိုင်ခွင့်ပြုခဲ့ရာမှာ ၂၀၁၆ ခုနှစ်၊ အောက်တိုဘာ ၂၀ ရက်နေ့အထိ ဧရိယာပေါင်း ၃၃၂၉.၅၉ ဧက ဖော်ထုတ်ဆောင်ရွက်နိုင်ခဲ့တဲ့အတွက် ဧရိယာ ၇၇၂.၂၆ ဧက ဆောင်ရွက်လုပ်ကိုင်ရန် ကျန်ရှိကြောင်း သိရှိရပါတယ်။

ဒက္ခိဏသီရိမြို့နယ်နှင့် ဥတ္တရသီရိမြို့နယ်(၂)ခုပေါင်းကို စိစစ်ကြည့်မယ်ဆိုရင် စိုက်ပျိုးရေးလုပ်ငန်းအတွက် စုစုပေါင်းဧရိယာ ၆၉၂၄.၇၂ ဧက၊ လုပ်ကိုင်ခွင့်ပြုခဲ့ပြီးတော့ ဧရိယာ ၅၁၂၁.၅၀ ဧက ဖော်ထုတ်ဆောင်ရွက်နိုင်ခဲ့တဲ့အတွက် ဧရိယာ ၁၈၀၀ ကျော် ဖော်ထုတ်ရန်ကျန်ရှိပါကြောင်းနှင့် မွေးမြူရေးလုပ်ငန်းအတွက် ကုမ္ပဏီတစ်ခုကို ချထားပေးတဲ့ဧရိယာ ၂၄.၉၀ ဧကဟာ ဖော်ထုတ်ဆောင်ရွက်နိုင်ခြင်းမရှိကြောင်း စိစစ်သိရှိတင်ပြအပ်ပါတယ်။

စိန်တလုံးသရက်ဟာ ပြည်တွင်းမှာတွင်ကျယ်စွာ စားသုံးပြီး ပြည်ပတင်ပို့မှုအနေနဲ့ လက်ရှိအခြေအနေမှာ စင်္ကာပူနိုင်ငံကို အဓိကထားတင်ပို့လျက်ရှိပါတယ်။ နိုင်ငံတကာဈေးကွက်ကို ထိုးဖောက်ပြီး ပို့ကုန်အမယ်သစ်အတွက် ရရှိရေးကို ဆောင်ရွက်တဲ့နေရာမှာ ပုဂ္ဂလိကလုပ်ငန်းရှင်များ၊ စီးပွားရေးအဖွဲ့အစည်းများနှင့် သက်ဆိုင်ရာဌာနတို့က ပူးပေါင်းဆောင်ရွက်လျက်ရှိပါတယ်။ ဒါ့အပြင် စိန်တလုံးသရက်ရဲ့ မူရင်းဒေသဟာ မြန်မာနိုင်ငံဖြစ်တဲ့အတွက် မှတ်တမ်းတင်ထားရှိနိုင်ရေးအတွက်ကိုလည်း စီမံဆောင်ရွက်လျက်ရှိပါတယ်။ စိန်တလုံးသရက်ဇုန် ဖွံ့ဖြိုးတိုးတက်အောင်မြင်လာတာနှင့် အမျှ ယင်းနှင့်ဆက်စပ်လျက်ရှိတဲ့ လယ်ယာအခြေခံစက်မှုလုပ်ငန်းများဟာလည်းပဲ ဖွံ့ဖြိုးတိုးတက်လာမှာဖြစ်တဲ့အတွက် ဒေသခံများအတွက် အလုပ်အကိုင်အခွင့်အလမ်းများလည်း ဖန်တီးပေးနိုင်မှာ ဖြစ်ပါတယ်။

**မူကြမ်း**

နေပြည်တော် စိန်တလုံးသရက်ဖုန်အတွက် မြေနေရာစတင်ရှာစဉ်ကပင် သက်ဆိုင်ရာဌာန အသီးသီးမှ တာဝန်ရှိသူတွေကိုလည်း မြေပြင်ကို ကွင်းဆင်းလေ့လာစိစစ်ပြီး သစ်တောဧရိယာအတွင်း စိုက်ပျိုးလုပ်ကိုင်လျက်ရှိတဲ့ လက်ငုတ်ဧရိယာတွေကို စိစစ်တွေ့ရှိပါက ယင်းဧရိယာတွေကို ချန်လှပ်ပြီး သစ်တောဧရိယာများကိုသာ စိန်တလုံးသရက်ဖုန်စီမံကိန်းဆောင်ရွက်ဖို့ သစ်တောမြေအဖြစ်မှ ပယ်ဖျက်နိုင်ရေး စိစစ်ဆောင်ရွက်ခဲ့ခြင်းဖြစ်ပါတယ်။ နေပြည်တော် စိန်တလုံးသရက်ဖုန်ဟာ လက်ငုတ် စိုက်ပျိုးမှုမရှိတဲ့ သစ်တောဧရိယာအတွင်း ကျူး၍စိုက်ပျိုးထားမှုများနှင့်လွတ်ကင်းမှုရှိတဲ့ မြေဧရိယာ များဖြစ်ကြောင်း တင်ပြအပ်ပါတယ်။

ယင်းဧရိယာများနှင့်ဆက်စပ်တည်ရှိနေတဲ့ သစ်တောဧရိယာများအတွင်းမှာရှိတဲ့ စိုက်ပျိုး မြေများအတွက် သစ်တောဦးစီးဌာနနှင့်အကျိုးတူ စိုက်ပျိုးလုပ်ကိုင်လိုပါက သက်ဆိုင်ရာဌာနကို လုပ်ထုံးလုပ်နည်းများနှင့်အညီ တင်ပြဆောင်ရွက်သွားရန်ဖြစ်ပါကြောင်းကိုလည်းပဲ တင်ပြအပ်ပါတယ်။ အတည်ပြုပြဋ္ဌာန်းခဲ့ပြီးတဲ့ ၂၀၁၂ ခုနှစ်၊ မြေလွတ်၊ မြေလပ်နှင့် မြေရိုင်းများစီမံခန့်ခွဲရေးဥပဒေမှာ မြေလွတ်၊ မြေလပ်နှင့်မြေရိုင်းများ အမှန်တကယ်ရင်းနှီးမြှုပ်နှံဖော်ထုတ်စိုက်ပျိုး လုပ်ကိုင်အသုံးပြု ကြမည့် ပုဂ္ဂလိကလုပ်ငန်းရှင်ကုမ္ပဏီများသာမက ကျေးလက်ဒေသနေတောင်သူလယ်သမားများနှင့် မိသားစုများ တစ်နိုင်တစ်ပိုင် စိုက်ပျိုးနိုင်ရေးအတွက်ကိုလည်းပဲ ခွင့်ပြုပေးနိုင်ဖို့ အဘက်ဘက်မှ အသေးစိတ်ထည့်သွင်းပြဋ္ဌာန်းဆောင်ရွက်ထားပြီး ဖြစ်တဲ့အလျှောက် ပုဒ်မ ၂၂ မှာ ဤဥပဒေ မပြဋ္ဌာန်း မီ မြေလွတ်၊ မြေလပ်နှင့်မြေရိုင်းများစီမံခန့်ခွဲရေးဗဟိုအဖွဲ့ရဲ့ ခွင့်ပြုမိန့်အရ လုပ်ပိုင်ခွင့်၊ အသုံးပြုခွင့် ရရှိသူများနှင့်ပတ်သက်ပြီး ပုဒ်မခွဲ(ဂ)မှာ မူလခွင့်ပြုကာလထက်ကျော်လွန်သည်အထိ ဖော်ထုတ် လုပ်ကိုင် အသုံးပြုခြင်းမရှိသေးတဲ့ မြေလွတ်၊ မြေလပ်နှင့် မြေရိုင်းတွေကို နိုင်ငံတော်က ပြန်လည် သိမ်းယူပြီးဖြစ်သည်ဟု မှတ်ယူရမည်။ ပုဒ်မခွဲ(ဃ)မှာ မူလခွင့်ပြုကာလအတိုင်း သတ်မှတ်ထားတဲ့ စည်းကမ်းချက်များနှင့်အညီ လုပ်ငန်းဆောင်ရွက်ရန် ပျက်ကွက်ကြောင်း သို့မဟုတ် စည်းကမ်းချက်ကို ချိုးဖောက်ကြောင်း တွေ့ရှိပါက အာမခံကြေးကို နိုင်ငံတော်ဘဏ္ဍာငွေအဖြစ် သိမ်းဆည်းခံရမည့်အပြင် မြေလွတ်၊ မြေလပ်နှင့်မြေရိုင်းများ လုပ်ပိုင်ခွင့်၊ အသုံးပြုခွင့်ကို ပြန်လည်ရုပ်သိမ်းခြင်းခံရမည်ဟု ပြဋ္ဌာန်းထားရှိပြီး ဖြစ်ပါတယ်။

လက်ရှိစိုက်ပျိုးလုပ်ကိုင်နေတဲ့ ဒေသခံတောင်သူလယ်သမားများနှင့်ပတ်သက်ပြီး ၂၀၁၂ ခုနှစ်၊ မြေလွတ်၊ မြေလပ်နှင့် မြေရိုင်းများစီမံခန့်ခွဲရေးဥပဒေပုဒ်မ ၂၅ ပုဒ်မခွဲ(ခ)မှာ မြေလွတ်၊ မြေလပ်နှင့် မြေရိုင်းများ လုပ်ပိုင်ခွင့်၊ အသုံးပြုခွင့်ချထားပေးတဲ့ မြေဧရိယာအပေါ်မှာ ယခင်ကတည်းက လက်ရှိ

စိုက်ပျိုးလုပ်ကိုင်နေတဲ့ ဒေသခံတောင်သူလယ်သမားတွေရဲ့ စိုက်ပျိုးမြေများ ပါဝင်နေလို့ရှိရင် တရားဝင်လုပ်ကိုင်ခွင့်ရရှိထားခြင်းမရှိသည့်တိုင် နစ်နာမှုမရှိစေဖို့အတွက် ယင်းတို့ရဲ့ဆန္ဒအပေါ် ညှိနှိုင်းဆောင်ရွက်ပေးရမည်။ ပုဒ်မခွဲ(ဂ)မှာ မြေလွတ်၊ မြေလပ်နှင့် မြေရိုင်းများ လုပ်ပိုင်ခွင့်၊ အသုံးပြုခွင့်ချထားပေးတဲ့ မြေဧရိယာအပေါ်မှာ ယခင်ကတည်းက လုပ်ကိုင်ခွင့်ရရှိထားပြီးသော တောင်သူလယ်သမားများရှိပါက ယင်းတို့နှစ်ဦးနှစ်ဖက် သဘောတူညီချက်ဖြင့် ဥပဒေနှင့်အညီ ဆက်လက်ဆောင်ရွက်စေရမည်ဟုလည်း ပြဋ္ဌာန်းထားပြီးဖြစ်ပါတယ်။

၂၀၁၇ ခုနှစ်၊ ဇွန်လ ၂ ရက်နေ့မှာ ကျင်းပပြုလုပ်တဲ့ မြေလွတ်၊ မြေလပ်နှင့်မြေရိုင်းများ စီမံခန့်ခွဲရေးဗဟိုကော်မတီရဲ့ ဆဋ္ဌမအကြိမ် လုပ်ငန်းညှိနှိုင်းအစည်းအဝေးမှာ စိုက်ပျိုးလုပ်ကိုင်ခွင့်ပြုပြီး၊ သတ်မှတ်ကာလ လေးနှစ်ပြည့်မြောက်ပြီးသည်အထိ စိုက်ပျိုးလုပ်ကိုင်မှုမရှိတဲ့ဧရိယာတွေကို ဥပဒေနှင့်အညီ ပြန်လည်ရုပ်သိမ်းနိုင်ဖို့အတွက် ဆုံးဖြတ်ချက်ချထားပြီးလည်းဖြစ်ပါတယ်။ လုပ်ပိုင်ခွင့်ပြန်လည်ရုပ်သိမ်းရေးလုပ်ငန်းကိုလည်း စနစ်တကျဆောင်ရွက်သွားနိုင်ဖို့အတွက် မြေပြင်မှာ အမှန်တကယ် ဖော်ထုတ်လုပ်ကိုင်ထားတဲ့ မြေများအတွက် စနစ်တကျတိုင်းတာပြီး လုပ်ပိုင်ခွင့်ပြုလက်မှတ်များ ပြင်ဆင်ထုတ်ပေးရေးတို့အတွက်လည်းပဲ ဗဟိုကော်မတီမှ နေပြည်တော်နှင့် တိုင်းဒေသကြီး၊ ပြည်နယ်များမှာရှိတဲ့ မြေလွတ်၊ မြေလပ်နှင့် မြေရိုင်းများစီမံခန့်ခွဲရေးလုပ်ငန်းအဖွဲ့များသို့ အကြောင်းကြားဆောင်ရွက်ထားရှိပြီးဖြစ်ပါကြောင်း လွှတ်တော်ကိုယ်စားလှယ်ကြီးရဲ့ မေးခွန်းအား ပြန်လည်ရှင်းလင်းဖြေကြားအပ်ပါတယ်။ ကျေးဇူးတင်ပါတယ်။

**ဥက္ကဋ္ဌ**။ ။ မိုက်ပေးပါ။

**ဦးသန့်ဇင်ထွန်း(ဒက္ခိဏသီရိမဲဆန္ဒနယ်)**။ ။ အခုလိုရှင်းလင်းဖြေကြားပေးတဲ့အတွက် ဒုတိယဝန်ကြီးကိုကျေးဇူးတင်ပါတယ်။ ဆက်စပ်မေးခွန်းမေးမြန်းခွင့်ပြုပါခင်ဗျား။ ဒီဒေသခံတောင်သူတွေက လယ်ယာမြေနှင့်အခြားမြေများ သိမ်းဆည်းခံရမှုများ ပြန်လည်စိစစ်ရေးဗဟိုကော်မတီကို သိမ်းဆည်းခံမြေများနှင့်ပတ်သက်ပြီး တင်ပြစာများနှင့်ပတ်သက်ပြီး မြို့နယ်လယ်ယာမြေစီမံခန့်ခွဲရေးကော်မတီက စစ်ဆေးမှုတွေရှိနေတယ်။ ဒီမြို့နယ်လယ်ယာ မြေနှင့်အခြားမြေများသိမ်းဆည်းခံရမှုများ ပြန်လည်စိစစ်ရေးဗဟိုကော်မတီကို တင်သော်လည်းပဲ မြို့နယ်လယ်ယာမြေနှင့်အခြားမြေများ သိမ်းဆည်းခံရမှုများ ပြန်လည်စိစစ်ရေးဗဟိုကော်မတီအနေနဲ့ စစ်ဆေးခြင်းမဟုတ်တဲ့အတွက်ကြောင့် ကျွန်တော်တို့ လွှတ်တော်ကိုယ်စားလှယ်တွေနဲ့ တောင်သူကိုယ်စားလှယ်တွေက ပါဝင်စစ်ဆေးခွင့်

မရဘူး။ ပါဝင်လေ့လာခွင့်မရဘူးဖြစ်နေတယ်။ ကျွန်တော်တို့ သိချင်တဲ့အချက်အလက်တွေ တောင်းတဲ့အခါမှာလည်း မြို့နယ်လယ်ယာမြေစီမံခန့်ခွဲမှုကော်မတီက ကျွန်တော်တို့ကို ပေးလည်းမပေးဘူး။ စာတင်တောင်းလည်းမပေးဘူး။ တိုင်တောင်းလည်းမပေးဘူး။ အဲဒီတော့ တိုင်တဲ့အပေါ်မှာလည်း ဘာမှာဖြေရှင်းပေးမှုမရှိဘူး။ အဲဒီတော့ ဒီဟာတွေအပေါ်မှာ ဒီလုပ်ပိုင်ခွင့်ဧရိယာက အကောင်အထည်ဖော်ပြီးစီးမှုတွေနဲ့ပတ်သက်ပြီးတော့ မှန်မှန်ကန်ကန်ရှိဖို့ရှိ/မရှိရယ်။ နောက်တစ်ခါ မြေလွတ်၊ မြေလပ်နှင့် မြေရိုင်းများစီမံခန့်ခွဲမှုဥပဒေပုဒ်မ ၂၅ ပုဒ်မခွဲ(ခ)မှာ ပြဋ္ဌာန်းထားတဲ့အတိုင်းပဲ ဒီဒေသခံမူလလုပ်ကိုင်ခဲ့တဲ့ တောင်သူတွေအနေနဲ့ နစ်နာမှုမရှိအောင်ညှိနှိုင်းပြီးတော့ ထောက်ပံ့ကြေးတွေပေးနိုင်ဖို့ ညှိနှိုင်းတဲ့အခါမှာ ညှိနှိုင်းခွင့်တွေလည်း ကျွန်တော်တို့က မရတဲ့အခါကျတော့ ဒီလိုဟာတွေ၊ ဒီလိုကိစ္စတွေအပေါ်မှာ လယ်ယာမြေစီမံခန့်ခွဲမှုကော်မတီရဲ့ မြို့နယ်အတွင်းမှာ ဆောင်ရွက်နေတဲ့ကိစ္စတွေအပေါ်မှာ ကျွန်တော် တို့ပြည်သူ့လွှတ်တော်ကိုယ်စားလှယ်တွေ၊ တောင်သူလယ်သမားကိုယ်စားလှယ်တွေ ပါဝင်ဆောင်ရွက်ခွင့်ရရှိအောင် ညွှန်ကြားပေးနိုင်မှုရှိ/မရှိ ပြန်လည်ဖြေကြားပေးစေလိုပါတယ်ခင်ဗျား။ ကျေးဇူးတင်ပါတယ်။

**ဥက္ကဋ္ဌ**။ ။ ပြန်လည်ဖြေကြားပေးပါ။

**ဦးလှကျော်(ဒုတိယဝန်ကြီး၊ စိုက်ပျိုးရေး၊ မွေးမြူရေးနှင့်ဆည်မြောင်းဝန်ကြီးဌာန)**။ ။ လွှတ်တော်ကိုယ်စားလှယ်ကြီး အခုလို ဆက်စပ်မေးခွန်းနှင့်ပတ်သက်ပြီးတော့ ကျေးဇူးတင်ပါတယ်။ ကျွန်တော်တို့ အောက်ခြေမှာ လုပ်ငန်းများအကောင်အထည်ဖော်တဲ့အခါမှာ သက်ဆိုင်ရာအဖွဲ့အစည်းအသီးသီးက ပေါင်းစပ်ညှိနှိုင်းမှုအားကောင်းကောင်းနဲ့ ဆောင်ရွက်နိုင်မှသာလျှင် ကျွန်တော်တို့လုပ်ငန်းတွေအောင်မြင်မယ်ဆိုတာလည်းပဲ ခံယူပါတယ်။ ယခု လွှတ်တော်ကိုယ်စားလှယ်ကြီး တင်ပြချက်နှင့်အညီ ကျွန်တော်တို့ အောင်ခြေမှာရှိတဲ့ သက်ဆိုင်ရာမြို့နယ် လယ်ယာမြေစီမံခန့်ခွဲရေးနဲ့ ဒီအဖွဲ့အစည်းတွေရှိပါတယ်။ ဒီအဖွဲ့အစည်းတွေကိုလည်းပဲ ဆက်လက်ညွှန်ကြားဆောင်ရွက်ပေးသွားမည်ဖြစ်ပါကြောင်း လွှတ်တော်ကိုယ်စားလှယ်ကြီးရဲ့ ဆက်စပ်မေးခွန်းကို ပြန်လည်ဖြေကြားအပ်ပါတယ်။ ကျေးဇူးတင်ပါတယ်။

**ဥက္ကဋ္ဌ**။ ။ လယ်ယာမြေနှင့်အခြားမြေကို သိမ်းဆည်းခံရမှုနှင့်ပတ်သက်ပြီး လယ်ယာမြေနှင့်အခြားမြေများ သိမ်းဆည်းခံရခြင်းမှ ပြန်လည်စိစစ်ရေးဗဟိုကော်မတီဆိုတာ ဖွဲ့စည်းထားတယ်။ အဲဒီ ဗဟိုကော်မတီက ၂၀၁၆ ခုနှစ် မေလမှာ လွှတ်တော်ကိုယ်စားလှယ်တွေပါရမယ်။ လွှတ်တော်

ကိုယ်စားလှယ်တွေပါပြီးတော့ ဒါကိုမှန်မှန်ကန်ကန်တရားမျှမျှတတဖြစ်အောင်။ နောက်တစ်ခါ အသိမ်းခံရမည့် မူလပိုင်ရှင်တွေရဲ့ဆီကိုဥပဒေနှင့်အညီ ပြန်ရောက်အောင် ဖွဲ့စည်းခိုင်းထားတယ်။ ဒါကို ကျွန်တော် ဒီမှာလည်း မကြာခဏ ပြောပါတယ်။ မပါဘူးဆိုရင် အဲဒီညွှန်ကြားချက်ကိုကိုင်ပြီးတော့ ပြီးခဲ့တဲ့လက အဲဒီကော်မတီရဲ့ အစီရင်ခံစာမှာပင်လျှင် ဒုသမ္မတ(၂)ကိုယ်တိုင် ပြောထားတာရှိပါတယ်။ ပြန်ဖတ်ကြည့်။ သတင်းစာထဲမှာ။ လွှတ်တော်ကိုယ်စားလှယ်တွေ အားလုံးပါရမယ်။ အဲဒီတော့ ပါရမယ်ဆိုတဲ့အခါကျတော့ မပါဘူးဆိုရင်ပါအောင်ကိုယ့်ရဲ့ သက်ဆိုင်ရာနယ်မြေတွေမှာ လွှတ်တော်ကိုယ်စားလှယ်ရဲ့ တာဝန်က ဒီလိုကိစ္စမျိုးတွေမှာ ဝင်ရောက်စွက်ဖက်တာမျိုး မဟုတ်ဘဲနဲ့ သက်ဆိုင်ရာ အာဏာပိုင်တွေနဲ့ ပူးပေါင်းဆောင်ရွက်ခွင့်ရှိတယ်ဆိုတာကို ပါပြီးသား။ ပြောရမယ်။ မရဘူးနော်။ ကျွန်တော်အမြဲပြောတယ်။ မရရင် စာတင်ပါ။ ကိုယ်စားလှယ်တွေဘာလို့ ပါခိုင်းသလဲ။ အပွင့်လင်းဆုံး ကျွန်တော်ပြောမယ်။ ကိုယ်စားလှယ်တွေပါခိုင်းတယ်ဆိုတာ ကိုယ်စားလှယ်တွေက မဲဆန္ဒရှင်မိဘပြည်သူတွေက ယုံကြည်အားကိုးလေးစားတန်ဖိုးထားတဲ့ ကိုယ့်ရဲ့ ရွေးကောက်တင်မြှောက်လိုက်တဲ့ ကိုယ်စားလှယ်တွေဖြစ်လို့၊ မှန်မှန်ကန်ကန်ဖြစ်စေချင်လို့ ပါခိုင်းထားတာ။ အဲဒီလို ကိုယ်စားလှယ်တွေ မပါဘဲနဲ့ တင်လာတဲ့။ ပြန်ပေးမယ်။ မပြန်ပေးဘူး။ စွန့်လွှတ်တယ်။ မစွန့်လွှတ်ဘူး။ လျော်ကြေးရတယ်။ မရဘူး။ စီမံကိန်းရှိတယ်။ မရှိဘူး။ အဲဒီလို တစ်လွဲပြောတာဆိုရင်လည်း ကိုယ်စားလှယ်တွေအနေနဲ့က လက်မှတ်မထိုးပေးနဲ့။ ကျွန်တော်ပြောပြီးပြီ။ အမြဲပြောတယ်။ ဒီအစီရင်ခံစာမှာ လက်မှတ်မထိုးပေးနဲ့။ ဒီမြေ၊ ဒီလယ်ယာဟာ ဒီလိုလုပ်ပါတယ်။ တင်ကြပါလို့ ကျွန်တော်ပြောတယ်။ မတင်ဘူး။ ပွင့်ပွင့်လင်းလင်းပြောမယ်။ နဂိုကတည်းက ဒါမျိုးကို ဒီမှာမတင်နဲ့တော့။ ကိုယ့်လုပ်ပိုင်ခွင့်ထဲမှာ ရောက်နေတဲ့ကိစ္စကို ကိုယ်မှန်မှန်ကန်ကန်ဖြစ်အောင် ကြိုးစားပြီးတော့ မဲဆန္ဒရှင်မိဘပြည်သူတွေဘက်က လုပ်ပေးကြပါလို့ ကျွန်တော်ပြောတယ်။ ဒီမှာပဲမေးကြတယ်။ ဒီမှာမေးရင် ဒီအဖြေပဲကြားလိမ့်မယ်။ ဒါကို ခဏခဏကျွန်တော်ပြောတယ်။ အခုနက ကိုယ်မှန်မှန်ကန်ကန်ဖြစ်ဖို့ ကိုယ်ကိုယ်တိုင်ပါနေပြီ။ ကိုယ်ကိုယ်တိုင်ပါနေရင် ကိုယ်ကိုယ်တိုင်မှန်မှန်ကန်ကန်ဖြစ်အောင်၊ တရားမျှတမှုရှိအောင် ဥပဒေနှင့်ညီအောင် ကိုယ်လုပ်ပေးပါ။ ကိုယ်ဆောင်ရွက်ပေး။ အဲဒီအတိုင်းမဟုတ်ဘူး။ သက်ဆိုင်ရာပုဂ္ဂိုလ်တွေက ဘာဖြစ်လို့ ဒီလိုဖြစ်လဲလို့ဆိုတော့ အဲဒီသက်ဆိုင်ရာပုဂ္ဂိုလ်တွေတချို့က နဂိုတုန်းက သိမ်းခဲ့တုန်းကလည်း ပါခဲ့တဲ့အခါကျတော့ အဲဒီလိုပဲ လှည့်ရေးအုံးမှာပဲ။ အဲဒါကြောင့်မို့လို့ ကိုယ်စားလှယ်တွေကို ပါခိုင်းထားတာ။ အဲဒီလောက် ရှင်းအောင်ပြောရမလား။ အဲဒါကိုပါခိုင်းထားတာ အလကားသက်သက် ကိုယ်စားလှယ်တွေကိုပါခိုင်းထားတာ မဟုတ်ဘူး။ မှန်မှန်ကန်ကန်၊ တရားမျှမျှတတ ဖြစ်အောင်လို့၊

အဲဒီလိုမတရားအသိမ်းခံရတဲ့ပုဂ္ဂိုလ်တွေ၊ မူလအသိမ်းခံရတဲ့ ပုဂ္ဂိုလ်တွေပြန်ရအောင်လို့ အဲဒါကိုယ့်အလုပ်ကိုကိုယ်လုပ်ဖို့လိုတယ်။ မလုပ်တတ်လို့ ရှိရင်လည်းမေး။ နောက်ဆုံးမပါဘူးဆိုလို့ရှိရင်လည်းတိုင်။ ဒီမှာမေးတော့ ဒီအဖြေတွေက နားကြားပြင်းကတ်တယ်။ ကျွန်တော်မေးပါ့မယ်။ အခုနက ဝန်ကြီးဌာနက ဖြေသွားတယ်။ စီမံကိန်းမရှိတဲ့၊ စီမံကိန်းမလုပ်ဖြစ်တဲ့ ဧရိယာဘယ်လောက်၊ ဘယ်လောက်ကျန်တယ်လို့ ပြောသွားတယ်။ မူမှာစီမံကိန်းမရှိရင်၊ စီမံကိန်းမလုပ်ခဲ့ရင် မူလတောင်သူတွေကို မှန်မှန်ကန်ကန်ပြန်ပေးရမယ်။ ဒါဟာမူပဲ။ ကျွန်တော်တို့ ကောင်းကောင်းသိတယ်။ ဒီကိစ္စကို။ အဲဒီတော့ စီမံကိန်းမလုပ်ဘူး။ နောက်မှလုပ်မယ်ဆိုလို့မရဘူး။ ကျွန်တော်တို့ နောက်လုပ်ပါမယ်။ ဘယ်တော့လုပ်ပါမယ်မရဘူး။ အခု စိစစ်တဲ့အချိန်မှာ စီမံကိန်းမရှိရင်ပြန်ပေးရတော့မယ်။ အဲဒီလို စီမံကိန်းမရှိတဲ့ဟာတွေကို ပြန်ပေးဖို့ ဝန်ကြီးဌာနအနေနဲ့ အစီအစဉ် ရှိ/မရှိသိလိုပါတယ်။ ဖြေပါ။

**ဦးလှကျော်(ဒုတိယဝန်ကြီး၊ စိုက်ပျိုးရေး၊ မွေးမြူရေးနှင့်ဆည်မြောင်းဝန်ကြီးဌာန)။** ။ အဆိုပါကိစ္စနှင့်ပတ်သက်ပြီး မြေလွတ်၊ မြေလပ်နှင့်မြေရိုင်းများ စီမံခန့်ခွဲရေးဗဟိုအဖွဲ့က ပြီးခဲ့တဲ့ ဇွန်လဆန်းမှာ ကျွန်တော်တို့အစည်းအဝေး ဆောင်ရွက်ခဲ့ပြီးဖြစ်ပါတယ်။ ယင်းနှင့်စပ်လျဉ်းပြီးတော့ စနစ်တကျမြေပြင်အခြေအနေကို ကျွန်တော်တို့ ပြန်လည်စိစစ်ပြီး ပြန်လည်ပေးအပ်နိုင်မည့် အခွင့်အလမ်းရှိတဲ့မြေတွေကို ပြန်လည်ပေးအပ်မယ်။ နောက်တစ်ခါ လယ်ယာမြေနှင့်အခြားမြေများပြန်လည်စိစစ်ရေးဗဟိုကော်မတီကိုလည်းပဲ ကျွန်တော်တို့ တင်ပြပြီး ဆက်လက်စီမံခန့်ခွဲဆောင်ရွက်သွားဖို့ စိစစ်ပြီးဖြစ်ပါကြောင်း လေးစားစွာတင်ပြအပ်ပါတယ်။

**ဥက္ကဋ္ဌ။** ။ ကျွန်တော်ပြောမယ်နော်။ ၂၀၁၂ ခုနှစ်မှာပြဋ္ဌာန်းတဲ့ လယ်ယာမြေဥပဒေ၊ နည်းဥပဒေ၊ နောက်တစ်ခုက ၂၀၁၂ ခုနှစ်မှာပြဋ္ဌာန်းတဲ့ မြေလွတ်၊ မြေလပ်နှင့်မြေရိုင်းများဥပဒေ၊ နည်းဥပဒေ၊ အဲဒါတွေ အကုန်လုံးသည် အဲဒီဥပဒေအာဏာတည်သည့်နေ့ကစပြီး နောက်ပိုင်းကိစ္စနှင့်သာ သက်ဆိုင်တယ်။ ရှင်းလား။ ရှေ့ပိုင်းနဲ့မဆိုင်ဘူး။ ဒီနေ့ပြဋ္ဌာန်းရင် ဒီနေ့ကနေ နောက်သွားမည့်ဟာနဲ့ပဲသက်ဆိုင်တယ်။ အဲဒါနဲ့ပဲ ဆောင်ရွက်ရမည်။ အဲဒီပြဋ္ဌာန်းပြီးတဲ့ ဥပဒေအာဏာ သက်ရောက်တဲ့နေ့ကစပြီးနောက်ပိုင်းနဲ့ သက်ဆိုင်တယ်။ ဥပဒေမပြဋ္ဌာန်းခင်က ၁၉၈၈ ခုနှစ် ကနေပြီးတော့ အဲဒီအထိဥပဒေမဲ့သိမ်းတာတွေနဲ့ မသက်ဆိုင်ဘူး။ အဲဒါကျွန်တော်တို့ကိုယ်စားလှယ်တွေ မြဲမြဲမှတ်ထား။ ကိုယ်စိစစ်တဲ့အခါမှာ အဲဒီအတိုင်းစိစစ်။ အဲဒီမှာတော့ သေသေချာချာ၊ ထဲထဲဝင်ဝင်ကိုယ်ပါနိုင်အောင်မစိစစ်ဘူး။ ဒီမှာပဲ မေးတယ်။ ဒါမျိုးတွေဒီမှာပဲ ဖြေနေတာလည်း ခင်ဗျားတို့လည်း အလွတ်ရအုံးပေါ့။ နောက်ကို အဲဒါမျိုးမေးခွန်းတွေသတိထားပါ။ အခုဖွဲ့ထားတယ်ဗျာ။ လယ်ယာမြေနှင့် အခြားမြေများ

ပြန်လည်စိစစ်ရေးဗဟိုကော်မတီ။ ဗဟိုကော်မတီပြီးရင် ပြည်နယ်/တိုင်းဒေသကြီးကော်မတီ။ ပြည်နယ်/တိုင်းဒေသကြီးကော်မတီပြီးရင် ခရိုင်ကော်မတီ။ ခရိုင်ကော်မတီပြီးရင် မြို့နယ်ကော်မတီ။ မြို့နယ်ကော်မတီပြီးရင် ရပ်/ကျေးကော်မတီ။ အဲဒီမှာ ကျွန်တော်တို့ ကိုယ်စားလှယ်တွေအသီးသီး ပါဝင်ခွင့်ရထားတယ်။ မပါဘူးဆိုပြော။ ဘာလို့ထည့်မဖွဲ့လဲ။ အဲဒီထည့်မဖွဲ့ပေးရင် အခုနကလိုပဲ ကိုယ်စားလှယ်မပါဘဲနဲ့ သူတို့ဟာသူတို့ ရေးချင်သလိုရေးရင်၊ တရားမျှတမှုမရှိရင် ဘယ်သူက တာဝန်ခံမှာလဲ။ အဲဒီ ကိုယ့်ကိုယ်စားလှယ်တွေ ကိုယ်ကခုနကပြောတဲ့ ဆင့်ကဲဆင့်ကဲအဖွဲ့အစည်းတွေမှာ ကိုယ်ပါနိုင်အောင်ကြိုးစားပါ။ ဒါဗဟိုကကို ညွှန်ကြားထားတာ။ အဲဒီလိုကြိုးစားလို့ ကိုယ်ပါပြီဆိုလို့ ရှိရင်လည်း မှန်မှန်ကန်ကန် ကိုယ့်ဘက်ကလုပ်။ ကိုယ်လည်းအဂတိမလိုက်နဲ့။ ဘက်မလိုက်နဲ့။ ကိုယ်လည်းမျက်နှာမနာနဲ့။ မျက်နှာကြီးရာဟင်းဖတ်မပါနဲ့။ မှန်မှန်ကန်ကန်လုပ်ပေး။ အဲဒါ အရေးကြီးတယ်။

**စေတုတ္တရာမြို့နယ်တွင် ကြီးအုံကြီးဝတမံပိတ်မှုကြောင့် လယ်ယာမြေများမှာ နှစ်စဉ်မိုးကာလတိုင်း တမံရေပြင်ကြီးအောက်နစ်မြုပ်၍ ဒေသခံတောင်သူများ စားဝတ်နေရေး ဒုက္ခရောက်နေမှုအား ဥပဒေနှင့်အညီ နစ်နာကြေး၊ လျော်ကြေး၊ အစားထိုးမြေယာဖော်ဆောင်ပေးရန် အစီအစဉ်ရှိ/မရှိနှင့်စပ်လျဉ်းသည့်မေးခွန်း**

**ဥက္ကဋ္ဌ**။ ။ စေတုတ္တရာမဲဆန္ဒနယ်မှ ဦးကျော်အောင်လွင် မေးမြန်းဖို့ဖြစ်ပါတယ်။

**ဦးကျော်အောင်လွင်(စေတုတ္တရာမဲဆန္ဒနယ်)**။ ။ လေးစားအပ်ပါသော ပြည်သူ့လွှတ်တော် ဥက္ကဋ္ဌကြီးနှင့် အားလုံးပဲမင်္ဂလာပါ။ ကျွန်တော်ကတော့ မကွေးတိုင်းဒေသကြီး၊ စေတုတ္တရာမဲဆန္ဒနယ် ပြည်သူ့လွှတ်တော်ကိုယ်စားလှယ် ဦးကျော်အောင်လွင်ပါ။ ကြီးအုံကြီးဝတမံပိတ်မှုကြောင့် စေတုတ္တရာမြို့ဝန်းကျင်မှ လယ်ယာမြေများ နှစ်စဉ်နစ်မြုပ်နေမှုနှင့်ပတ်သက်ပြီးတော့ မေးခွန်းမေးမြန်းသွားမှာပါ။ Power Point သုံးခွင့်ပြုပါခင်ဗျား။ ကျွန်တော်တို့ စေတုတ္တရာမြို့နယ်ဟာ မကွေးတိုင်းဒေသကြီး ၂၅ မြို့နယ်မှာ အဆင်းရဲဆုံး၊ ဖွံ့ဖြိုးမှုအနည်းဆုံးမြို့နယ်ပါ။ မကွေးတိုင်းဒေသကြီးအနောက်ခြမ်းမှာတည်ရှိပြီးတော့ ရခိုင်ရိုးမအခြေနဲ့ နတ်မတောင်ရဲ့ကြား ကျဉ်းမြောင်းတဲ့တောင်ကြားလွင်ပြင်လေးမှာတည်ရှိပါတယ်။ မြို့နယ်ရဲ့အနောက်မြောက်ဘက်မှ အရှေ့တောင်ဆုံးထိ မုန်းချောင်းကဖြတ်သန်းစီးဆင်းပါတယ်။ မုန်းချောင်းရဲ့ကျဉ်းမြောင်းတဲ့ လွင်ပြင်လေးတွေမှာ ချို့တဲ့စွာနဲ့ လုပ်ကိုင်စားသောက်ကြပြီးတော့ ရိုးသားတဲ့ ချင်းတိုင်းရင်းသားအများစု နေထိုင်ကြပါတယ်။ စေတုတ္တရာမြို့ရဲ့အထက် နှစ်မိုင်အကွာမှာ

မုန်းချောင်းရေလှောင်တမံကြီး တည်ဆောက်ထားပါတယ်။ စေတုတ္တရာမြို့ရဲ့အောက်ဘက် မိုင် ၂၀ ခန့် အကွာမှာ မုန်းချောင်းကိုပဲပိတ်ပြီးတော့ ကြီးအုံကြီးဝတမံကြီးတည်ဆောက်ထားပါတယ်။ တမံနှစ်ခုရဲ့ ရေဝပ်ဧရိယာမှာ ရွာ ၃၁ ရွာနှင့် လယ်ယာ၊ ဥယျာဉ်၊ ခြံမြေ ဧက ၇၀၀၀ ခန့် နစ်မြုပ်ခဲ့ပါတယ်။ ကြီးအုံကြီးဝတမံ ရေဝပ်ဧရိယာအဖြစ် စေတုတ္တရာမြို့ရဲ့တောင်ဘက် သုံးမိုင်အကွာ မြေနီကုန်းကျေးရွာမှ ကြီးအုံကြီးဝတမံအထိ ၁၇ မိုင်ခန့်သတ်မှတ်ထားကြောင်း သိရှိရပါတယ်။

လေးစားအပ်ပါသောဥက္ကဋ္ဌကြီးနှင့် လွှတ်တော်ကိုယ်စားလှယ်များခင်ဗျား။ ၂၀၁၁ ခုနှစ် ဇူလိုင်လမှာ ကြီးအုံကြီးဝတမံကို စတင်ပိတ်ခဲ့ရာမှာ ရေမြုပ်ဧရိယာမှာမပါဝင်တဲ့ စေတုတ္တရာမြို့အနီး ပတ်ဝန်းကျင်ရှိ လယ်ယာဧက ၁၂၀၀ ခန့် ရိတ်လုဆဲ၊ သိမ်းလုဆဲ နှမ်းခင်း၊ ပဲခင်း၊ စပါးခင်းများ နစ်မြုပ်ပျက်စီးခဲ့ပါတယ်။ တမံစတင်ပိတ်သည်မှ ပြီးခဲ့သည့်နှစ် ၂၀၁၆ ခုနှစ်အထိ မိုးတွင်းကာလရောက်တိုင်း စေတုတ္တရာဝန်းကျင်လယ်ယာမြေများဟာ တမံရေပြင်ကြီးအောက်မှာ နစ်မြုပ်ပြီးတော့ နှစ်စဉ်သီးနှံများလည်း ပျက်စီးခဲ့ပါတယ်။ နွေရာသီလယ်ယာများ ရေပေါ်ချိန်မှာစိုက်ပျိုးတဲ့နှမ်းခင်း၊ ပဲခင်း၊ သီးနှံခင်းများမှာလည်း နွေခေါင်ခေါင်ဆည်ရေပိတ်တဲ့အတွက် ရေတက်လာပြီးတော့ အကြိမ်ကြိမ်ပျက်စီးဆုံးရှုံးခဲ့ရပါတယ်။ ဒေသခံဆင်းရဲသားတောင်သူများဟာ လုပ်ကိုင်စားသောက်စရာ မြေမရှိတော့တဲ့အတွက် စားဝတ်နေရေးအတိဒုက္ခရောက်နေကြပါပြီ။ ကောက်စိုက်၊ ပျိုးနုတ်၊ ကောက်ရိတ်အလုပ်များမရှိတော့၍ အလုပ်လက်မဲ့ဖြစ်ပြီး သူတစ်ပါးလယ်ထဲကျကျန်ရစ်တဲ့ စပါးနှံကို ကောက်သင်းကောက်စားနေရတဲ့ သူတွေရှိနေကြပါပြီ။

ဥက္ကဋ္ဌကြီးနှင့် ကိုယ်စားလှယ်တော်ကြီးများခင်ဗျား။ တောင်သူတွေဟာ ပညာမတတ်ပါဘူး။ ငွေအရင်းအနှီးမရှိပါဘူး။ လယ်ယာဟာသူတို့ရဲ့ဘဝပါ။ လယ်ယာသာလုပ်ကိုင်စားသောက်တတ်ကြပါတယ်။ တောင်သူသီးနှံတစ်နှစ်ပင်လျှင် သုံး၊ လေးနှစ် အကြွေးသံသရာလည်ကြရပါတယ်။ ယခုကဲ့သို့ ခြောက်နှစ်ခန့် လယ်ယာများနစ်မြုပ်၊ သီးနှံများအကြိမ်ကြိမ်ပျက်စီး၊ ပုံစံ(၇)ထုတ်မပေးလို့ ချေးငွေလည်းမရ၊ ဘာနစ်နာကြေးမှမရဘဲနဲ့ အတိဒုက္ခရောက်ခဲ့ကြတဲ့ စေတုတ္တရာတောင်သူတွေရဲ့ဘဝကို လူကြီးမင်းများခန့်မှန်းကြည့်ရင် သိနိုင်ပါတယ်။ နိုင်ငံတော်အကျိုးအတွက် စီမံကိန်းတွေလုပ်ဆောင်ရာမှာ အတိဒုက္ခရောက်ကြတဲ့ပြည်သူတွေအတွက် ပြန်လည်ကုစားမှုတွေလုပ်ဆောင်ပေးဖို့ လိုအပ်လှပါတယ်။ ဖွဲ့စည်းပုံအခြေခံဥပဒေအခန်း(၈) ပုဒ်မ ၃၅၆ မှာ နိုင်ငံတော်သည် နိုင်ငံသားများ၏ တရားဝင်ရရှိပိုင်ဆိုင်ထားသော၊ ရွှေ့ပြောင်းနိုင်သောပစ္စည်း၊ မရွှေ့မပြောင်းနိုင်သောပစ္စည်းများနှင့်စပ်လျဉ်း၍ ဥပဒေအရ ကာကွယ်ပေးရမယ်လို့ပါရှိပါတယ်။ ဒါကြောင့် ကျွန်တော့်အနေနဲ့မေးမြန်းလိုတဲ့မေးခွန်း

ကတော့ မကွေးတိုင်းဒေသကြီး၊ စေတုတ္တရာမြို့နယ်တွင် ကြီးအုံကြီးဝတမံပိတ်မှုကြောင့် ရေမြုပ်ဧရိယာ တွင်မပါဝင်ဘဲနဲ့ စေတုတ္တရာမြို့ဝန်းကျင်ရှိ လယ်ယာမြေများ နှစ်စဉ်မိုးကာလတိုင်း တမံရေပြင်ကြီး အောက်နစ်မြုပ်၍ ဒေသခံတောင်သူများ စားဝတ်နေရေးအတိဒုက္ခရောက်နေမှုအား ဥပဒေနှင့်အညီ နစ်နာကြေး၊ လျော်ကြေး အစားထိုးမြေယာဖော်ဆောင်ပေးရန် အစီအစဉ်ရှိ/မရှိသိလိုပါ၍ မဲဆန္ဒရှင် ပြည်သူများကိုယ်စား ပြည်သူ့လွှတ်တော်ဥက္ကဋ္ဌကြီးမှတစ်ဆင့် လေးစားစွာမေးမြန်းအပ်ပါတယ်။ အားလုံးကိုယ်စိတ်နှစ်ဖြာကျန်းမာချမ်းသာကြပါစေ။

**ဥက္ကဋ္ဌ**။ ။ စိုက်ပျိုးရေး၊ မွေးမြူရေးနှင့် ဆည်မြောင်းဝန်ကြီးဌာနက ဖြေကြားရန် ဖြစ်ပါတယ်။

**ဖြေကြားချက်**

**ဦးလှကျော်(ဒုတိယဝန်ကြီး၊ စိုက်ပျိုးရေး၊ မွေးမြူရေးနှင့် ဆည်မြောင်းဝန်ကြီးဌာန)**။ ။ လေးစားအပ်ပါသော ပြည်သူ့လွှတ်တော်ဥက္ကဋ္ဌကြီးနှင့် လွှတ်တော်ကိုယ်စားလှယ်များခင်ဗျား။ မကွေးတိုင်းဒေသကြီး၊ စေတုတ္တရာမဲဆန္ဒနယ် ပြည်သူ့လွှတ်တော်ကိုယ်စားလှယ် ဦးကျော်အောင်လွင်ရဲ့ မေးခွန်းကို ပြန်လည်ဖြေကြားပါမယ်။ ကြီးအုံကြီးဝရေလှောင်တမံဟာ မကွေးတိုင်းဒေသကြီး၊ မင်းဘူး ခရိုင် ပွင့်ဖြူမြို့နယ်အတွင်းမှာ တည်ရှိပါတယ်။ မုန်းချောင်းရေလှောင်တမံကနေ စီးဝင်တဲ့ရေတွေကို ထိန်းညှိသိုလှောင်ပြီး ရေအားလျှပ်စစ် ကီလိုဝပ် နာရီသန်းပေါင်း ၃၇၀ ထုတ်လုပ်နိုင်ရေးအတွက် အောက်ဘက်မှာရှိတဲ့ မဲဇလီရေလွှဲဆည်ရဲ့ ဆည်ရေသောက်ဧက ၈၂၆၂၃ ဧကမှာ မိုးစပါး၊ နွေစပါး စိုက်ပျိုးရေ ပိုမိုလုံလောက်စွာပေးနိုင်ဖို့အတွက် ၂၀၀၂ ခုနှစ်မှာ စတင်တည်ဆောက်ခဲ့ခြင်း ဖြစ်ပါတယ်။ ၂၀၁၂ ခုနှစ် မတ်လမှာ စီမံကိန်းလုပ်ငန်းအားလုံး ပြီးစီးခဲ့ပါတယ်။ ကြီးအုံကြီးဝရေလှောင်တမံရဲ့ ရေဝပ်ဧရိယာအတွင်း ကျရောက်တဲ့ကျေးရွာ ၁၈ ရွာမှာရှိတဲ့ အိမ်ထောင်စု ၁၂၉၄ စုအတွက် အိမ်ထောင်စုတစ်စုလျှင် သုံးဧကနှုန်းနဲ့ ယာမြေ ၃၈၈၂ ဧက ဖော်ထုတ်ပေးနိုင်ဖို့ ယာမြေဖော်ထုတ်ခ တစ်ဧကကို ကျပ် ၂၀၀၀၀ နှုန်းနဲ့ ထိုစဉ်က စုစုပေါင်းကျပ် ၇၆၆.၄ သိန်းကို သက်ဆိုင်ရာအထွေထွေ အုပ်ချုပ်ရေးဦးစီးဌာနမှတစ်ဆင့် အိမ်ထောင်စုများသို့ လက်ဝယ်အရောက်ပေးအပ်ခဲ့ပြီး ဖြစ်ပါတယ်။

စေတုတ္တရာမြို့နယ်နှင့် အနီးဝန်းကျင်မှာရှိတဲ့လယ်ယာမြေတွေဟာ ပုံမှန်မိုးရွာသွန်းမှု အခြေအနေမှာ ရေကြီးရေလျှံမှုဖြစ်ပေါ်နိုင်ခြင်းမရှိသော်လည်းပဲ လွန်ခဲ့တဲ့ ၂၀၁၅ ခုနှစ် မိုးရာသီကာလ ရာသီဥတု ဖောက်ပြန်မှုဖြစ်စဉ်တွေကြောင့် မုန်းနှင့် ကြီးအုံကြီးဝတမံများဟာ ရေဆင်းဧရိယာအတွင်း၊ အချိန်တိုအတွင်း မိုးသည်းထန်စွာရွာသွန်းတဲ့အတွက် ကန်အတွင်းရေမှတ်တွေဟာ မူလရေသိုလှောင်

နိုင်သောပမာဏထက် လျှင်မြန်စွာကျော်လွန်မြင့်တက်ခဲ့ပါတယ်။ အဲဒါကြောင့်လည်းပဲ ရေပိုလွှဲအထက်မှ အမြင့်ပေများစွာ ရေကျော်ကျမှုဖြစ်ပေါ်ခဲ့တဲ့အချိန်မှာ ကြီးအုံကြီးဝရေလှောင်တမံရဲ့ ရေဝပ်ဧရိယာမှာ ရေထောက်ပြီး ရေကြီးနစ်မြုပ်မှုများ ဖြစ်ပေါ်ခဲ့ခြင်းဖြစ်ပါတယ်။ ပြီးခဲ့သည့် ၂၀၁၆ ခုနှစ် မိုးရာသီမှာလည်း အလားတူ မိုးသည်းထန်စွာရွာသွန်းမှုများ ထပ်မံဖြစ်ပေါ်ခဲ့တဲ့အတွက် လယ်ယာမြေများ ရေကြီးနစ်မြုပ်မှု အထိုက်အလျောက်ဖြစ်ပေါ်ခဲ့သောကြောင့် မျိုးစပါးနှင့် ပဲတီစိမ်းမျိုးများ၊ ဓာတ်မြေသြဇာများကို တိုင်းဒေသကြီးအစိုးရအဖွဲ့ရဲ့ အစီအစဉ်နဲ့ ထောက်ပံ့ပေးအပ်ခဲ့ရပါတယ်။ ယခုလို မိုးရာသီကာလထူးကဲမိုးရွာသွန်းမှုကြောင့် ရေကြီးမှုဖြစ်စဉ်တွေပေါ်မှာအခြေခံပြီး လေ့လာသုံးသပ်တွက်ချက်ပြီးတဲ့နောက် မုန်းနှင့် ကြီးအုံကြီးဝရေလှောင်တမံရဲ့ ရေဝပ်ဧရိယာတွေမှာ ရေကြီးရေလျှံမှု လျော့ပါးသက်သာစေဖို့အတွက် မုန်းချောင်းရေလှောင်တမံမှာ အကျယ် ၂၂၀ ပေရှိတဲ့ အကူရေပိုလွှဲတစ်ခုကို ထပ်မံတည်ဆောက်ခဲ့ပါတယ်။ ကြီးအုံကြီးဝရေလှောင်တမံမှာတည်ရှိတဲ့ အကူရေပိုလွှဲကို မူလအကျယ် ၂၅၀ ကနေ ၄၅၀ ပေအထိ တိုးချဲ့တူးဖော်ခြင်းအပြင် ဒေသနေပြည်သူလူထုရဲ့ တောင်းဆိုချက်အရ ထပ်မံတိုးချဲ့လာတဲ့အကျယ်ပေ ၂၀၀ ကို မူလအမြင့် ၅ ပေမှ ထပ်မံနှိမ့်ချပြီး တူးဖော်ခဲ့ခြင်းများ ဆောင်ရွက်ပေးခဲ့ခြင်းရှိခဲ့တဲ့အလျောက် မိုးရာသီကာလတွေမှာ ရေကြီးနစ်မြုပ်မှုများ လျော့ပါးသက်သာလာစေမယ့် အခြေအနေများ ဆောင်ရွက်ထားရှိပြီးဖြစ်ပါတယ်။

သို့ဖြစ်တဲ့အတွက် ရာသီဥတုပြောင်းလဲဖောက်ပြန်မှုတွေကြောင့် မိုးရာသီကာလ အချိန်တိုအတွင်း မိုးသည်းထန်စွာရွာသွန်းတဲ့အတွက် ကြီးအုံကြီးဝရေလှောင်တမံရဲ့ ရေဝပ်ဧရိယာနှင့်ဆက်စပ်နေတဲ့ စေတုတ္တရာမြို့အနီးဝန်းကျင်ဒေသတွေမှာ ရေကြီးရေလျှံမှုဖြစ်ပေါ်ခြင်းမှ လျော့ပါးသက်သာစေမယ့် လုပ်ငန်းအစီအမံတွေကို မိမိတို့ စိုက်ပျိုးရေး၊ မွေးမြူရေးနှင့် ဆည်မြောင်းဝန်ကြီးဌာန၊ ဆည်မြောင်းနှင့် ရေအသုံးချမှုစီမံခန့်ခွဲရေးဦးစီးဌာနအနေနဲ့ ဆောင်ရွက်ထားရှိပြီးဖြစ်ကြောင်း တင်ပြအပ်ပါတယ်။ လာမယ့်မိုးရာသီကာလမှာလည်း အနီးကပ်စောင့်ကြည့်စီမံပြီး လိုအပ်သလိုညှိနှိုင်းဆောင်ရွက်ပေးသွားမည်ဖြစ်ပါကြောင်းနှင့် စေတုတ္တရာမြို့ဝန်းကျင် လယ်ယာမြေများ ရေကြီးနစ်မြုပ်မှုဖြစ်ပေါ်ရခြင်းကိစ္စနှင့်ပတ်သက်ပြီး ပြောင်းလဲလာတဲ့ ရာသီဥတုအခြေအနေကြောင့် ပုံမှန်မဟုတ်တဲ့မိုးရွာသွန်းမှုဖြစ်စဉ်ကြောင့် ဖြစ်ပွားခဲ့တဲ့ သဘာဝဘေးအန္တရာယ်တွေ ပေါ်ပေါက်လာခဲ့မယ်ဆိုလို့ရှိရင်လည်း အမျိုးသားသဘာဝဘေးဆိုင်ရာစီမံခန့်ခွဲမှုကော်မတီရဲ့ ဦးဆောင်လမ်းညွှန်မှုနဲ့ ပတ်သက်ဆက်စပ်တဲ့ဝန်ကြီးဌာနများနဲ့ ပေါင်းစပ်ညှိနှိုင်းအကောင်အထည်ဖော် ဆောင်ရွက်ပေးသွားမည်ဖြစ်ပါကြောင်း

မကွေးတိုင်းဒေသကြီးအစိုးရအဖွဲ့ရဲ့ ဖြေကြားချက်နှင့်အတူ ပေါင်းစပ်ရှင်းလင်း ဖြေကြားအပ်ပါတယ်။ ကျေးဇူးတင်ပါတယ်။

**ဥက္ကဋ္ဌ**။ ။ မိုက်ပေးပါ။

**ဦးကျော်အောင်လွင်(စေတုတ္တရာမဲဆန္ဒနယ်)**။ ။ ဟုတ်ကဲ့ခင်ဗျား။ အခုလိုရှင်းလင်း ဖြေကြားပေးသွားတဲ့အတွက် ဝန်ကြီးကိုအထူးပဲကျေးဇူးတင်ပါတယ်။ ကျွန်တော့်အနေနဲ့ တစ်ဆက်တစ်စပ်တည်း မေးခွန်းကို ဆက်လက်ပြီးတော့ မေးမြန်းခွင့်ပြုပါ။ ခုနက ဝန်ကြီးရှင်းပြသွားသလိုပဲ မုန်းတမံနဲ့ ကြီးအုံကြီးဝတမံဟာ ရေအားလျှပ်စစ်ထွက်ရှိပြီးတော့ နိုင်ငံတော်အတွက် အလွန်ကျေးဇူးကြီးမားသလိုပဲ အောက်ဘက်က ပွင့်ဖြူ၊ စလင်း၊ စကုအစရှိတဲ့နယ်မြေဒေသများအတွက် လယ်ဧကများစွာကို စိုက်ပျိုးရေပေးဝေနိုင်တဲ့အကျိုးကျေးဇူးရှိပါတယ်။ သို့သော် ကျွန်တော်တို့စေတုတ္တရာမြို့နယ်အတွင်းမှာတော့ လယ်/ယာတစ်ဧကမှ စိုက်ပျိုးနိုင်ခြင်းမရှိဘဲနဲ့ ဧက ၇၀၀၀၊ ၈၀၀၀ ကျော်သာ နစ်မြုပ်ပျက်စီးသွားခြင်းဒဏ်ခံရပါတယ်။ လျှပ်စစ်နှင့်ပတ်သက်လျှင်လည်း စေတုတ္တရာမြို့နယ် ကျေးရွာ ၁၂၀ မှာ ရွာသုံးရွာသာ ရေအားလျှပ်စစ်က မီးအလင်းပေးနိုင်တဲ့အနေအထားရှိပါတယ်။ သို့သော် နိုင်ငံတော်အတွက်၊ အကျိုးကျေးဇူးရှိတဲ့အတွက် ကျွန်တော်တို့တွေဟာ ကျွန်တော်တို့ရွာ၊ ကျွန်တော်တို့လယ်ယာမြေတွေ၊ ကျွန်တော်တို့ဘဝတွေနစ်နာထိခိုက်မှုအတွက် တစ်စုံတစ်ရာဝမ်းနည်းကြေကွဲမှုမရှိသော်လည်းပဲ ကျွန်တော့်အနေနဲ့ တစ်ဆက်တစ်စပ်တည်းမေးမြန်းလိုတဲ့မေးခွန်းကတော့ မုန်းတမံနှင့် ကြီးအုံကြီးဝတမံရေအားလျှပ်စစ်စက်ရုံများမှ နိုင်ငံတော်အတွက်ရရှိတဲ့ လျှပ်စစ်ဓာတ်အားခများမှဖြစ်စေ၊ နိုင်ငံတော်သမ္မတကြီးရဲ့အထူးရန်ပုံငွေမှဖြစ်စေ၊ လူမှုဝန်ထမ်းကယ်ဆယ်ရေးနှင့် ပြန်လည်နေရာချထားရေးဝန်ကြီးဌာနရန်ပုံငွေမှဖြစ်စေ နှစ်စဉ်နှစ်တိုင်း ထိခိုက်နစ်နာဆုံးရှုံးကြတဲ့တောင်သူများအတွက် အသက်မွေးဝမ်းကျောင်းပြုနိုင်အောင် တစ်စုံတစ်ရာဆောင်ရွက်ပေးနိုင်ခြင်းရှိ/မရှိကိုလည်း တစ်ဆက်တစ်စပ်တည်း မေးမြန်းအပ်ပါတယ်။ ကျေးဇူးတင်ပါတယ်ခင်ဗျား။

**ဥက္ကဋ္ဌ**။ ။ ပြန်လည်ဖြေကြားပေးပါ။

**ဦးလှကျော်(ဒုတိယဝန်ကြီး၊ စိုက်ပျိုးရေး၊ မွေးမြူရေးနှင့် ဆည်မြောင်းဝန်ကြီးဌာန)**။ ။ အခုလို လွှတ်တော်ကိုယ်စားလှယ်ကြီးရဲ့ မိမိဒေသအကျိုးကိုရှေးရှုပြီး အဘက်ဘက်ကစဉ်းစားချင့်ချိန်ဆက်စပ်မေးလာတဲ့မေးခွန်းကို ကျေးဇူးတင်ပါတယ်။ သဘာဝကြောင့်ဖြစ်ပေါ်လာတဲ့ကိစ္စရပ်တွေမှာ အမျိုးသားသဘာဝဘေးဆိုင်ရာစီမံခန့်ခွဲမှုကော်မတီနှင့် ဖြည့်ဆည်းဆောင်ရွက်ပေးသွားတာ ရှိပါတယ်။

လွှတ်တော်ကိုယ်စားလှယ်ကြီးမေးမြန်းခဲ့တဲ့အနေအထားကို သက်ဆိုင်ရာနယ်မြေအခြေအနေမှာ မိမိတို့ဝန်ကြီးဌာနအနေနဲ့ အခြားသောဆက်စပ်ဝန်ကြီးဌာနအနေနဲ့ မည်ကဲ့သို့ပေါင်းစပ်ဆောင်ရွက်ပေးနိုင်မယ်ဆိုတဲ့ဟာကိုလည်းပဲ ဆက်လက်စီမံဆောင်ရွက်သွားမည်ဖြစ်ပါကြောင်း တင်ပြအပ်ပါတယ်။ ကျေးဇူးတင်ပါတယ်။

**လင်းခေးမြို့နယ်၊ မအွန်လောင်းကူးတို့ဆိပ်နှင့် ပုန်းထွန်ကျေးရွာတွင် နန့်တိန်းချောင်းကူးတံတားနှစ်စင်းလိုအပ်လျက်ရှိသည့်အတွက် ကူညီဖြေရှင်းပေးနိုင်ပါရန်နှင့် စပ်လျဉ်းသည့်မေးခွန်း**

**ဥက္ကဋ္ဌ**။ ။ လင်းခေးမဲဆန္ဒနယ်မှ ဦးစိုင်းဘသိန်း မေးမြန်းဖို့ဖြစ်ပါတယ်။

**ဦးစိုင်းဘသိန်း(လင်းခေးမဲဆန္ဒနယ်)**။ ။ လေးစားရပါတဲ့ ပြည်သူ့လွှတ်တော်ဥက္ကဋ္ဌကြီးနှင့် လွှတ်တော်ကိုယ်စားလှယ်များ၊ ပြည်ထောင်စုဝန်ကြီးနှင့် ဧည့်သည်တော်များအားလုံးမင်္ဂလာပါခင်ဗျား။ ကျွန်တော်ကတော့ လင်းခေးမဲဆန္ဒနယ်က ပြည်သူ့လွှတ်တော်ကိုယ်စားလှယ် ဦးစိုင်းဘသိန်းဖြစ်ပါတယ်။ ကျွန်တော့်အနေနဲ့ ရှမ်းပြည်နယ်(တောင်ပိုင်း)၊ လင်းခေးမြို့နယ်မှာရှိတဲ့ နန့်တိန်းချောင်းမှာတံတားနှစ်စင်းကို လူထုတွေအတွက် ဘယ်လိုကူညီဆောင်ရွက်ပေးနိုင်မယ်ဆိုတာကို မေးမြန်းသွားမှာဖြစ်ပါတယ်။ အထက်အကြောင်းအရာပါကိစ္စနှင့်ပတ်သက်ပြီးတော့ လင်းခေးမြို့နယ်အတွင်း ဖြတ်သန်းစီးဆင်းလျက်ရှိတဲ့ နန့်တိန်းချောင်းရဲ့အရှေ့ဘက်ကမ်းမှာ ကျေးရွာများ တည်ရှိခဲ့တာ၊ လယ်ယာ၊ ဥယျာဉ်ခြံမြေများနှင့် အသက်မွေးဝမ်းကျောင်း ပြုလုပ်နေခဲ့ကြတာရှိခဲ့ပါတယ်။ ၁၉၇၆ ခုနှစ်ပတ်ဝန်းကျင်ကာလမှာ ပြည်တွင်းစစ်ကြောင့် ဖြတ်လေးဖြတ် စီမံချက်တွေချမှတ်ခဲ့လို့ ကျေးရွာများဟာ တိန်းချောင်းရဲ့အနောက်ဘက်ကမ်းကို အတင်းအကြပ်ရွှေ့ပြောင်းခြင်းခံခဲ့ရပါတယ်။ အဲဒီစီမံချက်အကျိုးဆက်များအဖြစ် ကျေးရွာနေပြည်သူလူထုများဟာ မိမိတို့ရဲ့လယ်ယာ၊ ခြံမြေ၊ အိုးအိမ်၊ နေရာဒေသများကို စွန့်ခွာခဲ့ရပြီး ယခင်အစိုးရများမှ ချမှတ်ပေးခဲ့တဲ့ နန့်တိန်းချောင်းအနောက်ဘက်ကမ်းနေရာများကို ရွှေ့ပြောင်းနေထိုင်လုပ်ကိုင်စားသောက်ခဲ့ရပါတယ်။ ဒါပေမဲ့ ကျေးရွာတောင်သူများအနေနဲ့ ယခင်မိမိတို့ လုပ်ကိုင်စားသောက်ခဲ့ရတဲ့ စိုက်ပျိုးမြေများရှိရာ တိန်းချောင်းအရှေ့ဘက်ကမ်းကိုသာ နေ့စဉ်နဲ့အမျှ ကူးသန်းသွားလာလုပ်ကိုင်စားသောက်နေရဆဲဖြစ်ပါတယ်။ အဲဒီလို ကူးသန်းသွားလာလုပ်ကိုင်နေရာမှာ ဟိုတုန်းက လုံခြုံရေးအခြေအနေကြောင့် လှေတွေနဲ့ဖြတ်ကူးခွင့်မရခဲ့ဘဲ ငှက်ပျောတုံး၊ ဝါးလုံးပိုင်း၊ မြေအိုးတွေနဲ့ တောင်သူတွေဟာ အဝတ်အစားတွေကို အဲဒီအပေါ်တင်။ ခြေထောက်နဲ့ယပ်မှ တွယ်စီးဖြတ်ကူးခဲ့ရတာကို ကြုံခဲ့ရပါတယ်။ အဲဒီလို ကြုံခဲ့ရတဲ့အပြင် နောက်ပိုင်း လှေတွေနဲ့ဖြတ်ကူးခွင့်ရလာတဲ့အချိန်

တွေမှာလည်း ရေနစ်တဲ့သူ ဝါးကူထိုး ဆိုသလိုမျိုး အဲဒီနေရာတွေကို လိုင်စင်တွေချ၊ လေလံပစ်ခဲ့လို့ ဝိသမလောဘသားတွေကနေ လေလံဆွဲပြီးမှ အဲဒီမှာ ကူးတို့ဆိပ်တွေဖွင့်၊ တောင်သူတွေက ကိုယ့်ခြံ ကိုယ်သွားဖို့ကို ပိုက်ဆံပေးမှသွားလာခွင့်ရတာတွေလည်း ကြုံခဲ့ရပါတယ်။ ဒါပေမဲ့ အခုနောက်ပိုင်းမှာ လှေတွေ၊ စက်လှေတွေနဲ့ ကူးဖြတ်ခွင့်ရနေပါပြီ။ တချို့နေရာမှာဆိုရင်လည်း ကျွန်တော်တို့ဟာ ဝါးတံတားတွေဆောက်မှ ကြုံရင်ကြုံသလို ဖြတ်ကူးနေရတာ ရှိနေပါတယ်။ ဒီလိုမျိုး ကျွန်တော်တို့က ကိုယ့်လုပ်ငန်းကိုလုပ်ဖို့၊ ကိုယ့်ခြံကိုသွားဖို့ အခက်အခဲရှိနေတာကို နိုင်ငံတော်အနေနဲ့ ဘယ်လိုမျိုး ကူညီပံ့ပိုးနိုင်မလဲဆိုတာကို သိလိုတဲ့အတွက် မေးမြန်းလိုသည်မှာ လင်းခေးမြို့နယ်၊ မအွန်လောင်း ကျေးရွာအုပ်စု မအွန်လောင်းကူးတို့ဆိပ်နှင့် ပုန်းထွန်ကျေးရွာတွင် နန့်တိန်းချောင်းကူးတံတားတစ်စင်း နှင့် စုစုပေါင်း နှစ်စင်းပေါ့ခင်ဗျား။ မအွန်လောင်းကူးတို့ဆိပ်မှာ တစ်စင်း၊ ပုန်းထွန်ကျေးရွာမှာ တစ်စင်း လိုအပ်လျက်ရှိတဲ့အတွက် ပြည်သူလူထုအခက်အခဲများအား ကူညီဖြေရှင်းပေးနိုင်ပါရန်နှင့် သက်ဆိုင်ရာ ဝန်ကြီးဌာနများမှ မည်သို့ဆောင်ရွက်ပေးနိုင်မည်နည်း၊ မည်သည့်ကာလတွင် ဆောလျင်စွာ စတင် အကောင်အထည်ဖော်ဆောင်ရွက်ပေးနိုင်မည်ကို သိရှိလိုပါကြောင်းနှင့် လေးစားစွာ ဥက္ကဋ္ဌကြီးမှ တစ်ဆင့် သက်ဆိုင်ရာသို့ မေးမြန်းတင်ပြအပ်ပါတယ်ခင်ဗျား။ အားလုံးကို ကျေးဇူးတင်ပါတယ်။

**ဥက္ကဋ္ဌ**။ ။ စိုက်ပျိုးရေး၊ မွေးမြူရေးနှင့် ဆည်မြောင်းဝန်ကြီးဌာနက ဖြေကြားရန်ဖြစ်ပါ တယ်။

**ဖြေကြားချက်**

**ဦးလှကျော်(ဒုတိယဝန်ကြီး၊ စိုက်ပျိုးရေး၊ မွေးမြူရေးနှင့် ဆည်မြောင်းဝန်ကြီးဌာန)**။ ။ လေးစားအပ်ပါသော ပြည်သူ့လွှတ်တော်ဥက္ကဋ္ဌကြီးနှင့် ပြည်သူ့လွှတ်တော်ကိုယ်စားလှယ်များခင်ဗျား။ ရှမ်းပြည်နယ်၊ လင်းခေးမဲဆန္ဒနယ် ပြည်သူ့လွှတ်တော်ကိုယ်စားလှယ်ကြီး ဦးစိုင်းဘသိန်းရဲ့ မေးခွန်းနှင့် စပ်လျဉ်းပြီး ရှမ်းပြည်နယ်အစိုးရအဖွဲ့ရဲ့ဖြေကြားချက်နှင့်အတူ ပေါင်းစပ်ဖြေကြားသွားမှာဖြစ်ပါတယ်။ ရှမ်းပြည်နယ်(တောင်ပိုင်း)၊ လွိုင်လင်ခရိုင်၊ လင်းခေးမြို့နယ်၊ မအွန်လောင်းကျေးရွာအုပ်စုနှင့် လွိုင်လုံ ကျေးရွာအုပ်စုသို့သွားဖို့အတွက် လက်ရှိမှာ စက်လှေနဲ့ပြုလုပ်ထားတဲ့ဖောင်ကို အသုံးပြုရမှုရှိနေတဲ့ အနေအထားရှိကြောင်း သိရပါတယ်။ ယင်းအခက်အခဲအတွက် မအွန်လောင်းကူးတို့ဆိပ်မှာ ကွန်ကရစ် တံတားတစ်စင်းတည်ဆောက်မယ်ဆိုရင် အရှည် ၃၃၀ ပေ၊ အကျယ် ၁၄ ပေ တည်ဆောက်ရမှာ ဖြစ်ပါတယ်။ ငွေကျပ် ၄၉၅ သန်းခန့် ကုန်ကျမည်ဖြစ်ကြောင်း စိစစ်ရရှိပါတယ်။ ဒီတံတား

တည်ဆောက်ပြီးမယ်ဆိုရင်တော့ ကျေးရွာပေါင်း ၄၀ ရွာ၊ အိမ်ခြေ ၃၀၅၃ နဲ့ လူဦးရေ ၁၅၀၀၀ ကျော်အတွက် အကျိုးပြုမည်ဖြစ်ကြောင်း သိရှိရပါတယ်။ ထို့အတူ လင်းခေးမြို့နယ် မြို့ပေါ်ရပ်ကွက်များနှင့် ပုန်းထွန်ကျေးရွာအုပ်စုကို ဆက်သွယ်သွားလာဖို့ လက်ရှိသစ်ထွင်းလှေတွေနှင့် လူကူးဝါးတံတားတွေ အသုံးပြုနေရကြောင်းလည်း သိရပါတယ်။ ဒါကြောင့် အဆိုပါအခက်အခဲတွေကို ကျော်လွှားနိုင်ဖို့အတွက် နန့်တိန်းချောင်းကူးကွန်ကရစ်တံတားတစ်စင်းတည်ဆောက်မယ်ဆိုရင် အရှည် ၂၆၅ ပေ၊ အကျယ် ၁၄ ပေ တည်ဆောက်ရမှာဖြစ်ပါတယ်။ ကုန်ကျစရိတ်အနေနဲ့ ငွေကျပ် ၃၉၇.၅ သန်း ကုန်ကျမည်ဖြစ်ကြောင်း ပဏာမတွက်ချက်ရရှိပါတယ်။ အဆိုပါတံတားတည်ဆောက်ပြီးမယ်ဆိုရင်တော့ ကျေးရွာငါးရွာ၊ အိမ်ခြေ ၃၆၀ ကျော်၊ လူဦးရေ ၁၈၀၀ ကျော်ကို အကျိုးပြုမှာဖြစ်ကြောင်း သိရှိရပါတယ်။ ပြည်သူ့လွှတ်တော်ကိုယ်စားလှယ်ကြီးမှ မေးမြန်းတဲ့ ကွန်ကရစ်တံတားနှစ်စင်း တည်ဆောက်ခြင်းလုပ်ငန်းအတွက် စုစုပေါင်းခန့်မှန်းကုန်ကျငွေကတော့ ၈၉၂.၅ သန်း ကုန်ကျမည်ဖြစ်ပါတယ်။

လင်းခေးမြို့နယ်အတွင်းမှာတော့ မိမိတို့ရဲ့ကျေးလက်ဒေသဖွံ့ဖြိုးတိုးတက်ရေးဦးစီးဌာနအနေနဲ့ ယခင်နှစ်မှာ ခွင့်ပြုရန်ပုံငွေကျပ် ၁၈၉ သန်းကျော်နဲ့ ကျောက်ချောလမ်း နှစ်မိုင်တစ်ဖာလုံနှင့် ကွန်ကရစ်တံတား ၂၅ ပေတို့ကိုသာ ဆောင်ရွက်ပေးနိုင်ခဲ့ပါတယ်။ အခုပြည်သူ့လွှတ်တော် ကိုယ်စားလှယ်တော်ကြီးမေးမြန်းတဲ့ လင်းခေးမြို့နယ်၊ မအွန်လောင်းကူးတို့ဆိပ်ကွန်ကရစ်တံတား တစ်စင်းနှင့် နန့်တိန်းချောင်းကူးတံတားတစ်စင်းတည်ဆောက်ခြင်းလုပ်ငန်းတွေမှာ မိမိတို့ရဲ့ကျေးလက်ဒေသဖွံ့ဖြိုးတိုးတက်ရေးဦးစီးဌာန ၂၀၁၆-၂၀၁၇ ဘဏ္ဍာရေးနှစ်မှာ ပါဝင်ခြင်းမရှိခဲ့ပါဘူး။ ဒါကြောင့် မို့လို့ အခုလွှတ်တော်ကိုယ်စားလှယ်တော်ကြီး တင်ပြပါလုပ်ငန်းများအတွက် ဆောင်ရွက်ပေးနိုင်မှု စိစစ်တဲ့အခါမှာလည်း ယခု ၂၀၁၇-၂၀၁၈ ဘဏ္ဍာရေးနှစ်မှာ ပါဝင်ခြင်းမရှိကြောင်းလည်းပဲ တင်ပြအပ်ပါတယ်။ သို့ဖြစ်တဲ့အတွက်ကြောင့် သက်ဆိုင်ရာတိုင်းဒေသကြီး/ပြည်နယ်နှင့်ညှိနှိုင်းပြီး ဦးစားပေးလျာထားချက်အပေါ်မှာမူတည်ပြီး ဆက်လက်ဆောင်ရွက်ပေးသွားမည်ဖြစ်ပါကြောင်း ပြန်လည်ရှင်းလင်းဖြေကြားအပ်ပါတယ်။ ကျေးဇူးတင်ပါတယ်။

**လယ်ယာမြေသစ်များ ဖော်ဆောင်နိုင်ရန် အသေးစား၊ အလတ်စား တာတမံများ၊ ရေလှောင်ကန်များ၊ ဆည်မြောင်းအင်ဂျင်နီယာများနှင့် လိုအပ်မည့် ဘဏ္ဍာငွေကြေးများ ခွင့်ပြုပေးနိုင်ခြင်းရှိ/မရှိနှင့် စပ်လျဉ်းသည့်မေးခွန်း**

**ဥက္ကဋ္ဌ**။ ။ဆောမဲဆန္ဒနယ်မှ ဦးကျော်တင် မေးမြန်းဖို့ဖြစ်ပါတယ်။

**ဦးကျော်တင်(ဆောမဲဆန္ဒနယ်)**။ ။ လေးစားရပါသော ပြည်သူ့လွှတ်တော်ဥက္ကဋ္ဌကြီးနှင့် ပြည်သူ့လွှတ်တော်ကိုယ်စားလှယ်များ၊ ဧည့်သည်တော်များခင်ဗျား။ အားလုံးမင်္ဂလာပါလို့ နှုတ်ခွန်း ဆက်သအပ်ပါတယ်။ ကျွန်တော်ကတော့ မကွေးတိုင်းဒေသကြီး၊ ဆောမဲဆန္ဒနယ်မှ ပြည်သူ့လွှတ်တော် ကိုယ်စားလှယ် ဦးကျော်တင် ဖြစ်ပါတယ်။ ကျွန်တော်မေးမြန်းလိုတာကတော့ လယ်ယာမြေသစ်များ ဖော်ဆောင်နိုင်ရန် အသေးစား၊ အလတ်စားတာတမံများ၊ ရေလှောင်ကန်များ၊ ဆည်မြောင်း အင်ဂျင်နီယာများနှင့် လိုအပ်မယ့်ဘဏ္ဍာငွေကြေးများ ခွင့်ပြုပေးနိုင်ခြင်းရှိ/မရှိ မေးမြန်းလိုခြင်း ဖြစ်ပါ တယ်။

ဥက္ကဋ္ဌကြီးခင်ဗျား။ ကျွန်တော်တို့မြို့နယ်အတွင်းမှာရှိတဲ့ ချောင်းများရဲ့ ကမ်းဘေးဝဲ/ယာမှာ ကိုယ်ထူကိုယ်ထရေဆင်းမြောင်းများဖြင့် စပါး၊ ဆီထွက်သီးနှံများနှင့် ကြက်သွန်ဖြူသီးနှံတို့ကို တစ်နှစ် လျှင် နှစ်သီးစားစိုက်ပျိုးလျက်ရှိပါတယ်။ အခုအခါမှာ ချောင်းများသည် သဲများဖုံးလွှမ်းလာပြီးတော့ မိုးကြီးတယ်၊ ရေကြီးရေလျှံဖြစ်ပေါ်လာတဲ့အတွက်ကြောင့်မို့လို့ နှစ်စဉ်လိုကြုံတွေ့လာနေရပြီဖြစ်ပါ တယ်။ မြောင်းပေါင်များ ရေတိုက်စားခြင်း၊ လယ်မြေများ ပျက်စီးဆုံးရှုံးလျက်ရှိပါတယ်။ လယ်သမား များဟာလည်း လယ်ယာမဲ့တွေ ဖြစ်လာရပါတယ်။ ဒါကြောင့်မို့လို့ ကျွန်တော့်အနေနဲ့ လွှတ်တော် နားရက်အတွင်းမှာ ကျေးရွာလူထုနှင့်တွေ့ဆုံပွဲများမှာ လယ်သစ်၊ ယာသစ်၊ အလုပ်အကိုင်သစ်များ ပေါ်ပေါက်လာစေရန်၊ တစ်နည်းအားဖြင့် ဆင်းရဲမှုလျှော့ချနိုင်ရန် အပြန်အလှန်ဆွေးနွေးညှိနှိုင်းပြီး လူထုဆန္ဒနှင့်အညီ ဖြစ်နိုင်ခြေနေရာများကို ကွင်းဆင်းကြည့်ရှုကာ အောက်ပါကျေးရွာများမှာ တာတမံ များ၊ ရေလှောင်ကန်များ၊ အသေးစား သို့မဟုတ် အလတ်စားပြုလုပ်ပြီး ရေသွင်းမြောင်းများဖြင့် တစ်နှစ်ကို နှစ်သီးစားစိုက်ပျိုးနိုင်မယ်လို့ ယူဆပါတယ်။ (၁) ရင်းကဲကျေးရွာ ရှဉ်ချောင်းတမံ ဧက ၁၀၀ ကျော်ခန့်၊ (၂) တောင်ဘို့ကြီးကျေးရွာ အရှောကြီးချောက်တမံ ဧက ၁၂၀ ခန့်၊ (၃) လယ်ဦးကျေးရွာ ရေလှောင်ကန်ဧက ၇၀ ကျော်၊ (၄) ကြန်တောကျေးရွာ ဆူးချောက်ရေလှောင်တမံ ဧက ၁၂၀ ကျော်၊ (၅) တေးကျေးရွာ-စံကျေးရွာမြောင်းမှ ဆက်ရန် အုတ်ဖို-မိုးကောင်းသောက်လယ်ဧက ၁၂၀ ခန့်၊ (၆)

တပြင်းကျေးရွာ ထိန်းချောင်းရေလှောင်တမံ လယ်ဧက ၂၀၀ ခန့်၊ (၇) အနိမ့်ကျေးရွာ ယောချောင်းမှ ပင်ထောင်ချောင်းသို့ ရေသွင်းမြောင်းအရှည် ငါးမိုင်၊ လယ်ဧက ၃၅၀ ခန့်၊ (၈) မြောက်မကျင်းကျေးရွာရှိ ပလွေးကန်အတွင်း ယောချောင်းရေမှ ပိုက်ဖြင့် ရေသွင်းစိုက်ပျိုးမြေဧက ၃၀၀ ခန့်၊ (၉) ပိန္နဲကျေးရွာရှိ ပိန္နဲတမံ စိုက်ပျိုးဧက ၅၀၀ ကျော် စုစုပေါင်း စိုက်ပျိုးနိုင်မယ့်မြေဧကဟာ ၁၉၆၀ ခန့် ရှိပါတယ်။ အထက်ပါတာတမံများ၊ ရေလှောင်ကန်များ တည်ဆောက်ပေးခြင်းဖြင့် သဘာဝပတ်ဝန်းကျင် ပျက်စီးမှုနည်းပါးခြင်း၊ ဘေးထွက်ဆိုးကျိုးနည်းပါးခြင်းတို့အပြင် ချောင်းဘေးပျက်စီးသွားတဲ့ လယ်ယာမြေများအစားထိုးဖြစ်ပေါ်လာပြီး ကျေးရွာများဖွံ့ဖြိုးတိုးတက်လာမည်ဖြစ်ခြင်းကြောင့် နိုင်ငံတော်အစိုးရမှ အသေးစား သို့မဟုတ် အလတ်စားတာတမံများ၊ ရေလှောင်ကန်များ၊ ရေသွင်းမြောင်းများ တည်ဆောက်နိုင်ရေးအတွက် စက်ယန္တရားများ၊ ဆည်မြောင်းအင်ဂျင်နီယာများနှင့် လိုအပ်တဲ့ဘဏ္ဍာငွေများကို ခွင့်ပြုပေးနိုင်ခြင်းရှိ/မရှိနဲ့ မည်သည့်နှစ်တွင် မည်သည့်တမံတည်ဆောက်ပေးမည်ဖြစ်ကြောင်းကို နယ်လူထု၏ကိုယ်စား သက်ဆိုင်ရာဝန်ကြီးဌာနအား ပြည်သူ့လွှတ်တော်ဥက္ကဋ္ဌကြီးမှတစ်ဆင့် မေးမြန်းအပ်ပါတယ်ခင်ဗျား။ အားလုံးကို ကျေးဇူးတင်ပါတယ်။

**ဥက္ကဋ္ဌ**။ ။ စိုက်ပျိုးရေး၊ မွေးမြူရေးနှင့် ဆည်မြောင်းဝန်ကြီးဌာနက ဖြေကြားရန်ဖြစ်ပါတယ်။

**ဖြေကြားချက်**

**ဦးလှကျော်(ဒုတိယဝန်ကြီး၊ စိုက်ပျိုးရေး၊ မွေးမြူရေးနှင့် ဆည်မြောင်းဝန်ကြီးဌာန)**။ ။ လေးစားအပ်ပါသော ပြည်သူ့လွှတ်တော်ဥက္ကဋ္ဌကြီးနှင့် လွှတ်တော်ကိုယ်စားလှယ်များခင်ဗျား။ မကွေးတိုင်းဒေသကြီး၊ ဆောမဲဆန္ဒနယ် ပြည်သူ့လွှတ်တော်ကိုယ်စားလှယ် ဦးကျော်တင်ရဲ့ လယ်ယာမြေသစ်များဖော်ဆောင်နိုင်ဖို့အတွက် အသေးစား၊ အလတ်စားတာတမံများ၊ ရေလှောင်ကန်များ၊ ဆည်မြောင်းအင်ဂျင်နီယာများနှင့် လိုအပ်မည့် ဘဏ္ဍာငွေကြေးများ ခွင့်ပြုပေးနိုင်ခြင်းရှိ/မရှိနှင့်စပ်လျဉ်းတဲ့မေးခွန်းကို ပြန်လည်ဖြေကြားပါမယ်။ မေးခွန်းအနေနဲ့ အနည်းငယ်ကျယ်ပြန့်တဲ့အတွက်ကြောင့် တစ်ချက်ခြင်း ပြန်လည်ဖြေကြားပေးမှာ ဖြစ်ပါတယ်။

စိုက်ပျိုးရေး၊ မွေးမြူရေးနှင့် ဆည်မြောင်းဝန်ကြီးဌာန၊ ဆည်မြောင်းနှင့်ရေအသုံးချမှုစီမံခန့်ခွဲရေး ဦးစီးဌာနအနေနဲ့ မကွေးတိုင်းဒေသကြီးအတွင်းမှာ စိုက်ပျိုးရေနှင့် သောက်သုံးရေတွေရရှိဖို့ ဆည်ငယ်၊ ကန်ငယ်များ ပြုပြင်တည်ဆောက်ပေးလျက်ရှိပါတယ်။ အလားတူပဲ အခြားရေရရှိရေးလုပ်ငန်းတွေကို

လည်းပဲ ဆောင်ရွက်ပေးလျက်ရှိပါတယ်။ ဒေသတွင်းရရှိနိုင်တဲ့ ရေအရင်းအမြစ် ပမာဏတွေအရ ဖြစ်မြောက်နိုင်စွမ်းရှိမှုအပေါ် အခြေခံပြီးတော့လည်းကောင်း၊ ကုန်ကျစရိတ်နှင့် အကျိုးဖြစ်ထွန်းမှု (Cost and Benefit)အခြေအနေကို ချိန်ဆတွက်ချက်ပြီးတော့ အကောင်အထည်ဖော် စီမံဆောင်ရွက်ပေးလျက်ရှိကြောင်း တင်ပြအပ်ပါတယ်။ လွှတ်တော်ကိုယ်စားလှယ်ရဲ့ မေးခွန်းပါလုပ်ငန်းများအနက်က လယ်မြေဧရိယာဧက ၅၀၀ ကျော် အကျိုးပြုနိုင်တဲ့ ဆောမြို့နယ်၊ ပိန္နဲကျေးရွာရှိ ပိန္နဲတမံမှာဒေသက ထိန်းသိမ်းထားတဲ့ တမံတစ်ခုဖြစ်ပါတယ်။ အဆိုပါတမံကို ရေသိုလှောင်နိုင်ဖို့အတွက် တာပေါင်မြှင့်တဲ့လုပ်ငန်း၊ ရေထုတ်ပြွန်ရေပိုလွှဲတည်ဆောက်ခြင်းလုပ်ငန်းကို လွန်ခဲ့တဲ့ ၂၀၁၃-၂၀၁၄ ဘဏ္ဍာရေးနှစ်အတွင်းမှာ တည်ဆောက်ပေးခဲ့ပါတယ်။ ဆည်ရေသောက်စနစ် တည်ဆောက်ခြင်းလုပ်ငန်းကိုလည်းပဲ ၂၀၁၅-၂၀၁၆ ဘဏ္ဍာရေးနှစ်အတွင်းမှာ တိုင်းဒေသကြီးရန်ပုံငွေနဲ့ တည်ဆောက်ပေးခဲ့ပြီးဖြစ်ပါတယ်။ ဒါ့အပြင် မြောက်မကျင်းကျေးရွာမှာရှိ ဒေသကထိန်းသိမ်းထားတဲ့ ပလွေးတမံကို တာပေါင်မြှင့်တဲ့လုပ်ငန်း၊ ရေထုတ်ပြွန်ရေပိုလွှဲစနစ်တကျထည့်သွင်းတဲ့လုပ်ငန်းကိုလည်းပဲ ယခင်နှစ် ၂၀၁၆-၂၀၁၇ ဘဏ္ဍာနှစ်မှာ တိုင်းဒေသကြီးရန်ပုံငွေနဲ့ ဆောင်ရွက်ပြီးစီးပြီဖြစ်တဲ့အတွက် မူလရေသောက်ဧရိယာ ၉၀ ဧကကို စိုက်ပျိုးရေကောင်းမွန်စွာပေးဝေနိုင်ခဲ့တဲ့ အခြေအနေဖြစ်ပါတယ်။ လွှတ်တော်ကိုယ်စားလှယ်တင်ပြချက်အရ အကျိုးပြုဧက ၃၀၀ အထိ လယ်ယာမြေများ တိုးချဲ့ဖော်ထုတ်ပြီး ရေပေးဝေနိုင်ရေးအတွက် ပလွေးတမံအတွင်းကို ယောချောင်းမှရေကို ပိုက်ဖြင့်သွယ်တန်းပြီး သွယ်ယူရန်ကိစ္စနှင့်ပတ်သက်၍ ကွင်းဆင်းလေ့လာခဲ့ပါတယ်။ ယောချောင်းရဲ့ကြမ်းပြင်အမှတ်က ပင်လယ်ရေမျက်နှာပြင်အထက် အမြင့်ပေ (RL - ၁၀၅၀)ပေခန့် ဖြစ်ပါတယ်။ ပလွေးကန်ရဲ့ကြမ်းပြင်အမြင့်အမှတ်က ပင်လယ်ရေမျက်နှာပြင်အထက် အမြင့်ပေ (RL -၁၁၀၉)ပေခန့်ဖြစ်တဲ့အတွက် ပလွေးကန်ဟာ ယောချောင်းထက် ၅၉ ပေခန့် မြင့်နေတဲ့အတွက် နည်းပညာပိုင်းဆိုင်ရာသုံးသပ်မှုအရ ဆောင်ရွက်ရန်မဖြစ်နိုင်ကြောင်း စိစစ်တွေ့ရှိတင်ပြအပ်ပါတယ်။

ထို့အတူ ရင်းကဲကျေးရွာအနီးမှာ ရှည်ချောင်းတမံတည်ဆောက်ပြီး စိုက်ပျိုးရေးဧက ၁၀၀ ကျော်ကို ရေပေးဝေမယ့်ကိစ္စနှင့်ပတ်သက်ပြီး စိစစ်တွေ့ရှိမှုကို ဖြေကြားပါမယ်။ ဆည်ရေပေးဝေမယ့်လယ်ယာမြေတွေဟာ တစ်ဆက်တစ်စပ်တည်းမရှိဘဲ မြေပြင်အနိမ့်အမြင့်မတူညီတဲ့ ကုန်းမြင့်ဧရိယာများဖြစ်ခြင်း၊ ရေပေးတူးမြောင်းများ ဆောက်ရာမှာလည်းပဲ မြေမျက်နှာပြင်အနိမ့်အမြင့်အနေအထားအရ တည်ဆောက်ရန်ခက်ခဲခြင်းများ၊ ဆည်ရေသောက်ဧရိယာအနေနဲ့လည်း နည်းပါးတဲ့အခြေအနေများရှိကြောင်း တွေ့ရှိရပါတယ်။ ဒါ့အတူ လယ်ဦးကျေးရွာအနီး ရေလှောင်ကန်တည်ဆောက်ပြီး

လယ်မြေ ၇၀ ဧကကို ရေပေးဝေစိုက်ပျိုးမယ့်ကိစ္စနှင့်ပတ်သက်ပြီး စိစစ်ခဲ့ပါတယ်။ အဆိုပါ တမံဟာ ခင်ပုတ်ချောက်ရိုးပေါ်မှာ တည်ဆောက်ရမှာဖြစ်ပြီး ခင်ပုတ်ချောက်ရိုးဟာ ရေဆင်းဧရိယာနည်းပါးလို့ မိုးရွာသွန်းတဲ့အချိန်မှာသာ ရေစီးဆင်းပြီး ကျန်ရှိအချိန်တွေမှာ ရေစီးဆင်းမှုမရှိတဲ့အတွက် စီးဝင်ရေ နည်းပါးပြီး အကျိုးပြုဧကဟာလည်း ဧက ၇၀ ခန့်သာရှိကြောင်း တွေ့ရှိရပါတယ်။ ဒါကြောင့်မို့လို့ အဘက်ဘက်က ချင့်ချိန်စဉ်းစားပြီး စီမံကိန်းကုန်ကျစရိတ်နဲ့ ရလာမယ့်အကျိုးအမြတ်အနေအထား အရ လက်ရှိအခြေအနေမှာ ဆောင်ရွက်ရန်မသင့်တော်ကြောင်း တွေ့ရှိရပါတယ်။

တောင်ဘိုကြီးကျေးရွာ၊ အရှောကြီးချောက်တမံ တည်ဆောက်ရန်နေရာဟာ ဂန့်ဂေါခရိုင်၊ ဆောမြို့နယ်၊ တောင်ဘိုကြီးကျေးရွာ အရှေ့မြောက်ဘက်နှစ်မိုင်ခန့် ဆောလောင်းရှည်ကားလမ်း အရှေ့ဘက် ၃ ဖာလုံခန့်အကွာ အရှောကြီးချောက်ပေါ်မှာ တည်ရှိပါတယ်။ အဆိုပါချောက်ရဲ့ရေဆင်း ဧရိယာဟာ နှစ်စတုရန်းမိုင်ခန့်ရှိပြီး တမံတည်ဆောက်မယ့်နေရာရဲ့ အောက်ခံမြေဟာ ကျောက်သား လွှာဖြစ်ပါတယ်။ မြင့်မားမတ်စောက်တဲ့ တောင်ကြောအတွင်းဖြစ်တဲ့အတွက် ရေဝပ်ဧရိယာ ကျဉ်းမြောင်းပါတယ်။ ရေသောက်နိုင်တဲ့ဧကဟာ လယ်မြေ ၇၀ ဧကခန့်နှင့် ယာမှလယ်ပြောင်း ၃၀ ဧကခန့်သာရှိတဲ့အတွက်ကြောင့် တမံတည်ဆောက်ရန် မသင့်လျော်ကြောင်း တွေ့ရှိရပါတယ်။ ကြန်တောကျေးရွာ၊ ဆူးချောက်ရေလှောင်တမံဟာ ရေဆင်းဧရိယာ ၁.၅ စတုရန်းမိုင်ရှိပါတယ်။ ရေဝပ် ဧရိယာကျယ်ပြန့်သော်လည်းပဲ ရေဝပ်ဧရိယာအတွင်းရှိတဲ့ တောင်သူခုနစ်ဦးရဲ့လယ်မြေ ခြောက်ဧက ခန့် ရေနစ်မြုပ်မှာဖြစ်ပြီး ရေသောက်နိုင်တဲ့လယ်မြေဧကကလည်း ဧက ၂၀ ခန့်သာရှိပါတယ်။ ယာကနေပြီးတော့ လယ်ကိုပြောင်းစိုက်မယ်ဆိုရင် ဧက ၅၀ ခန့်သာရရှိတဲ့အတွက် ရေသောက်ဧက နည်းပါးခြင်းတို့ကြောင့် ဆောင်ရွက်ရန် မသင့်လျော်ကြောင်းလည်း နည်းပညာပိုင်းအရ စိစစ်ရရှိပါ တယ်။ ထို့အတူ တပြင်းကျေးရွာ၊ ထိန်းချောင်းရေလှောင်တမံ တည်ဆောက်ဖို့ကိစ္စနှင့်ပတ်သက်၍ ထိန်းချောင်းဟာ ရေဆင်းဧရိယာ ၁၀ စတုရန်းမိုင်ခန့်ရှိပါတယ်။ မိုးတွင်းအခါမှာသာ ရေဆင်းပြီး နွေအခါရေစီးဆင်းမှုမရှိကြောင်း စိစစ်တွေ့ရှိရပါတယ်။ တမံတည်ဆောက်ဖို့ လျာထားတဲ့နေရာမှာရှိတဲ့ အောက်ခံမြေဟာကျောက်သားမြေဖြစ်ပြီး ကျောက်လွှာတွေဟာ ငိုက်၍လျောဆင်းနေခြင်း၊ ရေသိုလှောင် နိုင်တဲ့ဧရိယာနည်းပါးခြင်းနဲ့ တမံရေယိုစိမ့်မှုများပြားနိုင်ခြင်းတို့ကြောင့် တမံတည်ဆောက်ရန် မသင့်လျော်ကြောင်း တွေ့ရှိရပါတယ်။

အလားတူ အနိမ့်ကျေးရွာ ယောချောင်းကနေ ပင်ထောက်ချောင်းကို ရေသွယ်မြောင်းအရှည် ဖောက်လုပ်ရန်ဟာလည်းပဲ မြောင်းအရှည်ငါးမိုင်ခန့်ရှိမှာဖြစ်ပါတယ်။ ရေသောက်နိုင်တဲ့ဧကဟာ

မြောက်မကျင်းရွာကနေ ဧက ၁၀၀ ခန့်၊ ကျောက်မကျေးရွာကနေ ၁၀ ဧကခန့်နှင့် အနိမ့်ကျေးရွာမှ ယာမှ လယ်ပြောင်း ဧက ၁၉၀ ခန့် စုစုပေါင်းဧက ၃၀၀ ခန့်ရှိပါတယ်။ ယောချောင်းမှ ရေစတင် သွယ်ယူမယ့်နေရာဟာ ကျောက်ဆောင်ကမ်းပါးအောက် ရေကြောင်းပြောင်းလဲမှုနည်းပါးတဲ့နေရာမှာ သွယ်ယူရမှာဖြစ်ပြီး ရေသွင်းအဆောက်အဦနှင့် ရေသွင်းမြောင်းကို အခိုင်အမာတည်ဆောက်ပေးရန် လည်း လိုအပ်မှာဖြစ်ပါတယ်။ တေးကျေးရွာ-စံကျေးရွာမြောင်းကနေဆက်ပြီး မြောင်းသစ်ဖောက်လုပ် ရန်မှာ မြောင်းအသစ်ဟာ အလျား ၁.၅ မိုင်ခန့်ရှိမှာဖြစ်ပါတယ်။ ဝက်ခေါင်းချောက်အပါအဝင် ချောက်ရိုးငါးခုခန့်ကိုဖြတ်သန်း၍ ဖောက်လုပ်ရမှာဖြစ်ပါတယ်။ ၎င်းအပြင် စံကျေးရွာ(သုံးရာတော) မြောင်းပေါ်မှာရှိတဲ့ လဟော်ချောက်ရေသွယ်လျှောက်ကို ပြုပြင်ဆောင်ရွက်မှသာ မြောင်းသစ်ထဲကို စိုက်ပျိုးရေလုံလောက်စွာရရှိမယ့်အခြေအနေ ဖြစ်ပါတယ်။ ၎င်းတူးမြောင်းအသစ် ဖောက်လုပ်ပေးခြင်း အားဖြင့် လယ်မြေဧက ၅၀ နှင့် အုတ်ဖိုမြောင်းသောက်လယ်မြေ ၁၃၅ ဧကတို့ကို စိုက်ပျိုးရေပေးဝေ လာနိုင်မှာဖြစ်ပါတယ်။

သို့ဖြစ်တဲ့အတွက် လွှတ်တော်ကိုယ်စားလှယ်ကြီးရဲ့မေးခွန်းပါ အချက်အလက်များအပေါ်မှာ ခြုံငုံသုံးသပ်ဖြေကြားရမယ်ဆိုရင် မကွေးတိုင်းဒေသကြီး၊ ဆောမြို့နယ်အတွင်းရှိ တမံများတည်ဆောက် ပြုပြင်ခြင်းနှင့် ရေပေးမြောင်းများ တူးဖော်ခြင်းလုပ်ငန်းများနှင့်ပတ်သက်ပြီး ဒေသမှထိန်းသိမ်းထားတဲ့ တမံနှစ်ခုဖြစ်တဲ့ ပိန္နဲတမံနှင့်ပလွေးတမံအား ဌာနအနေဖြင့်လိုအပ်သလို ပြုပြင်တည်ဆောက်ပေးသွား မှာဖြစ်ပါတယ်။ ကျန်အသစ်တည်ဆောက်ရမယ့် တမံငါးခုဟာ စူးစမ်းလေ့လာမှုများ ဆောင်ရွက်ခဲ့မှု အရ တည်ဆောက်ရန်ဖြစ်မြောက်နိုင်စွမ်းမရှိခြင်း၊ စီမံကိန်းကုန်ကျစရိတ်နှင့် အကျိုးအမြတ်စိစစ်ချက် အရ ဆောင်ရွက်ရန်သင့်လျော်မှုမရှိကြောင်း ဖြေကြားအပ်ပါတယ်။ အသစ်တူးဖော်ပေးမယ့် တေးကျေးရွာနှင့် စံကျေးရွာမှာရှိတဲ့ ရေပေးမြောင်းနှင့် အနိမ့်ကျေးရွာရှိ ယောချောင်းမှ ပင်ထောက် ချောင်းကို ရေသွယ်မြောင်းတွေမှာ စူးစမ်းလေ့လာတိုင်းတာမှုများဆောင်ရွက်ပြီး ဆောင်ရွက်ရန် ဖြစ်မြောက်နိုင်စွမ်းရှိသဖြင့် ဒီဇိုင်းပြုစုရေးဆွဲပြီး ခန့်မှန်းကုန်ကျငွေတွက်ချက်ကာ လိုအပ်ရန်ပုံငွေကို တိုင်းဒေသကြီးအစိုးရအဖွဲ့ ၂၀၁၈-၂၀၁၉ ဘဏ္ဍာရေးနှစ်ပေါ်မှာအခြေခံပြီး ဆောင်ရွက်ပေးသွားမည် ဖြစ်ပါကြောင်း မကွေးတိုင်းဒေသကြီးအစိုးရအဖွဲ့ရဲ့ ဖြေကြားချက်နှင့်အတူ ပေါင်းစပ်ရှင်းလင်းဖြေကြား အပ်ပါတယ်။ ကျေးဇူးတင်ပါတယ်။

**မူကြမ်း**

**ပလက်ဝမြို့နယ်တွင် စိုက်ပျိုးစီးပွား ဖွံ့ဖြိုးတိုးတက်စေရန်အတွက် ဒေသနှင့်ကိုက်ညီသော စိုက်ပျိုးရေး နည်းပညာများ ပံ့ပိုးပေးခြင်း၊ ဈေးကွက်ဝင်သီးနှံများ စိုက်ပျိုးထုတ်လုပ်နိုင်ရန်အတွက် မတည်ရင်းနှီးငွေ များ ထောက်ပံ့ပေးခြင်း သို့မဟုတ် ချေးငွေများ ထုတ်ပေးခြင်းများကို အကောင်အထည်ဖော် ဆောင်ရွက် ပေးရန် အစီအစဉ်ရှိ/မရှိနှင့်စပ်လျဉ်းသည့်မေးခွန်း**

**ဥက္ကဋ္ဌ**။ ။ ပလက်ဝမဲဆန္ဒနယ်မှ ဦးစိန်အောင် မေးမြန်းဖို့ဖြစ်ပါတယ်။

**ဦးစိန်အောင်(ပလက်ဝမဲဆန္ဒနယ်)**။ ။ လေးစားအပ်ပါသော ပြည်သူ့လွှတ်တော် ဥက္ကဋ္ဌကြီးနှင့် ပြည်ထောင်စုအဆင့်အဖွဲ့အစည်းဝင်များ၊ လွှတ်တော်ကိုယ်စားလှယ်များနှင့် ဧည့်သည် တော်များအားလုံး မင်္ဂလာပါလို့ ဦးစွာနှုတ်ခွန်းဆက်သအပ်ပါတယ်။ ကျွန်တော်ကတော့ ချင်းပြည်နယ်၊ ပလက်ဝမဲဆန္ဒနယ်မှ ပြည်သူ့လွှတ်တော်ကိုယ်စားလှယ် ဦးစိန်အောင် ဖြစ်ပါတယ်။ ကျွန်တော့်အနေနဲ့ တောင်ပေါ်ဒေသဖြစ်တဲ့ ချင်းပြည်နယ်၊ ပလက်ဝမြို့နယ်မှ စိုက်ပျိုးစီးပွားဖွံ့ဖြိုးတိုးတက်စေရန်အတွက် ဒေသနှင့်ကိုက်ညီတဲ့ စိုက်ပျိုးရေးနည်းပညာများ ပံ့ပိုးပေးရန်နှင့် ဈေးကွက်ဝင်သီးနှံများ စိုက်ပျိုး ထုတ်လုပ်နိုင်ရန်အတွက် မတည်ရင်းနှီးငွေများ ထောက်ပံ့ပေးရန် သို့မဟုတ် သက်သာတဲ့နှုန်းထားဖြင့် ချေးငွေများထုတ်ပေးရန် အစီအစဉ်ရှိ/မရှိ မေးမြန်းသွားမှာဖြစ်ပါတယ်။ ပြည်သူ့လွှတ်တော်ဥက္ကဋ္ဌကြီး ခင်ဗျား။ ကျွန်တော်တို့ ပလက်ဝမြို့နယ်ဟာ ဧရိယာစတုရန်းမိုင်ပေါင်း ၃၁၂၇.၀၄ မိုင် ကျယ်ဝန်းပြီး တော့ လူဦးရေ ၉၈၀၀၀ ကျော် နေထိုင်လျက်ရှိပါတယ်။ မြို့နယ်လူဦးရေရဲ့ ၈ ရာခိုင်နှုန်းဟာ ကျေးလက်နေပြည်သူများဖြစ်ပြီးတော့ ၎င်းတို့ရဲ့ အဓိကအသက်မွေးဝမ်းကျောင်းလုပ်ငန်းဟာ ရွှေ့ပြောင်းတောင်ယာလုပ်ငန်းဖြစ်ပါတယ်။ မြို့နယ်မြေစာရင်းဦးစီးဌာနရဲ့ မြေအသုံးချမှုမှတ်တမ်းအရ တောင်ယာမြေ ၄၀၁၇၀ ဧက၊ လယ်ယာမြေ ၃၀၃၆ ဧက၊ ကိုင်းမြေ ၅၀၄၅ ဧကနှင့် ဥယျာဉ်မြေ ၅၂၅၂ ဧကရှိကြောင်း သိရပါတယ်။ အဓိကစိုက်ပျိုးတဲ့သီးနှံတွေကတော့ စပါး၊ နှမ်း၊ ပြောင်း၊ လိမ္မော်၊ သရက်၊ ၄က်ပျော၊ သီဟိုဠ်၊ ဂမုန်း၊ ဝဥနဲ့ ပဲအမျိုးမျိုးတို့ဖြစ်ပါတယ်။ ဒေသခံပြည်သူများရဲ့ လက်ရှိလုပ်ကိုင် နေတဲ့ ရွှေ့ပြောင်းတောင်ယာလုပ်ငန်းဟာ သမားရိုးကျပုံစံဖြစ်ခြင်း၊ စပါးမျိုးကောင်းမျိုးသန့်မရရှိ နိုင်ခြင်းနှင့် မြေဆီလွှာများ ခန်းခြောက်ညံ့ဖျင်းနေပြီဖြစ်ခြင်းတို့ကြောင့် သီးနှံအထွက်နှုန်းဟာ အလွန် နိမ့်ကျပြီးတော့ အဓိကစိုက်ပျိုးတဲ့ စပါးထွက်ရှိမှုဟာလည်း ဒေသဖူလုံမှုရဲ့ ၄၅ ရာခိုင်နှုန်းသာရှိကြောင်း သိရပါတယ်။ ရွှေ့ပြောင်းတောင်ယာစနစ်ဟာ သစ်တောပြုန်းတီးမှု၊ သဘာဝပတ်ဝန်းကျင်ပျက်စီးမှု၊ ရာသီဥတုပြောင်းလဲမှုနဲ့ သောက်သုံးရေရှားပါးမှုများကိုဖြစ်စေသော်လည်း တောင်သူများအနေဖြင့် အခြားရွေးချယ်စရာမရှိတဲ့အတွက် ရွှေ့ပြောင်းတောင်ယာလုပ်ငန်းကိုသာ ဆက်လက်လုပ်ကိုင်နေကြရ

**မူကြမ်း**

တာ ဖြစ်ပါတယ်။ လက်ရှိအခြေအနေမှာ တောင်ယာလုပ်ကိုင်သူတွေဟာ လုပ်သလောက်၊ ပင်ပန်းသလောက် အကျိုးမခံစားရတဲ့အနေအထားဖြစ်တဲ့အတွက် ပညာရေး၊ ကျန်းမာရေး၊ လူမှုရေး အပါအဝင် ဘဝရပ်တည်နိုင်ရေးအတွက်ပင် အလွန်ခက်ခဲ ကျပ်တည်းတဲ့အနေအထားမှာ ရှိနေကြပါတယ်။

ဥက္ကဋ္ဌကြီးခင်ဗျား။ သာမန်အားဖြင့် လူတိုင်းဟာ အလုပ်လုပ်ကြရမှာဖြစ်ပါတယ်။ ဒါပေမဲ့ အဲဒီအလုပ်ဟာ မိမိအတွက်၊ မိသားစုအတွက် အာမခံချက်ရှိဖို့လိုပါတယ်။ ဒီနေရာမှာ ကျွန်တော့်အနေနဲ့ အာမခံချက်ဆိုတာဟာ လုံလောက်မှုရှိခြင်း၊ ဖူလုံမှုရှိခြင်းကို ဆိုလိုတာဖြစ်ပါတယ်။ အဲဒါကြောင့် လက်ရှိသမားရိုးကျပုံစံနဲ့ဆောင်ရွက်နေတဲ့ တောင်သူတွေကို ပိုမိုတွက်ခြေကိုက်အောင်၊ ပိုမိုအကျိုးဖြစ်ထွန်းအောင်မြင်စေအောင် လိုအပ်နေတဲ့ စိုက်ပျိုးရေးနည်းပညာတွေ၊ မြေဩဇာတွေ၊ ပိုးသတ်ဆေးတွေကို ပံ့ပိုးပေးဖို့ လိုနေပြီးတော့ အဲဒီ မြေဩဇာတွေ၊ ပိုးသတ်ဆေးတွေကိုလည်း စနစ်တကျအချိန်ကိုက်အချိုးကျစွာ အသုံးပြုတတ်ရန် ပညာပေးဖို့လိုအပ်ပါတယ်ဆိုတဲ့အကြောင်း တင်ပြ လိုပါတယ်။ ဒ့ါအပြင် မျိုးမှန်မှအဖိုးတန်မည်ဆိုတဲ့စကားနှင့်အညီ အရည်အသွေးကောင်းမွန်တဲ့ အထွက်နှုန်းကောင်းတဲ့ မျိုးကောင်းမျိုးသန့်၊ မျိုးစေ့များရရှိနိုင်ရေးနဲ့ ဈေးကွက်ဝင်သီးနှံများရရှိဖို့လည်း လိုအပ်ပါတယ်။ ဈေးကွက်ဝင်သီးနှံများနဲ့ပတ်သက်လို့ ကျွန်တော်တို့ချင်းပြည်နယ်မှာ စောစောက ကျွန်တော်ဖော်ပြခဲ့တဲ့ မိမိတို့မြို့နယ်ရဲ့ အဓိကသီးနှံတွေအပါအဝင် တခြားမြို့နယ်တွေမှာ စပျစ်သီး၊ ပန်းသီး၊ ထောပတ်သီး၊ လက်ဖက်၊ ကော်ဖီ စတဲ့သီးနှံများလည်း ထွက်ရှိပါတယ်။ ဒါတွေကို ဒေသနှင့်ကိုက်ညီတဲ့ နည်းပညာအကူအညီဖြင့် ပိုမိုစိုက်ပျိုးထုတ်လုပ်နိုင်ရေးအတွက် ရင်းနှီးမတည်ငွေများကို သက်သာတဲ့နှုန်းထားဖြင့် ထုတ်ချေးပေးရန် နိုင်ငံတော်က စီစဉ်ဆောင်ရွက်ပေးဖို့လိုပါတယ်။ ဒ့ါအပြင် ခိုင်မာတဲ့ဈေးကွက်ချိတ်ဆက်ပေးရန် စိုက်ပျိုးရေးထုတ်ကုန်များကိုလည်း အဆင့်မြင့်ပြုပြင်ပြီးတော့ ရောင်းချနိုင်အောင် အသေးစား၊ အလတ်စား စက်မှုလုပ်ငန်းများကိုလည်း စီမံချက်ချအကောင်အထည်ဖော်ဆောင်ရွက်ပေးရန် လိုအပ်ပါတယ်။ ဈေးကွက်ရှိတဲ့ Organic farming စနစ်ဖော်ဆောင်ပေးရန်လည်း လိုအပ်ပါတယ်။ ဥက္ကဋ္ဌကြီးခင်ဗျား။ ကျွန်တော်တို့မြန်မာနိုင်ငံဟာ စိုက်ပျိုးရေးလုပ်ငန်းအတွက် ရေနှင့်မြေအရင်းအမြစ်တွေ၊ လုပ်သားတွေ လုံလောက်စွာရှိပါတယ်။ သို့သော်လည်းပဲ စိုက်ပျိုးရေးမှာ အိမ်နီးချင်းနိုင်ငံတွေနဲ့မယှဉ်နိုင်ဘဲ ရှိနေတာကိုတွေ့ရပါတယ်။ ဥက္ကဋ္ဌကြီးခင်ဗျား။ ဒုတိယအကြိမ် ပြည်သူ့လွှတ်တော် တတိယပုံမှန်အစည်းအဝေး နဝမမြောက်နေ့မှာ မြန်မာနိုင်ငံ သမ္မတထံမှပေးပို့တဲ့ စိုက်ပျိုးရေးနှင့်ဆည်မြောင်းဝန်ကြီးဌာနအတွက် အရှေ့ပိုင်းပြည်နယ်များ စိုက်ပျိုးစီးပွားဖွံ့ဖြိုးတိုးတက်ရေးဆောင်ရွက်

ရန် အပြည်ပြည်ဆိုင်ရာစိုက်ပျိုးရေးရန်ပုံငွေမှ အမေရိကန်ဒေါ်လာ ၅၆.၈ သန်း ချေးယူရန်ကိစ္စနှင့် စပ်လျဉ်း၍ ပြည်ထောင်စုကြီး။

**ဥက္ကဋ္ဌ**။ ။ နိဂုံးချုပ်ပါ။

**ဥက္ကဋ္ဌ**။ ။ စိုက်ပျိုးရေး၊ မွေးမြူရေးနှင့် ဆည်မြောင်းဝန်ကြီးဌာနက ဖြေကြားရန်ဖြစ်ပါတယ်။

**ဖြေကြားချက်**

**ဦးလှကျော်(ဒုတိယဝန်ကြီး၊ စိုက်ပျိုးရေး၊ မွေးမြူရေးနှင့် ဆည်မြောင်းဝန်ကြီးဌာန)**။ ။ လေးစားအပ်ပါသော ပြည်သူ့လွှတ်တော်ဥက္ကဋ္ဌကြီးနှင့် လွှတ်တော်ကိုယ်စားလှယ်များခင်ဗျား။ ချင်းပြည်နယ်၊ ပလက်ဝမဲဆန္ဒနယ်မှ ပြည်သူ့လွှတ်တော်ကိုယ်စားလှယ် ဦးစိန်အောင်ရဲ့မေးခွန်းအား ပြန်လည်ရှင်းလင်းဖြေကြားပေးပါမယ်။ ယခင်နှစ် ၂၀၁၆-၂၀၁၇ ခုနှစ်မှာ ပလက်ဝမြို့နယ်ရဲ့ အခြေအနေအရ လယ်ယာမြေစီမံခန့်ခွဲရေးနှင့် စာရင်းအင်းဦးစီးဌာနမှ မိမိမြို့နယ်အတွင်းမှာရှိတဲ့ လယ်၊ ယာ၊ ကိုင်း၊ ကျွန်း၊ ဥယျာဉ်ခြံ၊ တောင်ယာ စုစုပေါင်းလယ်မြေဧက ၁၁၃၁၀ ဧကအတွက် တောင်သူပေါင်း ၄၆၇၀၊ ဦးပိုင်ပေါင်း ၅၅၅၇ အတွက် လယ်ယာမြေလုပ်ပိုင်ခွင့်ပြုလက်မှတ်ပုံစံ(၇)များ ထုတ်ပေးခဲ့ပြီးဖြစ်ပါတယ်။ စိုက်ပျိုးရေး၊ မွေးမြူရေးနှင့် ဆည်မြောင်းဝန်ကြီးဌာန၊ စိုက်ပျိုးရေး ဦးစီးဌာနအနေနဲ့လည်းပဲ မြို့နယ်အတွင်း မျိုးကောင်းမျိုးသန့်၊ မျိုးစေ့များ ဖြန့်ဖြူးခြင်းနှင့် နည်းပညာ ပေးခြင်းလုပ်ငန်းတွေကိုလည်းပဲ ဆောင်ရွက်ပေးလျက်ရှိပါတယ်။ ၂၀၁၄-၂၀၁၅ ခုနှစ်မှစပြီး မျိုးကောင်းမျိုးသန့်ဖြန့်ဖြူးမှုအနေနဲ့ ကျွန်တော်တို့ စုစုပေါင်း ၅၇ ဧကစာဖြန့်ဖြူးစိုက်ပျိုးနိုင်ခဲ့ပါတယ်။ ၂၀၁၇-၂၀၁၈ ခုနှစ်မှာဆိုလို့ရှိရင်လည်း ပလက်ဝမြို့နယ်မှာ အစေ့ထုတ်ပြောင်း ဧက ၅၀ စာအတွက် ကီလို ၅၀၀ ကို ဖြန့်ဖြူးပေးဖို့ လျာထားဆောင်ရွက်လျက်ရှိပါတယ်။ နည်းပညာပြန့်ပွားရေးလုပ်ငန်း အနေနဲ့လည်းပဲ ၂၀၁၄-၂၀၁၅ ခုနှစ်မှ ကျေးရွာပေါင်း ၁၆၉ ရွာ၊ တောင်သူ ၇၉၂ ဦး၊ ၂၀၁၅-၂၀၁၆ ခုနှစ်တွင် ကျေးရွာပေါင်း ၁၆၉ ရွာ တောင်သူ ၂၀၇၆ ဦး၊ ၂၀၁၆-၂၀၁၇ ခုနှစ်မှာ ကျေးရွာ ၁၃၆ ရွာ တောင်သူ ၁၈၅၃ ဦးကို စိုက်ပျိုးရေးစနစ်၊ ပိုးမွှားရောဂါကာကွယ်ရေး၊ ဓာတ်မြေဩဇာ၊ ပိုးသတ်ဆေး စနစ်တကျသုံးစွဲနည်းနှင့် နည်းပညာဆိုင်ရာသင်တန်းများကိုလည်း ဆောင်ရွက်ပေးခဲ့ပါတယ်။ သီးနှံတွေ တစ်ဧကအထွက်နှုန်းတိုးတက်ဖို့အတွက် စိုက်ပျိုးရေးနည်းပညာအလေ့အကျင့်ကောင်းများ စနစ်တကျသုံးစွဲနိုင်ရေးအတွက်ကိုလည်းပဲ ၂၀၁၄-၂၀၁၅ ခုနှစ်မှာ ကျေးရွာပေါင်း ကိုးရွာမှာ စံပြ

စိုက်ကွက်များ ဆောင်ရွက်ပေးခဲ့ပါတယ်။ ၂၀၁၆-၂၀၁၇ ခုနှစ်မှာ မနောသုခစပါးမျိုးကို ကျေးရွာတစ်ရွာမှာ စံပြစိုက်ကွက်ဆောင်ရွက်ပေးနိုင်ခဲ့ပါတယ်။ မိုးစပါးစံပြအကွက်အနေနဲ့လည်းပဲ GAP စံပြကွက် မနောသုခ ဧက ၃၅၀ ကို အကောင်အထည်ဖော်ဆောင်ရွက်ပေးလျက်ရှိကြောင်း တင်ပြအပ်ပါတယ်။ တစ်ဖက်ကလည်း တောင်ယာစပါး စံပြကွက်အနေနဲ့လည်းပဲ ၂၀၁၄-၂၀၁၅ ခုနှစ်မှာ ကျေးရွာအုပ်စုနှစ်အုပ်စုမှာ စတင်ခဲ့ပြီးတော့ ၂၀၁၅-၂၀၁၆ ခုနှစ်မှာ ကျေးရွာသုံးရွာမှာ ငါးဧက၊ ၂၀၁၆-၂၀၁၇ ခုနှစ်မှာ ကျေးရွာ နှစ်ရွာမှာ သုံးဧက စံပြကွက်များ အကောင်အထည်ဖော်ဆောင်ရွက်ပေးခဲ့ပါတယ်။ ပလက်ဝမြို့နယ်မှာ ယခု ၂၀၁၇-၂၀၁၈ ခုနှစ်အတွင်း စိုက်ပျိုးရေးနည်းစနစ်စံပြကွက်တွေဖြစ်တဲ့ မျိုးစပါးအကောင်းဆုံးစီမံခန့်ခွဲမှု အလေ့အကျင့်ကောင်းများဖြစ်တဲ့ (Best Management Practices, BMP) စံပြကွက် ဧက ၂၀၀၊ မိုးစပါး မျိုးသန့်ပွားများရေးစံပြကွက် ဧက ၅၀၊ ဖူးစားပြောင်း ဧက ၁၀၀ ဆောင်ရွက်ခြင်းလုပ်ငန်းကို အကောင်အထည်ဖော် လုပ်ကိုင်လျက်ရှိကြောင်း တင်ပြအပ်ပါတယ်။ သွင်းအားစုများ၊ စံပြကွက်များဖြစ်တဲ့ ဆောင်းပဲတီစိမ်း စံပြကွက် ၂၀ ဧက၊ ဆောင်းမြေပဲဧက ၅၀၊ စံပြကွက်များလည်း ဆောင်ရွက်သွားမှာဖြစ်ပြီးတော့ ဒေသနှင့်ကိုက်ညီတဲ့မျိုးများ ရွေးချယ်စိုက်ပျိုးတတ်စေဖို့အတွက် တောင်ယာစပါး လေးမျိုး ယှဉ်ပြိုင် စမ်းသပ်ကွက် လေးဧက၊ လယ်စပါးသုံးမျိုး ယှဉ်ပြိုင်စမ်းသပ်ကွက် သုံးဧကကို ဆောင်ရွက်ပေးလျက်ရှိပါကြောင်း တင်ပြအပ်ပါတယ်။ ပလက်ဝမြို့နယ်မှာ ဒေသနှင့်ကိုက်ညီပြီး အထွက်ကောင်းမျိုးသန့်များဖြစ်တဲ့ ဆင်းသုခ မှတ်ပုံတင်မျိုးစေ့မျိုးစပါးတင်း ၁၅၀နဲ့ ဆောင်းမြေပဲဆင်းပဒေသာ-၁၁ တင်း ၂၅၀ ကိုလည်း ဖြန့်ဖြူးပေးသွားမှာဖြစ်ပါတယ်။ ဒေသတွင်း ရွှေ့ပြောင်းတောင်ယာစနစ်ပပျောက်ရေးကို အလေးထားစီစဉ်ဆောင်ရွက်လျက်ရှိတဲ့အခါမှာ ခေတ်မီတောင်စောင်းစိုက်ပျိုးနည်းစနစ်ကိုလည်း ကျွန်တော်တို့ ငါးဧကမှာ ဖော်ထုတ်ဆောင်ရွက်ပေးသွားမှာ ဖြစ်ပါတယ်။

ချင်းပြည်နယ်အစိုးရအဖွဲ့၏ ဖြေကြားချက်အရကြည့်မယ်ဆိုရင် လယ်ယာဖွံ့ဖြိုးရေးဘဏ်က နှစ်စဉ်ဘဏ်ချေးငွေများ ထုတ်ချေးပေးလျက်ရှိရာမှာ ပလက်ဝမြို့ဟာ နှစ်စဉ် မိုးဘဏ်ချေးငွေကို လျှောက်ထားခဲ့ခြင်းမရှိကြောင်း သိရှိရပါတယ်။ နိုင်ငံတော်အစိုးရရဲ့ ဘဏ်ချေးငွေများ တောင်းဆိုလာလို့ရှိရင် မြန်မာ့လယ်ယာဖွံ့ဖြိုးရေးဘဏ် ချင်းပြည်နယ်ဘဏ်ခွဲကနေပြီးတော့ ပလက်ဝမြို့နယ်အတွက် ချေးငွေစည်းကမ်းချက်များနှင့်အညီ လယ်ယာမြေလုပ်ပိုင်ခွင့် ပုံစံ(၇)လက်ဝယ်ရရှိပြီးသူတွေကို ယခု ၂၀၁၇-၂၀၁၈ ဘဏ္ဍာရေးနှစ် မိုးဘဏ်ချေးငွေထုတ်ချေးချိန်မှာ ချေးငွေရရှိရေးအတွက်လည်းပဲ လယ်ယာဖွံ့ဖြိုးရေးဘဏ်(ရုံးချုပ်)နဲ့ ဆက်စပ်ပြီး ဆောင်ရွက်ပေးသွားမည်ဖြစ်ကြောင်းလည်း

**မူကြမ်း**

ချင်းပြည်နယ်အစိုးရအဖွဲ့မှ ဖြေကြားထားပြီးဖြစ်ပါတယ်။ ချင်းပြည်နယ်မှာ သမဝါယမအသင်းပေါင်း ၆၀၉ သင်းရှိပါတယ်။ စိုက်ပျိုးထုတ်လုပ်ရေးသမဝါယမအသင်း၊ မွေးမြူရေးသမဝါယမအသင်းနှင့် ယက္ကန်းကုန်ထုတ်နှင့် စက်မှုလက်မှုကုန်ထုတ် သမဝါယမအသင်းနှင့် လယ်ယာမြေများအဆင့်မြှင့်တင် ပြုပြင်တဲ့ သမဝါယမအသင်း စုစုပေါင်း ၄၄၄ သင်းရှိပြီး အသင်းသား ၂၀၄၉၄ ဦးရှိပါတယ်။ ယင်းတို့အတွက် အသေးစားအရင်းအနှီးချေးငွေ ၇၃၉၈.၇၈၇ ကျပ်သန်း ထုတ်ချေးပေးထားပြီး ဖြစ်ပါတယ်။ ချင်းပြည်နယ်၊ ပလက်ဝမြို့နယ်မှာ သမဝါယမလုပ်ငန်းများ ဖွံ့ဖြိုးတိုးတက်ရေးအတွက်လည်းပဲ အသင်းများဖွဲ့စည်းဆောင်ရွက်ထားရှိပြီး အသင်း ၈၃ သင်းရှိ အသင်းသား ၃၃၈၉ ဦးကို စုဆောင်းငွေများအပါအဝင် ငွေကျပ်သန်းပေါင်း ၉၀၇.၆၈၁ ကျပ်သန်း ထုတ်ချေးထားပြီးဖြစ်ပါကြောင်း လွှတ်တော်ကိုယ်စားလှယ်ကြီးရဲ့မေးခွန်းအား ပြန်လည်ရှင်းလင်းဖြေကြားအပ်ပါတယ်။ ကျေးဇူးတင်ပါတယ်။

**မန္တလေးမြို့အပြင်ဘက်သို့ အိမ်ရာများတိုးချဲ့ဆောက်လုပ်နေထိုင်မှုကြောင့် ပုသိမ်ကြီးမြို့နယ်အတွင်းရှိ လယ်ယာမြေများ ပျက်စီးဆုံးရှုံးလာခြင်းအပေါ် သက်ဆိုင်ရာမှ အမြန်ဆုံးထိရောက်စွာ အရေးယူဆောင်ရွက်ပြီး ကာကွယ်စောင့်ရှောက်ပေးနိုင်ခြင်းရှိ/မရှိနှင့်စပ်လျဉ်းသည့်မေးခွန်း**

**ဥက္ကဋ္ဌ**။ ။ပုသိမ်ကြီးမဲဆန္ဒနယ်မှ ဦးသောင်းဌေးလင်း မေးမြန်းဖို့ဖြစ်ပါတယ်။

**ဦးသောင်းဌေးလင်း(ပုသိမ်ကြီးမဲဆန္ဒနယ်)**။ ။ လေးစားအပ်ပါသော ပြည်သူ့လွှတ်တော်ဥက္ကဋ္ဌကြီးနှင့် ပြည်ထောင်စု ဒုတိယဝန်ကြီး၊ ပြည်သူ့လွှတ်တော်ကိုယ်စားလှယ်တော်များ၊ လွှတ်တော်အတွင်း လာရောက်လေ့လာကြတဲ့ မိတ်သင်္ဂဟများအားလုံး မင်္ဂလာပါလို့ ဦးစွာနှုတ်ခွန်းဆက်သပါတယ်။ ကျွန်တော်ကတော့ မန္တလေးတိုင်းဒေသကြီး၊ ပုသိမ်ကြီးမဲဆန္ဒနယ် ပြည်သူ့လွှတ်တော်ကိုယ်စားလှယ် ဦးသောင်းဌေးလင်း ဖြစ်ပါတယ်။ ကျွန်တော့်မဲဆန္ဒနယ်ဖြစ်တဲ့ ပုသိမ်ကြီးမြို့နယ်ဟာ မန္တလေးခရိုင်အတွင်းရှိ မြို့နယ်ခုနစ်မြို့နယ်နှင့် နယ်မြေဧရိယာကျယ်ဝန်းပြီး လယ်ယာ၊ ဥယျာဉ်၊ ခြံမြေစိုက်ပျိုးအောင်မြင်ဖြစ်ထွန်းနေတဲ့ မြို့နယ်ဖြစ်ပါတယ်။ စားနပ်ရိက္ခာအတွက် ဆန်းစပါးကို အဓိကစိုက်ပျိုးပြီး ဒုတိယအနေနဲ့ ဇီး၊ သရက် စတဲ့ ဥယျာဉ်ခြံမြေတွေကို စိုက်ပျိုးထုတ်လုပ်ရောင်းချနေပါတယ်။ မန္တလေးခရိုင်အတွင်းမှာရှိတဲ့ ကျန်ခြောက်မြို့နယ်ဖြစ်တဲ့ အမရပူရ၊ ပြည်ကြီးတံခွန်၊ ချမ်းမြသာစည်၊ မဟာအောင်မြေ၊ ချမ်းအေးသာစံ၊ အောင်မြေသာစံမြို့တို့နှင့်ထိစပ်လျက်ရှိပြီး မြို့ပြလူဦးရေနဲ့ အိမ်ခြေများတိုးပွားလာခြင်းကြောင့် မြို့ပြထက် မြေဈေးသက်သာတဲ့ ပုသိမ်ကြီးမြို့နယ်

အတွင်းမှာ မြေယာတွေကို ဝယ်ယူပြီး အိမ်ရာများဆောက်လုပ်နေထိုင်မှု ပိုမိုများပြားလာတာဖြစ်ပါတယ်။

ဥက္ကဋ္ဌကြီးခင်ဗျား။ ကျွန်တော် ဒီမေးခွန်းကို မေးရတဲ့ရည်ရွယ်ချက်က ကျွန်တော်တို့ဟာ လူဦးရေများပြားလာရင်၊ တိုးတက်လာရင် လယ်ယာမြေတွေဆုံးပါးလာတာကို၊ လျော့ပါးလာတာကို ကျွန်တော်တို့ နားလည်ပေးလို့ရပါတယ်။ သို့သော် မြေယာကို ကျွန်တော်တို့ စနစ်တကျ ရည်ရွယ်ချက်ရှိရှိနဲ့ မြေယာကစားဖို့အတွက်၊ ဈေးကစားဖို့အတွက် ကျွန်တော်တို့ ဒီလိုဆောင်ရွက်လာတဲ့အပေါ်မှာ ကျွန်တော်တို့မှာရှိပြီးသား ဥပဒေ၊ နည်းဥပဒေနဲ့ တိတိကျကျ ကျွန်တော်တို့ရဲ့ လယ်ယာမြေတွေကို ကာကွယ်စောင့်ရှောက်ဖို့အတွက် ဒီမေးခွန်းကို မေးမြန်းရခြင်းဖြစ်ပါတယ်။

ဥက္ကဋ္ဌကြီးခင်ဗျား။ ၁၉၉၀ ခုနှစ်နောက်ပိုင်းမှာ ကျွန်တော်တို့ မန္တလေးမြို့သစ်၊ နောက် မန္တလေးစက်မှုမြို့သစ်ဆိုပြီးတော့ နှစ်ခါ တိုးချဲ့တုန်းကလည်း ကျွန်တော်တို့ ပုသိမ်ကြီးမြို့နယ် လယ်ယာမြေတွေ သိမ်းဆည်းခံခဲ့ရပါတယ်။ အဲဒီနောက် ၂၀၀၀ ပြည့်နှစ်နောက်ပိုင်းမှာလည်း မြေဈေးတွေ အင်မတန်ကောင်းလာတဲ့အတွက် အဖိုးတန်လယ်ယာမြေတွေကို တရားဝင်၊ တရားမဝင် အိမ်ရာတိုးချဲ့ရောင်းဝယ်နေထိုင်လာမှုကြောင့် ယခုအချိန်မှာဆိုရင် ကျွန်တော်တို့မြို့နယ်နဲ့ မန္တလေးမြို့ကြားမှာဆိုရင် ပြည်ထဲရေးအမည်မပေါက်သေးတဲ့ ရပ်ကွက်ကြီးတွေပေါ်ပေါက်လျက်ရှိပါတယ်။ မြေဈေးကစားလိုသူတွေဟာ၊ မြေပွဲစားတွေဟာ လယ်သမားများမက်မောလောက်တဲ့ငွေကြေးနဲ့ဝယ်ယူပြီး မြို့ပြမှ ဝင်ငွေနည်းပါးသူတွေ၊ အငြိမ်းစားဝန်ထမ်းတွေအတွက် ဥပဒေမဲ့ အကွက်ရိုက်ပြီးတော့ ရောင်းချပါတယ်။ ၎င်းတို့အတွက်ကတော့ ဝင်ထွက်ကောင်းမွန်ပြီး မြေကွက်ကျယ်တွေကို တာဝန်ရှိသူတချို့နဲ့ ပူးပေါင်းပြီး လယ်ယာမြေကို အခြားနည်းသုံးစွဲခွင့်တွေ လျှောက်ထားပြီးရယူနေကြပါတယ်။ လယ်ယာမြေအပေါ်မှာ တရားမဝင်ဆောက်လုပ်နေထိုင်မှုကြောင့် မဖြစ်မနေအရေးယူဆောင်ရွက်ခဲ့ရင်လည်း ဝင်ငွေနည်းမိသားစု၊ အငြိမ်းစားမိသားစုများသာ ဥပဒေအရ အရေးယူခံရတာ တွေ့ရှိရပါတယ်။ ၎င်းတို့ကတော့ လွတ်မြောက်နေဆဲဖြစ်ပါတယ်။ အဲဒီရပ်ကွက်တွေဟာ ဒုစရိုက်မှုတွေ၊ မူးယစ်ဆေးဝါးရောင်းဝယ်မှုတွေ စသည်တွေကြောင့် တရားဥပဒေစိုးမိုးရေးပိုင်းမှာလည်း အားနည်းလျက်ရှိပါတယ်။ အဲဒီတော့ ဒီမေးခွန်းထဲမှာဆိုရင် ကျွန်တော်တို့ လတ်တလောလေးကမှ မကြာခင်မှာ ယခင် မန္တလေးစက်မှုတက္ကသိုလ်(MIT)ခေါ် ယခုမှာကျတော့ မန္တလေးနည်းပညာတက္ကသိုလ် မန္တလေးအတွင်းမှာဆိုရင်လည်း သိမ်းဆည်းထားတဲ့ လယ်ယာမြေအတွင်းမှာကိုပဲ ပြောင်ပြောင်တင်းတင်း ရောင်းဝယ်ဖောက်ကားလာတာကို တွေ့ရှိကြားသိနေရပါတယ်။ ကျွန်တော်တို့ ယခင်ကဆိုလျှင် မန္တလေးမြို့အပြင်ဘက်မှာဆိုရင်

ကျွန်တော်တို့ ပုသိမ်ကြီးမြို့နယ်မှာရှိတဲ့ လယ်ယာမြေတွေဟာ ရန်ကင်းတောင်၊ မန္တလေးတောင်အရှေ့ခြမ်းမှာဆိုရင် စိမ်းလန်းပြီးတော့ ကွင်းပြင်ကျယ်ကြီးတွေကို တွေ့ရှိရမှာဖြစ်ပါတယ်။ ယနေ့အချိန်မှာဆိုရင် ကျွန်တော်တို့က တိုက်တာအဆောက်အဦတွေ၊ ရည်ရွယ်ချက်ရှိရှိနဲ့ အုတ်နံရံ၊ ဝန်းနံရံကျယ်ကျယ်တွေနဲ့ ရယူထားတဲ့မြေကွက်ကြီးတွေကိုပဲ တွေ့ရှိရတော့မှာဖြစ်ပါတယ်။ နောက်ကျွန်တော် ဆက်စပ်တင်ပြလိုတာကတော့ ကျွန်တော်တို့မြို့နယ်အတွင်းမှာရှိတဲ့ လယ်ယာမြေတွေအပါအဝင် ကျွန်တော်တို့ မန္တလေးမြို့မှာရှိတဲ့ စီးပွားရေးအများစု ကျောက်အရောင်းအဝယ်၊ အိမ်အရောင်းအဝယ်၊ လယ်ယာမြေအရောင်းအဝယ်လုပ်နေတဲ့သူတွေကို နောက်ကွယ်ကနေ ရည်ရွယ်ချက်ရှိရှိနဲ့ အဖွဲ့အစည်းတွေ၊ ပြည်ပနိုင်ငံတွေကတောင် ငွေကြေးတွေထောက်ပံ့နေသလားလို့ ကျွန်တော်တို့ သံသယရှိမိပါတယ်။ ဒါကြောင့်မို့လို့ ကျွန်တော်တို့ ပြည်ထောင်စုဝန်ကြီးနှင့်တကွ သက်ဆိုင်ရာအစိုးရတာဝန်ရှိသူတွေက ဒီကိစ္စတွေကို စနစ်တကျကြပ်မတ်ဆောင်ရွက်သင့်ပြီလို့လည်း ဆက်စပ်တင်ပြလိုပါတယ်။

သို့ပါ၍ လွှတ်တော်ဥက္ကဋ္ဌကြီးမှတစ်ဆင့် မေးမြန်းလိုသည်မှာ မန္တလေးမြို့အပြင်ဘက်သို့ အိမ်ရာများတိုးချဲ့ဆောက်လုပ်နေထိုင်မှုကြောင့် မိမိတို့ ပုသိမ်ကြီးမြို့နယ်အတွင်းရှိ နိုင်ငံတော်အတွက် အဖိုးတန်လယ်ယာမြေများ ပျက်စီးဆုံးရှုံးလာခြင်းအပေါ် သက်ဆိုင်ရာမှ အမြန်ဆုံးထိရောက်စွာ အရေးယူဆောင်ရွက်ပြီး ကာကွယ်စောင့်ရှောက်ပေးနိုင်ခြင်းရှိ/မရှိသိလို၍ ဥက္ကဋ္ဌကြီးမှတစ်ဆင့် မေးမြန်းရခြင်းဖြစ်ပါတယ်။ အားလုံးကို ကျေးဇူးတင်ပါတယ်။

**ဥက္ကဋ္ဌ**။ ။ စိုက်ပျိုးရေး၊ မွေးမြူရေးနှင့် ဆည်မြောင်းဝန်ကြီးဌာနက ဖြေကြားရန် ဖြစ်ပါတယ်။

**ဖြေကြားချက်**

**ဦးလှကျော်(ဒုတိယဝန်ကြီး၊ စိုက်ပျိုးရေး၊ မွေးမြူရေးနှင့် ဆည်မြောင်းဝန်ကြီးဌာန)**။ ။ လေးစားအပ်ပါသော ပြည်သူ့လွှတ်တော်ဥက္ကဋ္ဌကြီးနှင့် လွှတ်တော်ကိုယ်စားလှယ်များခင်ဗျား။ မန္တလေးတိုင်းဒေသကြီး၊ ပုသိမ်ကြီးမြို့နယ်၊ ပြည်သူ့လွှတ်တော်ကိုယ်စားလှယ် ဦးသောင်းဌေးလင်းရဲ့ မေးခွန်းအား မန္တလေးတိုင်းဒေသကြီးအစိုးရအဖွဲ့၏ ဖြေကြားချက်နှင့်အတူ ပေါင်းစပ်ရှင်းလင်းဖြေကြားပေးသွားမှာဖြစ်ပါတယ်။ တိုင်းဒေသကြီးအစိုးရအဖွဲ့ရဲ့ ဖြေကြားချက်အရ အောက်ပါအတိုင်း သိရှိရပါတယ်။

မန္တလေးခရိုင်၊ ပုသိမ်ကြီးမြို့နယ်အတွင်း ကျေးရွာအုပ်စု ၅၉ အုပ်စု၊ ကွင်းပေါင်း ၂၁၅ ကွင်း၊ လယ်မြေဧရိယာ ၂၇၈၁၈ ဧက၊ ယာ/ကိုင်း/ဥယျာဉ်ဧရိယာ ၂၆၃၈၈ ဧက စုစုပေါင်း အသားတင် စိုက်ပျိုးနိုင်တဲ့ လယ်ယာမြေ ဧရိယာ ၆၁၇၇၄ ဧကရှိကြောင်း သိရှိရပါတယ်။ အဆိုပါလယ်ယာမြေ အပေါ်မှာ ၂၀၁၅-၂၀၁၆ ခုနှစ် လယ်ယာမြေဥပဒေပုဒ်မ ၃၀ ပုဒ်မခွဲ(က)၊ (ခ)အရ လယ်ယာမြေ အခြားနည်း အသုံးပြုခွင့်လျှောက်ထားပြီး ခွင့်ပြုမိန့်ရရှိပြီးတဲ့ လယ်ယာမြေဧက ၃၄.၉၁ ဧကနှင့် ယာ/ကိုင်း/ဥယျာဉ် မြေဧရိယာ ၆၄၈.၂၄ ဧက ပါဝင်ကြောင်း သိရှိရပါတယ်။

တိုင်းဒေသကြီးအတွင်းမှာ ပုသိမ်ကြီးမြို့နယ်အပါအဝင် မြို့နယ်တွေမှာ လယ်ယာမြေကို အခြားနည်းအသုံးပြုခွင့်ရရှိသူများအနေနဲ့ ခွင့်ပြုတဲ့ နေ့ရက်မှ ခြောက်လအတွင်း သတ်မှတ်ထားတဲ့ နည်းလမ်းအတိုင်း လုပ်ငန်းဆောင်ရွက်ပြီးစီးမှုမရှိတဲ့မြေတွေကို လယ်ယာမြေဥပဒေပုဒ်မ ၃၁ နှင့်အညီ အရေးယူဆောင်ရွက်သွားနိုင်ရေးအတွက် မြို့နယ်တွေကို တိုင်းဒေသကြီးအစိုးရအဖွဲ့မှ ဖွဲ့စည်းပေးတဲ့ လွှတ်တော်ကိုယ်စားလှယ်များ ပါဝင်တဲ့အဖွဲ့နဲ့ ကွင်းဆင်းစိစစ်ဆောင်ရွက်လျက်ရှိကြောင်း သိရပါတယ်။ တိုင်းဒေသကြီး လယ်ယာမြေစီမံခန့်ခွဲမှုအဖွဲ့ကနေပြီးတော့ ခွင့်ပြုမိန့်ရရှိပြီး ခြောက်လအတွင်း ဆောင်ရွက်မှုမရှိတဲ့ကိစ္စရပ်တွေပါ သီးခြားအမှုတွဲဖွင့်လှစ်ပြီး လယ်ယာမြေဥပဒေပုဒ်မ ၃၁ နှင့်အညီ အရေးယူဆောင်ရွက်သွားနိုင်ဖို့အတွက် ဗဟိုလယ်ယာမြေစီမံခန့်ခွဲရေးအဖွဲ့အနေနဲ့ ဆက်လက်စီမံ ဆောင်ရွက်သွားရမှာဖြစ်ပါတယ်။

တိုင်းဒေသကြီးအတွင်းမှာရှိတဲ့ မြို့နယ်တွေမှာ လယ်ယာမြေတွေအပေါ်မှာ အခြားနည်းသုံးစွဲခွင့် လျှောက်ထားမှုမရှိဘဲ စည်းကမ်းမဲ့၊ ဥပဒေမဲ့ဝင်ရောက်ကျူးကျော်ခြင်း၊ အကွက်ရိုက်ခြင်း၊ အဆောက် အဦဆောက်လုပ်အသုံးပြုနေမှုတွေအပေါ် လယ်ယာမြေဥပဒေ၊ နည်းဥပဒေနှင့်အညီ အရေးယူ ဆောင်ရွက်နေမှုနှင့်ပတ်သက်ပြီး တာဝန်နှင့်လုပ်ပိုင်ခွင့်ပေးထားတဲ့ မြို့နယ်လယ်ယာမြေစီမံခန့်ခွဲမှု အဖွဲ့တွေကနေ အဓိကဆောင်ရွက်ရန်ဖြစ်တဲ့အတွက် ဥပဒေ၊ နည်းဥပဒေနှင့်အညီ အရေးယူ ဆောင်ရွက်သွားဖို့ တိုင်းဒေသကြီး လယ်ယာမြေစီမံခန့်ခွဲမှုအဖွဲ့ကနေ မြို့နယ်လယ်ယာမြေစီမံခန့်ခွဲမှု အဖွဲ့များသို့ အကြောင်းကြားဆောင်ရွက်ထားပြီးဖြစ်ကြောင်း သိရှိရပါတယ်။

မန္တလေးတိုင်းဒေသကြီးအတွင်းမှာ လယ်ယာမြေများ ပျက်စီးဆုံးရှုံးမှုမရှိစေဖို့အတွက် လယ်ယာမြေဥပဒေ၊ နည်းဥပဒေနှင့်အညီ စည်းကမ်းဖောက်ဖျက်သူ မည်သူမဆို အရေးယူဆောင် ရွက်ရာမှာ ထိရောက်မှုရှိစေဖို့အတွက် မြို့နယ်တွေအတွင်း လယ်ယာမြေတွေအပေါ် ခွင့်ပြုမိန့်မရှိဘဲ

ဆောင်ရွက်နေခြင်းကို စာရင်းကောက်ခြင်း၊ စီမံချက်ရေးဆွဲပြီး ဒေသန္တရအမိန့်ထုတ်ပြန်ခြင်း စတဲ့ ကိစ္စရပ်တွေကို ဆောင်ရွက်သွားနိုင်ဖို့ တိုင်းဒေသကြီး လယ်ယာမြေစီမံခန့်ခွဲမှုအဖွဲ့ကနေပြီးတော့ တိုင်းဒေသကြီးအစိုးရအဖွဲ့များနဲ့ ပေါင်းစပ်ညှိနှိုင်းဆောင်ရွက်လျက်ရှိကြောင်း သိရပါတယ်။

ဗဟိုလယ်ယာမြေစီမံခန့်ခွဲမှုအနေနဲ့ နေပြည်တော်ကောင်စီ/တိုင်းဒေသကြီး/ပြည်နယ်/ခရိုင်/မြို့နယ် လယ်ယာမြေစီမံခန့်ခွဲမှုအဖွဲ့တွေကို လယ်ယာမြေအခြားနည်းအသုံးပြုခွင့် ခွင့်ပြုမိန့်ရရှိထားတဲ့ မြေဧရိယာတွေအပေါ်မှာ လုပ်ငန်းဆောင်ရွက်နေမှုအခြေအနေများနှင့်စပ်လျဉ်းပြီး ကွင်းဆင်း စစ်ဆေးတင်ပြဖို့နဲ့ စစ်ဆေးတွေ့ရှိချက်တွေကို စိစစ်ချက်(ပုံစံ-၁၆)နဲ့ မှတ်တမ်းဓာတ်ပုံများနှင့်အတူ ဗဟိုလယ်ယာမြေစီမံခန့်ခွဲမှုအဖွဲ့သို့ တင်ပြရန် နှစ်စဉ်ညွှန်ကြားဆောင်ရွက်ထားရှိပါတယ်။ လယ်ယာမြေအခြားနည်းအသုံးပြုခွင့် ရရှိသူတွေအနေနဲ့ လုပ်ငန်းအမျိုးအစား ဥပဒေနှင့်ညီညွတ်စွာ ခိုင်ခိုင်မာမာလုပ်ဆောင်သွားဖို့ မူလအဆိုပြုလုပ်ငန်းကိုသာ ဆောင်ရွက်ဖို့၊ မူလတင်ပြလုပ်ငန်းမှအပ အခြားလုပ်ငန်းများလွှဲပြောင်းဆောင်ရွက်ခြင်းမပြုဖို့ ခွင့်ပြုသည့်နေ့ရက်မှ ခြောက်လအတွင်း သတ်မှတ်တဲ့နည်းလမ်းအတိုင်း စတင်အသုံးပြုဖို့ လယ်ယာမြေဥပဒေပုဒ်မ ၃၁၊ နည်းဥပဒေ ၉၁ ပြဋ္ဌာန်းချက်တွေနဲ့အညီ တိကျစွာလိုက်နာဆောင်ရွက်သွားနိုင်ဖို့အတွက်လည်းပဲ လယ်ယာမြေစီမံခန့်ခွဲမှုအဆင့်ဆင့်မှ စိစစ်ဆောင်ရွက်သွားဖို့ ညွှန်ကြားချက်များ ထုတ်ပြန်ထားပြီးပြီလည်း ဖြစ်ပါတယ်။ သို့ဖြစ်တဲ့အလျောက် တိုင်းဒေသကြီး လယ်ယာမြေစီမံခန့်ခွဲမှုအဖွဲ့ကလည်း ခရိုင်/မြို့နယ် လယ်ယာမြေစီမံခန့်ခွဲမှုအဖွဲ့များကို ဆက်လက်ညွှန်ကြားဆောင်ရွက်ထားရှိပြီးဖြစ်ပါတယ်။

လယ်ယာမြေပေါ်မှာ ခွင့်ပြုချက်မရဘဲ အခြားနည်းသုံးစွဲခြင်းမပြုဖို့အတွက် ၂၀၁၂ ခုနှစ်၊ လယ်ယာမြေဥပဒေပုဒ်မ ၁၂ ပုဒ်မခွဲ(ဆ)မှာ ပြဋ္ဌာန်းပြီးဖြစ်ပါတယ်။ လယ်ယာမြေလုပ်ပိုင်ခွင့်ရရှိသူများအနေနဲ့ ပုဒ်မ ၁၂ ပါ စည်းကမ်းချက်များနှင့်အညီ ဆောင်ရွက်မှုမရှိဘဲလိုက်နာရန် ပျက်ကွက်မယ်ဆိုရင် လယ်ယာမြေဥပဒေပုဒ်မ ၁၉ မှာပါရှိတဲ့ (က) သတ်မှတ်ထားတဲ့ ဒဏ်ကြေးငွေပေးဆောင်စေခြင်း၊ (ခ) သတ်မှတ်ထားတဲ့နည်းလမ်းအတိုင်း လယ်ယာမြေကို ဆောင်ရွက်စေခြင်း၊ (ဂ) လယ်ယာမြေပေါ်မှ နှင်ထုတ်ထိုက်သူများကို နှင်ထုတ်ခြင်း၊ (ဃ) လယ်ယာမြေပေါ်မှာ ခွင့်ပြုချက်မရဘဲ ဆောက်လုပ်ထားတဲ့ အဆောက်အအုံများဖယ်ရှားခြင်း စတဲ့အမိန့်များကို ချမှတ်နိုင်ပြီးတော့ အဆိုပါအမိန့်များကို လိုက်နာခြင်းမရှိရင် လယ်ယာမြေဥပဒေပုဒ်မ ၂၀ အရ တရားရုံးမှာ ဦးတိုက်လျှောက်ထားပြီး ပြစ်မှုထင်ရှားပါက လယ်ယာမြေဥပဒေပုဒ်မ ၃၅ မှာ ဖော်ပြပါရှိတဲ့အတိုင်း အနည်းဆုံးခြောက်လမှ

အများဆုံးနှစ်နှစ်အထိ ထောင်ဒဏ်ချမှတ်ရမယ့်အပြင် အနည်းဆုံးကျပ်သုံးသိန်းမှ အများဆုံး ကျပ်ငါးသိန်းအထိ ငွေဒဏ်ချမှတ်နိုင်တယ်လို့ ပြဋ္ဌာန်းထားရှိပြီးဖြစ်ပါတယ်။

ဒါကြောင့်မို့လို့ မန္တလေးတိုင်းဒေသကြီးအတွင်း လယ်ယာမြေများပျက်စီးဆုံးရှုံးမှုမရှိဖို့ လယ်ယာမြေကို ခွင့်ပြုချက်မရဘဲ အခြားနည်းအသုံးပြုနေခြင်းတွေအပေါ်မှာ လယ်ယာမြေဥပဒေ၊ နည်းဥပဒေနှင့်အညီ အရေးယူဆောင်ရွက်သွားနိုင်ရေးအတွက် တိုင်းဒေသကြီးအစိုးရအဖွဲ့ရုံးမှ မြို့နယ်များသို့ ညွှန်ကြားထားပြီးဖြစ်ပါကြောင်းနဲ့ တိုင်းဒေသကြီး လယ်ယာမြေစီမံခန့်ခွဲမှုအဖွဲ့တွေကလည်းပဲ လယ်ယာမြေများအပေါ် ခွင့်ပြုမိန့်မရှိဘဲ အခြားနည်းအသုံးပြုဆောင်ရွက်နေသည့်ကိစ္စရပ်များအား လယ်ယာမြေဥပဒေ ပုဒ်မ ၁၉ အရ အရေးယူဆောင်ရွက်သွားဖို့အတွက် ခရိုင်၊ မြို့နယ်၊ လယ်ယာမြေစီမံခန့်ခွဲမှုအဖွဲ့များထံသို့ အသိပေးအကြောင်းကြားစိစစ်ဆောင်ရွက်လျက်ရှိပါကြောင်း လွှတ်တော်ကိုယ်စားလှယ်တော်ကြီးရဲ့မေးခွန်းအား ပြန်လည်ဖြေကြားအပ်ပါတယ်။ ကျေးဇူးတင်ပါတယ်။

**ဥက္ကဋ္ဌ**။ ။ မိုက်ပေးပါ။

**ဦးသောင်းဌေးလင်း(ပုသိမ်ကြီးမဲဆန္ဒနယ်)**။ ။ ဟုတ်ကဲ့။ အခုလို ပြည့်ပြည့်စုံစုံဖြေကြားပေးတဲ့ ဒုတိယဝန်ကြီးကို ကျေးဇူးတင်ပါတယ်။ စောစောက မေးခွန်းမေးမြန်းရတဲ့ ရည်ရွယ်ချက်ကလည်း ကျွန်တော်တင်ပြပြီးဖြစ်ပါတယ်။ ကျွန်တော်တို့က လယ်ယာမြေတွေက အဖိုးတန်လယ်ယာမြေတွေဖြစ်တဲ့အတွက် မန္တလေးမြောင်းမကြီးချောင်းပေါ့ တစ်နည်းအားဖြင့် ဆည်တော်ကြီးကပို့လွှတ်တဲ့ မြောင်းမကြီးကတစ်ဆင့် ကျွန်တော်တို့ ပုသိမ်ကြီးမြို့နယ် လယ်ယာမြေအများစုဟာ စိုက်ပျိုးဖြစ်ထွန်းအောင်မြင်တဲ့နေရာတွေဖြစ်ပါတယ်။ သို့သော် အစောကပြောသလို မြေဈေးကစားလိုသူရည်ရွယ်ချက်ရှိရှိနဲ့ မြေပွဲစားတွေဟာ ကျွန်တော်တို့ လယ်ယာမြေကို အခြားနည်းလျှောက်တယ်။ ဝန်ကြီးပြောပြသွားလိုပဲ ခြောက်လအတွင်းမှာ အကောင်အထည်ဖော်မယ်ဆိုတဲ့ကိစ္စမှာ ခြောက်လအတွင်းကို ကျွန်တော်တို့ သက်ဆိုင်ရာလွှတ်တော်ကိုယ်စားလှယ်အဖွဲ့တွေနဲ့ သွားရောက်စစ်ဆေးတဲ့အခါမှာ သူလျှောက်ထားတဲ့ခေါင်းစဉ်က လယ်ယာသုံးစက်ကိရိယာ၊ ဂိုဒေါင် အစသဖြင့် လျှောက်ထားတဲ့အချိန်မှာ ကျွန်တော်တို့ လွှတ်တော်ကိုယ်စားလှယ်များနဲ့ သွားရောက်ကြည့်ရှုတဲ့အချိန်မှာတော့ ထွန်းစက်လေးနှစ်စီး၊ သုံးစီးတို့ ဂေါ်ပြားလေး လေး၊ ငါးချောင်းတို့ အစသဖြင့် လယ်ယာနဲ့ပတ်သက်တဲ့ စက်ပစ္စည်းလေးတွေတော့ ခင်းကျင်းပြသထားပါတယ်။ စစ်ဆေးပြီး ကျွန်တော်တို့ တစ်ပတ်အတွင်း အဲဒီပစ္စည်းတွေမရှိတော့ပါဘူး။ ဂိုဒေါင်လည်း ပြန်ပိတ်သွားပြီ။ နောက်ပိုင်းကျတော့ ကျွန်တော်တို့

လူနေအိမ်တွေဖြစ်လာတယ်။ သို့မဟုတ် ဒီဟာ အခြားနည်းသုံးစွဲခွင့် ရထားပြီးဖြစ်တဲ့အတွက် ဈေးလည်းကောင်းသွားပြီး ပြန်ပြီးလက်လွှဲရောင်းမယ်။ နောက်နှစ်လ၊ သုံးလအတွင်း ပြန်ကြည့်လိုက် နှစ်လက်၊ သုံးလက်ပြောင်းသွားပြီး ဒီလိုအနေအထားလေးတွေဖြစ်နေတဲ့အတွက် ကျွန်တော်တို့က အခြားနည်းကို လွယ်လွယ်နဲ့လျှောက် လယ်ယာမြေတွေက မြန်မြန်ကုန်မယ်ဆိုရင် ကြာလာရင် ကျွန်တော်တို့ စားဝတ်နေရေးထဲမှာ ကျွန်တော်တို့ စားရေးအတွက် ဆန်းစပါး၊ စားနပ်ရိက္ခာရှားပါး လာနိုင်တယ်။ ကျွန်တော်တို့ နေရေးအတွက်ပါ အခက်အခဲတွေရှိလာနိုင်ပါတယ်။ အခုအချိန်မှာဆိုရင် တဖြည်းဖြည်းနဲ့ ကျွန်တော်တို့ မြန်မာလူမျိုးတွေက မန္တလေးမြို့ပြကနေ မြို့ပြင်ကို ရောက်လာတယ်။ မြို့ပြင်က လယ်မြေနဲ့ အိမ်ပါတစ်ခါ ထပ်ရောင်းပြီးတော့ ဟိုးဘက်ကိုထပ်ရွှေ့မယ်ဆိုရင် မန္တလေးမြို့ ဝန်းကျင်က မြန်မာလူမျိုးလိုက်ရှာဖို့တောင် တော်တော်ခက်ခဲသွားနိုင်ပါတယ်။ ဒါကြောင့် ကျွန်တော်တို့က လယ်ယာမြေကို အခြားနည်းသုံးစွဲခွင့်ကို ထိထိရောက်ရောက်ရှိပြီးသား ဥပဒေ၊ နည်းဥပဒေနဲ့ ကြပ်ကြပ်မတ်မတ်စိစစ်ဆောင်ရွက်ဖို့လိုပါတယ်။ မလိုအပ်ရင် လုံးဝကိုချမပေးဖို့ပါ ဆက်လက်ပြီး ဒါကို မေးမြန်းချင်ပါတယ်။ ဒါကြောင့် ရှိပြီးသား လယ်ယာမြေ အခြားနည်းသုံးစွဲခွင့်ကျပြီးသား မြေကွက်တွေ အပေါ်မှာ ဝန်ကြီးတို့အနေနဲ့ ဆက်လက်စောင့်ကြည့်ပေးနိုင်ခြင်းရှိ/မရှိ ဆက်စပ်မေးမြန်းရခြင်း ဖြစ်ပါတယ်။ ကျေးဇူးတင်ပါတယ်။

**ဥက္ကဋ္ဌ**။ ။ ပြန်လည်ဖြေကြားပေးပါ။

**ဦးလှကျော်(ဒုတိယဝန်ကြီး၊ စိုက်ပျိုးရေး၊ မွေးမြူရေးနှင့် ဆည်မြောင်းဝန်ကြီးဌာန)**။ ။ လွှတ်တော်ကိုယ်စားလှယ်တော်ကြီး ဦးသောင်းဌေးလင်းရဲ့ ဆက်စပ်မေးခွန်းနှင့်စပ်လျဉ်းပြီး ပြန်လည် ဖြေကြားပါမယ်။ ကျွန်တော်တို့မြန်မာနိုင်ငံရဲ့ လယ်ယာမြေရဲ့ သမိုင်းကိုပြန်လည်ဆန်းစစ်ကြည့်မယ် ဆိုရင် ၂၀၁၂ ခုနှစ် လယ်ယာမြေဥပဒေပေါ်ပေါက်လာတဲ့အခါမှာ လယ်ယာမြေကို စိုက်ပျိုး ထုတ်လုပ်မှုတိုးတက်ရေးအတွက်နဲ့ ယင်းလယ်ယာမြေကို အရင်းအနှီးပြုပြီး စိုက်ပျိုးထုတ်လုပ်တဲ့ တောင်သူလယ်သမားတွေကို အခွင့်အလမ်းပေးတဲ့အနေနဲ့ ပုဒ်မ ၃၀ အရ လယ်ယာမြေကို ရောင်း၊ ငှား၊ ပေါင်နှံဆောင်ရွက်နိုင်တဲ့ အခွင့်အလမ်းလေးတွေ ရခဲ့ပါတယ်။ ထို့အတူလည်းပဲ ပုံစံ(၇)နဲ့ ရောင်း၊ ငှား၊ ပေါင်နှံကိစ္စကိုလည်းပဲ ဆောင်ရွက်နိုင်တဲ့အခွင့်အလမ်းတွေရခဲ့ပါတယ်။ လက်ရှိအနေအထားမှာ လယ်ယာမြေကို အခြားနည်း နိုင်ငံတော်ဖွံ့ဖြိုးတိုးတက်ရေးအတွက် အခြားနည်းသုံးစွဲဖို့ ကျွန်တော်တို့ ခွင့်ပြုပေးတဲ့အခါမှာ အရင်းခံကျတာကတော့ မြို့နယ်အဆင့်ဖြစ်ပါတယ်။ မြို့နယ် အဆင့်ရဲ့ စိစစ်ထောက်ခံမှုနဲ့ သက်ဆိုင်ရာခရိုင်၊ တိုင်းဒေသကြီးအစိုးရအဖွဲ့ကနေပြီးတော့ တိုင်းလယ်စစ်အဖွဲ့

တွေရှိပါတယ်။ သူတို့ကနေပြီးတော့ ထောက်ခံချက်နဲ့ ကျွန်တော်တို့ ဗဟိုကို တင်ပြဆောင်ရွက်တာ ရှိပါတယ်။ ကျွန်တော်တို့ ဗဟိုလယ်ယာမြေစီမံခန့်ခွဲမှုအဖွဲ့အနေနဲ့ကလည်းပဲ မူသဘောအရ လယ်ယာကဏ္ဍမှာ အခြားနည်းသုံးစွဲမယ်ဆိုရင် ဒီသုံးစွဲမယ့်လယ်ယာမြေဟာ စိုက်ပျိုးထုတ်လုပ်မှုအတွက် အမှန်တကယ်မဖြစ်ထွန်းနိုင်တဲ့ မြေအတန်းအစားဖြစ်ဖို့ ကျွန်တော်တို့ရှိပါတယ်။ ဒီမြေအတန်းအစား ဖြစ်ခြင်း၊ မဖြစ်ခြင်းဟာ သက်ဆိုင်ရာအောက်ခြေက တင်ပြလိုက်တဲ့အပေါ်မှာ ကျွန်တော်တို့ စိစစ်ရခြင်း ဖြစ်ပါတယ်။ ဒီအပေါ်မှာ အခြေတည်ပြီးတော့မှ (၁) လယ်ယာကဏ္ဍဖွံ့ဖြိုးတိုးတက်ရေးအတွက် လယ်ယာကဏ္ဍနှင့်ဆက်နွယ်တဲ့လုပ်ငန်းများ အကောင်အထည်ဖော်ဆောင်ရွက်နိုင်ဖို့ လုပ်ငန်းတွေ ဆိုရင် လျှောက်ထားတဲ့ဧရိယာအပေါ်မှာ ချင့်ချိန်စိစစ်ပြီးတော့ ဒါခွင့်ပြုပေးတဲ့အခြေအနေရှိပါတယ်။ သို့သော်လည်းပဲ အကြောင်းကြောင်းတွေကြောင့် လယ်ယာမြေအပေါ်မှာ မြေကောင်းတွေ၊ လယ်ယာမြေကောင်းတွေအပေါ်မှာ ဆီဆိုင်ဆောက်တဲ့လုပ်ငန်းများ စသဖြင့် ဖြစ်ပေါ်ခဲ့တဲ့ဟာတွေလည်း ပြန်ပြီးတော့ မျက်ဝါးဝါးထင်ထင် တွေ့ခဲ့ရပါတယ်။ ဒါကြောင့်မို့လို့ အရင်းခံကျတာကတော့ မြို့နယ်အဆင့်ဖြစ်ပါတယ်။ မြို့နယ်အဆင့်ကနေပြီးတော့ သက်ဆိုင်ရာလယ်ယာမြေနှင့်စပ်လျဉ်းပြီးတော့ အခြားနည်းသုံးစွဲမယ်ဆိုရင် သုံးစွဲနိုင်ဖို့အတွက် လယ်ယာမြေနှင့်စပ်လျဉ်းတဲ့ ပုံစံ(၁၀၅)၊ (၁၀၆) ကို အကိုးအကားနဲ့ ဒီ GPS Satellite ကလာတဲ့ မြေပုံကအစ တင်ပြပြီးတော့ မြို့နယ်၊ မြို့နယ်ကနေ ခရိုင်၊ ခရိုင်ကနေပြီးတော့ တိုင်းဒေသကြီးအစိုးရအဖွဲ့ရဲ့ စိစစ်ထောက်ခံမှုအပေါ်မှာ ဆောင်ရွက်ပေးလျက်ရှိကြောင်း လွှတ်တော်ကိုယ်စားလှယ်တော်ကြီးကိုလည်း တင်ပြပါတယ်။ အဓိကကတော့ မြို့နယ်အဆင့်ဖြစ်တဲ့အတွက်ကြောင့်မို့လို့ ကျွန်တော်အရှေ့မှာတင်ပြသလိုပေါ့။ ဒီလယ်ယာမြေ အခြားနည်းသုံးစွဲဖို့အတွက်ကို အကောင်အထည်ဖော်ဆောင်ရွက်တဲ့အခါမှာ သက်ဆိုင်ရာတိုင်းဒေသကြီးက လွှတ်တော်ကိုယ်စားလှယ်တော်တွေရဲ့ ပူးပေါင်းကူညီမှုလည်းအများကြီး လိုအပ်ပါကြောင်း ရှင်းလင်းဖြေကြားအပ်ပါတယ်။ ကျေးဇူး တင်ပါတယ်။

**ဥက္ကဋ္ဌ**။ ။ အဲဒီအဓိကကျတဲ့ မြို့နယ်အဆင့် ဥပဒေနှင့်မညီတာလုပ်လို့ရှိရင် အထက်အဆင့်မှာတာဝန်ရှိပါတယ်။ အထက်အဆင့်က ကြပ်ကြပ်မတ်မတ်ထိထိရောက်ရောက်လုပ်ပေးဖို့တော့ လိုအပ်ပါတယ်။

**မာန်အောင်မြို့နယ်၊ မောင်းမကံကျေးရွာ အုပ်စု၊ ကံထောက်ကျေးရွာအနီးရှိ ကံထောက်လျှိုပိတ်ဆည်ကို ယခု ဘဏ္ဍာရေးနှစ်ကာလအတွင်း တည်ဆောက်ပေးရန် အစီအစဉ်ရှိ/မရှိနှင့် စပ်လျဉ်းသည့်မေးခွန်း**

**ဥက္ကဋ္ဌ**။ ။ မာန်အောင်မဲဆန္ဒနယ်မှ ဦးတင်နု(ခ)တင်နုအောင် မေးမြန်းဖို့ဖြစ်ပါတယ်။

**ဦးတင်နု(ခ)တင်နုအောင်(မာန်အောင်မဲဆန္ဒနယ်)**။ ။ လေးစားအပ်ပါသော ပြည်သူ့လွှတ်တော်ဥက္ကဋ္ဌကြီးနှင့် ပြည်သူ့လွှတ်တော်ကိုယ်စားလှယ်များ၊ ပြည်ထောင်စုဝန်ကြီးများနဲ့ ဧည့်သည်တော်များအားလုံးကို မင်္ဂလာပါလို့ ကျွန်တော်နှုတ်ခွန်းဆက်သအပ်ပါတယ်။ ကျွန်တော်ကတော့ ရခိုင်ပြည်နယ်၊ မာန်အောင်မဲဆန္ဒနယ်က ပြည်သူ့လွှတ်တော်ကိုယ်စားလှယ် ဦးတင်နု(ခ) တင်နုအောင် ဖြစ်ပါတယ်။ ဥက္ကဋ္ဌကြီးမှတစ်ဆင့် ကျွန်တော်မေးမြန်းလိုတဲ့မေးခွန်းကတော့ ကျွန်တော်တို့ မာန်အောင်မြို့နယ်၊ မောင်းမကံကျေးရွာအုပ်စု၊ ကံထောက်ကျေးရွာအနီးမှာရှိတဲ့ ကံထောက်လျှိုပိတ်ဆည်ကို ယခုဘဏ္ဍာရေးနှစ်အတွင်းမှာ တည်ဆောက်ပေးရန်အစီအစဉ်ရှိ/မရှိ၊ ရှိပါက မည်သည့်ကာလမှာ တည်ဆောက်ပေးမယ်။ မရှိပါက အဘယ်ကြောင့်မရှိသည်ကို သိလိုတဲ့အတွက် ပြည်သူများရဲ့ကိုယ်စား ဤမေးခွန်းကိုမေးမြန်းရခြင်းဖြစ်ပါတယ်။

ဥက္ကဋ္ဌကြီးခင်ဗျား။ ဤမေးခွန်းကို မေးမြန်းရခြင်းအကြောင်းကတော့ ကျွန်တော်တို့ မာန်အောင်ကျွန်းဟာ ရခိုင်ပြည်နယ်ထဲမှာရှိပြီး မြန်မာနိုင်ငံမှာ ဒုတိယအကြီးဆုံးကျွန်းဖြစ်ပါတယ်။ စတုရန်းမိုင် ၂၀၂ မိုင်ကျယ်ဝန်းပြီး အရှေ့အနောက် ၂၂ မိုင်၊ တောင်မြောက် ၁၈ မိုင်ရှိပါတယ်။ ကျွန်းတစ်ပတ်လုံးဟာ ၅၁ မိုင် ၄ ဖာလုံရှိပြီး ကျေးရွာအုပ်စု ၃၆ အုပ်စုနဲ့ မြို့ပေါ်ရပ်ကွက် ငါးရပ်ကွက်ရှိပါတယ်။ ကျေးရွာပေါင်း ၁၃၇ ရွာရှိပြီး လူဦးရေ ၆၅၀၀၀ ကျော်နေထိုင်တဲ့ ကျွန်းကြီးတစ်ကျွန်းလည်းဖြစ်ပါတယ်။ ဥက္ကဋ္ဌကြီးခင်ဗျား။ ကျွန်တော်တို့ မာန်အောင်ကျွန်းဟာ ဘင်္ဂလားပင်လယ်အော်ထဲမှာရှိပြီး မိုးရေချိန်တစ်နှစ်မှာ လက်မ ၂၀၀ ကျော် ရွာသွန်းတဲ့ကျွန်းတစ်ကျွန်းပါ။ မိုးရာသီမှာ မိုးများစွာရွာသွန်းပေမဲ့ နွေရာသီမှာရေအလွန်ရှားတဲ့ မြို့နယ်တစ်ခုဖြစ်ပါတယ်။ နွေရာသီရောက်ပြီးဆိုရင် ပြည်သူတွေဟာ ရေရှားတဲ့ဒဏ်ကို အလူးအလဲခံကြပါတယ်။ မိုးရေကိုသိုလှောင်ထားနိုင်တဲ့ တောင်ကျချောင်းတွေ၊ လျှိုတွေရှိပေမဲ့ အကြောင်းအမျိုးမျိုးကြောင့် ရေသိုလှောင်နိုင်တဲ့ လျှိုပိတ်ဆည်တွေ၊ ကန်ကြီးတွေ မပြုလုပ်နိုင်ခဲ့ပါဘူး။

ဥက္ကဋ္ဌကြီးခင်ဗျား။ ကျွန်တော်နဲ့ မြို့နယ်ဖွံ့ဖြိုးရေးအဖွဲ့ဝင်တွေဟာ ၂၀၁၀ ခုနှစ် ဇန်နဝါရီလက ပြည်နယ်ကတာဝန်ပေးတဲ့ ကျောက်ဖြူခရိုင်ဆည်မြောင်းနှင့် ရေအသုံးချရေးဦးစီးဌာနကအရာရှိတွေ

နဲ့အတူ မောင်းမကန်ကျေးရွာအုပ်စုရှိ ကံထောင့်ကျေးရွာအနီးမှာရှိတဲ့ ကံထောင့်လျှိုပိတ်ဆည်လုပ်နိုင်မည့်နေရာကို သွားရောက်ကြည့်ရှုခဲ့ကြပါတယ်။ အဲဒီလျှိုပိတ်ဆည်သာ တည်ဆောက်နိုင်မည်ဆိုပါက မာန်အောင်မြို့နယ် အရှေ့ခြမ်းမှာရှိတဲ့ ကျေးရွာအုပ်စု ၁၂ အုပ်စု၊ ကျေးရွာပေါင်း ၄၂ ရွာနဲ့ မြို့ပေါ်ရပ်ကွက် ၅ ရပ်ကွက်မှာနေထိုင်ကြတဲ့ အိမ်ထောင်စုပေါင်း ၅၉၀၀ ကျော်၊ လူဦးရေ ၂၅၀၀၀ တို့ဟာ သန့်ရှင်းတဲ့သောက်သုံး ရေရရှိကြမယ့်အပြင် လယ်မြေဧက ၃၀၀၀ ကျော်ကိုလည်း နွေရာသီမှာ စိုက်ပျိုးမွေးမြူရေးအတွက် အသုံးပြုနိုင်မည်ဖြစ်ပါတယ်။

ဥက္ကဋ္ဌကြီးခင်ဗျား။ ဒီကံထောက်လျှိုပိတ်ဆည်ကို ပြုလုပ်ပေးနိုင်ပါက ကျွန်တော်တို့ မာန်အောင်ကျွန်းပေါ်မှာနေထိုင်ကြတဲ့ ပြည်သူထက်ဝက်ကျော်ဟာ သန့်ရှင်းသောသောက်သုံးရေရရှိကြမယ့်အပြင် ကျေးလက်ပြည်သူများဟာ တစ်နှစ်ပတ်လုံး စိုက်ပျိုးမွေးမြူရေးလုပ်ငန်းများကို လုပ်ကိုင်နိုင်မှာဖြစ်ပါတယ်။ စိုက်ပျိုးမွေးမြူရေးလုပ်ငန်းများ တိုးတက်လာပြီး လူမှုဘဝဖွံ့ဖြိုးလာမှာလည်းဖြစ်ပါတယ်။ ဒါကြောင့် ပြည်သူများက ကျွန်တော်နဲ့တွေ့တိုင်း ဒီကံထောင့်လျှိုပိတ်ဆည်ကို တည်ဆောက်ပေးဖို့၊ သက်ဆိုင်ရာသို့တင်ပြပေးဖို့ အမြဲတင်ပြတောင်းဆိုကြပါတယ်။ ဥက္ကဋ္ဌကြီးခင်ဗျား။ ဒီကံထောင့်လျှိုပိတ်ဆည်ဟာ ကျွန်တော်တို့ မာန်အောင်ကျွန်းပေါ်မှာနေထိုင်တဲ့ ပြည်သူတွေအတွက် အမှန်တကယ်မရှိမဖြစ် လိုအပ်တဲ့ဆည်ဖြစ်နေပါတယ်။ ဒီလျှိုပိတ်ဆည်ကို ယခုဘဏ္ဍာရေးနှစ်အတွင်းမှာ တည်ဆောက်ပေးရန်အစီအစဉ်ရှိ/မရှိနဲ့ ရှိပါက ဘယ်အချိန်မှာ ပြုလုပ်ပေးမယ်။ မရှိပါက အဘယ်ကြောင့်မရှိသည်ကို သိရှိလိုတဲ့အတွက် ဥက္ကဋ္ဌကြီးမှတစ်ဆင့် သက်ဆိုင်ရာသို့မေးမြန်းပေးနိုင်ပါရန် ပြည်သူများရဲ့ကိုယ်စား လေးစားစွာတင်ပြအပ်ပါတယ်ခင်ဗျား။ အားလုံးကိုကျေးဇူးတင်ပါတယ်။

**ဥက္ကဋ္ဌ**။ ။ စိုက်ပျိုးရေး၊ မွေးမြူရေးနှင့် ဆည်မြောင်းဝန်ကြီးဌာနက ဖြေကြားရန်ဖြစ်ပါတယ်။

**ဖြေကြားချက်**

**ဦးလှကျော်(ဒုတိယဝန်ကြီး၊ စိုက်ပျိုးရေး၊ မွေးမြူရေးနှင့်ဆည်မြောင်းဝန်ကြီးဌာန)**။ ။ လေးစားအပ်ပါသော ပြည်သူ့လွှတ်တော်ဥက္ကဋ္ဌကြီးနှင့် လွှတ်တော်ကိုယ်စားလှယ်များခင်ဗျား။ ရခိုင်ပြည်နယ်၊ မာန်အောင်မဲဆန္ဒနယ် ပြည်သူ့လွှတ်တော်ကိုယ်စားလှယ် ဦးတင်နု(ခ)တင်နုအောင် ရဲ့ ရခိုင်ပြည်နယ်၊ မာန်အောင်မြို့နယ်၊ မောင်းမကံကျေးရွာအုပ်စု၊ ကံထောင့်ကျေးရွာအနီး ကံထောက်လျှိုပိတ်ဆည်ကို ယခု ဘဏ္ဍာကာလအတွင်း တည်ဆောက်ရန်အစီအစဉ်ရှိ/မရှိ၊ ရှိပါက မည်သည့်

ကာလမှာ တည်ဆောက်ပေးမည်။ မရှိပါက အဘယ်ကြောင့်မရှိသည်ကို သိရှိလိုခြင်းနဲ့ပတ်သက်တဲ့ မေးခွန်းကို ရခိုင်ပြည်နယ်အစိုးရအဖွဲ့ရဲ့ ဖြေကြားချက်နဲ့အတူ ပေါင်းစပ်ဖြေကြားပေးပါမယ်။ ကျွန်တော်တို့ ရခိုင်ပြည်နယ်၊ မာန်အောင်မြို့နယ်ဟာ သောက်သုံးရေရရှိရေးအတွက် လျှိုပိတ်တည်ဆောက်ပေးဖို့ အဆိုပြုတဲ့နေရာဟာ မာန်အောင်-ကံထောက်ကျေးရွာရဲ့ အနောက်တောင်ဘက် ၃ ဖာလုံခန့်အကွာ၊ ရေနံချောင်းပေါ်မှာဖြစ်ပါတယ်။ မာန်အောင်မြို့နယ်ဟာ ဘင်္ဂလားပင်လယ်အတွင်း တည်ရှိတဲ့ ရေပတ်လည်ဝိုင်းနေတဲ့ကျွန်းဖြစ်ကြောင်း သိရပါတယ်။ မိုးရာသီမှာ မိုးရေချိန်လက်မ ၂၀၀ ကျော် ရွာသွန်းသော်လည်းပဲ နွေရောက်တာနဲ့ သောက်သုံးရေရှားပါးခက်ခဲတဲ့ဒေသဖြစ်တဲ့အတွက် သောက်သုံးရေသိုလှောင်ထိန်းသိမ်းထားနိုင်မယ့် လျှိုပိတ်ဆည်တစ်ခု တည်ဆောက်ပေးရန်လိုအပ်လျက်ရှိကြောင်းသိရှိရပါတယ်။ ရေနံချောင်းပေါ်မှာ လျှိုပိတ်ဆည်တည်ဆောက်ပေးနိုင်ဖို့ ကွင်းဆင်းစစ်ဆေးခဲ့ပါတယ်။ ဒေသအနေနဲ့ ပုံမှန်အားဖြင့် မိုးရေချိန်များပြားစွာ ရွာသွန်းတဲ့ဒေသဖြစ်တယ်။ ဘင်္ဂလားပင်လယ်အော်မှ မုန်တိုင်းတွေကြောင့် ထူးကဲမိုးရေချိန်များနဲ့ ရွာသွန်းလေ့ရှိတဲ့ဒေသဖြစ်ခြင်းကြောင့် ဇလဗေဒဆိုင်ရာ စူးစမ်းလေ့လာခြင်းလုပ်ငန်းတွေကို ဦးစွာဆောင်ရွက်ရမည့်အခြေအနေရှိပါတယ်။ အခြားလိုအပ်တဲ့ မြေပြင်တိုင်းတာခြင်း၊ ဘူမိဗေဒဆိုင်ရာစူးစမ်းလေ့လာခြင်း၊ သဘာဝပတ်ဝန်းကျင်နှင့် လူမှုစီးပွားဘဝထိခိုက်နိုင်မှုရှိ/မရှိ ဆန်းစစ်လေ့လာခြင်းနှင့် ပြည်သူတွေရဲ့ သဘောတူညီမှု ဆန္ဒသဘောထားရယူခြင်းစတဲ့လုပ်ငန်းတွေကို အနည်းငယ်အချိန်ယူဆောင်ရွက်ရမယ့် အခြေအနေဖြစ်ပါတယ်။ ဒါကြောင့်မို့ သက်ဆိုင်ရာ လိုအပ်တဲ့စူးစမ်းလေ့လာမှုများ ဆောင်ရွက်ပြီးတဲ့နောက် စီမံကိန်းအရဖြစ်မြောက်နိုင်စွမ်းအမှန်တကယ်ရှိလာတဲ့အခါမှာ ဒီဇိုင်းပုံစံပြုစုပြီးတော့ စီမံကိန်းအတွက် ကုန်ကျစရိတ်ကိုတွက်ချက်ကာ ယခုဘဏ္ဍာရေးနှစ်မှာ ဆောင်ရွက်ပေးနိုင်ခြင်းမရှိသော်လည်းပဲ ပြည်နယ်အစိုးရအဖွဲ့ရဲ့ တိုင်းဒေသကြီးနဲ့ညှိနှိုင်းပြီး သက်ဆိုင်ရာရန်ပုံငွေရရှိတဲ့နှစ်မှာ အကောင်အထည်ဖော်ဆောင်ရွက်ပေးသွားနိုင်မည်ဖြစ်ပါကြောင်း ပြည်နယ်အစိုးရအဖွဲ့ရဲ့ဖြေကြားချက်နဲ့အတူ ပေါင်းစပ်ရှင်းလင်းဖြေကြားအပ်ပါတယ်။ ကျေးဇူးတင်ပါတယ်။

**ဥက္ကဋ္ဌ**။ ။ လွှတ်တော်ကိုယ်စားလှယ်များခင်ဗျား။ လယ်ယာမြေနဲ့အခြားမြေများ သိမ်းဆည်းခံရမှုနှင့်ပတ်သက်ပြီးတော့ ရပ်/ကျေး၊ မြို့နယ်၊ ခရိုင်၊ ပြည်နယ်/တိုင်းဒေသကြီး လယ်ယာမြေနှင့် အခြားမြေများသိမ်းဆည်းခံရမှု ပြန်လည်စိစစ်ရေးကော်မတီမှာ ပါဝင်ခွင့်မရရင်၊ အဲဒီကော်မတီတစ်ခုခု၊ တစ်နေရာရာမှာ ကျွန်တော်တို့ ကိုယ်စားလှယ်တွေပါဝင်ခွင့်မရရင် ဘာကြောင့်ပါဝင်ခွင့်မရတာလဲ။ ဘယ်လိုအကျိုးအကြောင်းပြသလဲ။ အဲဒါတွေအကုန်လုံး အသေးစိတ်ဖော်ပြပြီးတော့ မရတဲ့

ကိုယ်စားလှယ်များရှိရင် ကျွန်တော့်ဆီ အမြန်ဆုံးတင်ပေးပါ။ ကျွန်တော်လိုအပ်သလို ဆောင်ရွက်ပေးမှာ ဖြစ်ပါတယ်။

**ဥက္ကဋ္ဌ**။ ။ လွှတ်တော်ကိုယ်စားလှယ်များခင်ဗျား။ ဒီနေ့အတွက် မေးခွန်းများ မေးမြန်းခြင်း၊ ဖြေကြားခြင်း အစီအစဉ်ပြီးပါပြီ။

## ပြည်သူ့လွှတ်တော်၊ နိုင်ငံတကာဆက်ဆံရေးကော်မတီ၏ အစီရင်ခံစာကို သဘောတူလက်ခံရန် အဆိုတင်သွင်းခြင်းနှင့် လွှတ်တော်၏အတည်ပြုချက်ရယူခြင်း

**ဥက္ကဋ္ဌ**။ ။ လွှတ်တော်ကိုယ်စားလှယ်များခင်ဗျား။ ဒုတိယအကြိမ် ပြည်သူ့လွှတ်တော် ပဉ္စမပုံမှန်အစည်းအဝေး နဝမနေ့တွင် တင်သွင်းခဲ့တဲ့ နိုင်ငံတကာဆက်ဆံရေးကော်မတီရဲ့အစီရင်ခံစာ နှင့်စပ်လျဉ်းပြီး ဆွေးနွေးလိုတဲ့လွှတ်တော်ကိုယ်စားလှယ်များရှိပါက ၆-၆-၂၀၁၇ ရက်(အင်္ဂါနေ့) ညနေ ၄ နာရီနောက်ဆုံးထားပြီး အမည်စာရင်းတင်သွင်းရန် တောင်းခံခဲ့သော်လည်း အမည်စာရင်းတင်သွင်း သူကိုယ်စားလှယ်တစ်ဦးမျှမရှိပါ။ ယခုနိုင်ငံတကာဆက်ဆံရေးကော်မတီရဲ့အစီရင်ခံစာကို လွှတ်တော် က သဘောတူလက်ခံရန် အဆိုတင်သွင်းခြင်းနှင့် အတည်ပြုချက်ရယူခြင်းများ ဆောင်ရွက်မှာဖြစ်ပါ တယ်။ အဆိုတင်သွင်းရန် နိုင်ငံတကာဆက်ဆံရေးကော်မတီကို ဖိတ်ခေါ်ပါတယ်။

**ဦးဘိုဘိုဦး(အတွင်းရေးမှူး၊ နိုင်ငံတကာဆက်ဆံရေးကော်မတီ)**။ ။ အားလုံးမင်္ဂလာပါခင်ဗျား။ လေးစားအပ်ပါသောဥက္ကဋ္ဌကြီးခင်ဗျား။ ကျွန်တော်ကတော့ ပြည်သူ့လွှတ်တော်၊ နိုင်ငံတကာ ဆက်ဆံရေးကော်မတီအတွင်းရေးမှူး၊ စမ်းချောင်းမဲဆန္ဒနယ်မှ ဦးဘိုဘိုဦးဖြစ်ပါတယ်ခင်ဗျား။ ၂၀၁၇ ခုနှစ်၊ ဇွန်လ ၅ ရက်နေ့မှာ တင်သွင်းခဲ့တဲ့ ပြည်သူ့လွှတ်တော်နိုင်ငံတကာဆက်ဆံရေးကော်မတီရဲ့ ၂၀၁၆ ခုနှစ်၊ ဖေဖော်ဝါရီလ ၁ ရက်နေ့မှစပြီး ၂၀၁၇ ခုနှစ်၊ မတ်လ ၁၇ ရက်နေ့အထိ လုပ်ငန်း ဆောင်ရွက်မှုအစီရင်ခံစာကို ပြည်သူ့လွှတ်တော်သို့ တင်ပြခဲ့ပြီးဖြစ်ပါတယ်။ အဆိုပါအစီရင်ခံစာကို လွှတ်တော်မှ သဘောတူလက်ခံနိုင်ပါရန်နှင့် အတည်ပြုနိုင်ပါရန် လွှတ်တော်သို့ တင်သွင်းအပ်ပါတယ် ခင်ဗျား။ ကျေးဇူးတင်ပါတယ်။

**ဥက္ကဋ္ဌ**။ ။ လွှတ်တော်ကိုယ်စားလှယ်များခင်ဗျား။ အဆိုကို အတည်ပြုနိုင်ဖို့ လွှတ်တော်ရဲ့ သဘောထားရယူပါမယ်။ ပြည်သူ့လွှတ်တော်၊ နိုင်ငံတကာဆက်ဆံရေးကော်မတီရဲ့အစီရင်ခံစာကို အတည်ပြုရန် လွှတ်တော်က သဘောတူပါသလားခင်ဗျား။

သုံးကြိမ်တိုင်တိုင်မေးမြန်းပါသည်။ လွှတ်တော်က သဘောတူပါသည်။

**မှုကြမ်း**

**ဥက္ကဋ္ဌ**။ ။ လွှတ်တော်က သဘောတူတဲ့အတွက် နိုင်ငံတကာဆက်ဆံရေးကော်မတီရဲ့ အစီရင်ခံစာကို လွှတ်တော်က အတည်ပြုကြောင်း ကြေညာပါတယ်။ (သြဘာသံများ)

**ဦးမျိုးဇော်ဦး၊ လယ်ဝေးမဲဆန္ဒနယ်က နိုင်ငံတစ်ဝန်း သဘာဝဘေးအန္တရာယ်များနှင့် အင်းဆက်ပိုးမွှားများကြောင့် နစ်နာဆုံးရှုံးနေကြသော တောင်သူလယ်သမားများ၏ အကျိုးစီးပွားအတွက် အာမခံချက်ရှိစေမည့် သီးနှံအာမခံလုပ်ငန်းများကို ဆောလျင်စွာ အကောင်အထည်ဖော်ဆောင်ပေးရေး ပြည်ထောင်စုအစိုးရအား တိုက်တွန်းကြောင်း အဆိုတင်သွင်းခြင်းနှင့် လက်ခံဆွေးနွေးရန်သင့်/မသင့်အဆုံးအဖြတ်ရယူခြင်း**

**ဥက္ကဋ္ဌ**။ ။ လွှတ်တော်ကိုယ်စားလှယ်များခင်ဗျား။ လယ်ဝေးမဲဆန္ဒနယ်မှ ဦးမျိုးဇော်ဦးက အဆိုတစ်ရပ် တင်သွင်းထားပါတယ်။ ဦးမျိုးဇော်ဦးအား အဆိုတင်သွင်းဖို့ ဖိတ်ခေါ်ပါတယ်။

**ဦးမျိုးဇော်ဦး(လယ်ဝေးမဲဆန္ဒနယ်)**။ ။ ရိုသေလေးစားရပါသော ပြည်သူ့လွှတ်တော်ဥက္ကဋ္ဌကြီးနှင့် လွှတ်တော်ကိုယ်စားလှယ်များ၊ ပြည်ထောင်စုဒုတိယဝန်ကြီးနှင့် ဧည့်သည်တော်များအားလုံး မင်္ဂလာပါလို့ ဦးစွာပဏာမ နှုတ်ခွန်းဆက်သအပ်ပါတယ်။ ကျွန်တော်ကတော့ မန္တလေးတိုင်းဒေသကြီး၊ လယ်ဝေးမဲဆန္ဒနယ်က ဦးမျိုးဇော်ဦး ဖြစ်ပါတယ်။ ကျွန်တော့်အနေနဲ့ နိုင်ငံတစ်ဝန်းသဘာဝဘေးအန္တရာယ်များနှင့် အင်းဆက်ပိုးမွှားများကြောင့် နစ်နာဆုံးရှုံးနေကြသော တောင်သူလယ်သမားများ၏ အကျိုးစီးပွားအတွက် အာမခံချက်ရှိစေမည့် သီးနှံအာမခံလုပ်ငန်းများကို ဆောလျင်စွာ အကောင်အထည်ဖော်ဆောင်ပေးရေး ပြည်ထောင်စုအစိုးရအား တိုက်တွန်းကြောင်းအဆိုကို တင်သွင်းသွားမှာပဲ ဖြစ်ပါတယ်။ လေးစားအပ်တဲ့ဥက္ကဋ္ဌကြီးခင်ဗျား။ ကျွန်တော်တို့နိုင်ငံဟာ စိုက်ပျိုးရေးကို အခြေခံတဲ့ စိုက်ပျိုးရေးနိုင်ငံတစ်နိုင်ငံဖြစ်တာနှင့်အညီ နိုင်ငံ့လူဦးရေရဲ့ ၇၀ ရာခိုင်နှုန်းဟာ တောင်သူလယ်သမားတွေ ဖြစ်ကြပါတယ်။ တောင်သူလယ်သမားတွေရဲ့ လူမှုစီးပွားဘဝတွေဖွံ့ဖြိုးတိုးတက်မှ တိုင်းပြည်လည်း ဖွံ့ဖြိုးတိုးတက်လာမှာဖြစ်ပါတယ်။ လယ်ယာစိုက်ပျိုးရေးကဏ္ဍဟာ ရာသီဥတုပြောင်းလဲမှုအပေါ် မူတည်ပြီး အလွယ်တကူပျက်စီးတတ်တဲ့ကဏ္ဍကြီးတစ်ခုလည်း ဖြစ်ပါတယ်။ ရာသီဥတုပြောင်းလဲမှု အပါအဝင် မိုးသည်းထန်ခြင်း၊ ရေကြီးရေလျှံခြင်း၊ မိုးခေါင်ခြင်း၊ ရေရှားပါးခြင်း၊ အပူချိန်ပြင်းထန်ခြင်း အစရှိတဲ့ အကြောင်းအမျိုးမျိုးတွေကြောင့် တောင်သူလယ်သမားများရဲ့ စိုက်ပျိုးသီးနှံများနှင့် လယ်ယာစိုက်ခင်းများဟာ နှစ်စဉ်နှစ်တိုင်းနီးပါးပျက်စီးဆုံးရှုံးထိခိုက်နေရတာ အားလုံးအသိပဲဖြစ်ပါတယ်။

**မူကြမ်း**

လေးစားအပ်တဲ့ဥက္ကဋ္ဌကြီးခင်ဗျား။ ကျွန်တော့်ကို လိုအပ်တဲ့နေရာမှာ Power Point သုံးစွဲခွင့်ပြုပါခင်ဗျား။ ဥက္ကဋ္ဌကြီးခင်ဗျား။ German Watch အဖွဲ့ကထုတ်ပြန်တဲ့ Global Climate Risk Index 2016 အရ ၁၉၉၅ ခုနှစ်မှ ၂၀၁၄ ခုနှစ်အတွင်း ရာသီဥတုကြောင့် ပျက်စီးဆုံးရှုံးမှုဒဏ်ခံရဆုံးနိုင်ငံတွေထဲမှာ မြန်မာနိုင်ငံဟာ အဆင့်(၂)အဖြစ် တည်ရှိနေပါတယ်။ ဒါကြောင့်မို့လို့ ရာသီဥတုပေါ်မှီတည်ပြီး အလုပ်လုပ်ကိုင်နေကြရတဲ့ တောင်သူလယ်သမားတွေမှာ ပျက်စီးဆုံးရှုံးမှုတွေ ဘယ်လောက်အထိ ရှိမလဲဆိုတာ မှန်းဆကြည့်နိုင်ပါတယ်။ တောင်သူတွေမှာ သီးနှံတစ်နှစ်ပျက်စီးဆုံးရှုံးလျှင် သုံးနှစ်လိုက်လို့မမီဘူးဆိုတဲ့ ဆိုရိုးစကားလည်းရှိပါတယ်။ အဲဒီလိုသဘာဝဘေးအန္တရာယ်တွေရဲ့အောက်မှာ ကျွန်တော်တို့ရဲ့တောင်သူလယ်သမားတွေဟာ နာလန်မထူနိုင်အောင် ထိခိုက်နစ်နာနေကြလို့ တိုင်းပြည်အတွက်လည်း ဆုံးရှုံးမှုများစွာကို ဖြစ်ပေါ်စေပါတယ်။ တောင်သူလယ်သမားတွေရဲ့ လူမှုစီးပွားဘဝဖွံ့ဖြိုးတိုးတက်ဖို့၊ ဆင်းရဲနွမ်းပါးမှုလျှော့ချဖို့အတွက်ဆိုရင် နိုင်ငံတော်အစိုးရအနေနဲ့ အစီအမံသစ်တွေဖော်ဆောင်ပြီး ပံ့ပိုးကူညီဆောင်ရွက်ပေးမှသာ တောင်သူလယ်သမားများရဲ့ဘဝတွေ တိုးတက်မြင့်မားလာမှာဖြစ်ပါတယ်။

လေးစားအပ်တဲ့ဥက္ကဋ္ဌကြီးခင်ဗျား။ ၂၀၀၈ ခုနှစ်၊ ဖွဲ့စည်းပုံအခြေခံဥပဒေ အခန်း(၁) ပုဒ်မ ၂၃ ပုဒ်မခွဲ(က)တွင် နိုင်ငံတော်သည် တောင်သူလယ်သမားများ၏ အခွင့်အရေးများ ကာကွယ်စောင့်ရှောက်ရန်လိုအပ်သည့် ဥပဒေများပြဋ္ဌာန်းဆောင်ရွက်မည်ဟု ဖော်ပြထားပြီး ဖြစ်ပါတယ်။ အဆိုပါပြဋ္ဌာန်းချက်နှင့်အညီ ပထမအကြိမ် ပြည်ထောင်စုလွှတ်တော်ကြီးကလည်း ၂၀၁၃ ခုနှစ်၊ အောက်တိုဘာလ ၈ ရက်နေ့ကတည်းက တောင်သူလယ်သမားအခွင့်အရေး၊ ကာကွယ်ရေးနှင့် အကျိုးစီးပွားမြှင့်တင်ရေးဥပဒေကို ပြည်ထောင်စုလွှတ်တော်ဥပဒေအမှတ်(၃၂)ဖြင့် အတည်ပြုပြဋ္ဌာန်းထားခဲ့ပြီးလည်း ဖြစ်ပါတယ်။ တောင်သူလယ်သမားအခွင့်အရေး၊ ကာကွယ်ရေးနှင့် အကျိုးစီးပွားမြှင့်တင်ရေး အခန်း(၂) ပုဒ်မ ၃ ပုဒ်မခွဲ(င)တွင် သဘာဝဘေးအန္တရာယ်တစ်စုံတစ်ရာကြောင့် ပျက်စီးဆုံးရှုံးမှုများနှင့် ထိခိုက်နစ်နာမှုများအတွက် ကူညီထောက်ပံ့မှုများကို အတတ်နိုင်ဆုံး အထောက်အကူပြုပံ့ပိုးရန်ဟုဆိုကာ တောင်သူလယ်သမားများအတွက် ရည်ရွယ်ချက်ကောင်းများဖြင့် ပြဋ္ဌာန်းထားတာကို တွေ့မြင်နိုင်ပါတယ်။ ယင်းဥပဒေရဲ့ အခန်း(၃) ပုဒ်မ ၅ ပုဒ်မခွဲ(စ)တွင် တောင်သူလယ်သမားများအားလယ်ယာထုတ်ကုန်များကို အာမခံထားသည့်စနစ်၊ ကုန်လှောင်ရုံများတွင် အပ်နှံသည့်စနစ်၊ သီးနှံအပေါင်ထားသည့်စနစ်နှင့် စိုက်ပျိုးရေးနှင့် မွေးမြူရေးလုပ်ငန်းများတွင် အကျိုးတူပူးပေါင်းဆောင်ရွက်သည့်စနစ်တို့နှင့် အလေ့အကျင့်များရရှိစေရန် အားပေးကူညီခြင်းဟုလည်းကောင်း၊ ပုဒ်မ ၅ ပုဒ်မခွဲ(ဋ)

တွင် သဘာဝဘေးအန္တရာယ်ကြောင့်သော်လည်းကောင်း၊ ပိုးမွှားရောဂါကျရောက်မှုနှင့် အခြားသော အကြောင်းများကြောင့်သော်လည်းကောင်း၊ လယ်ယာမြေနှင့် စိုက်ပျိုးသီးနှံထိခိုက်ပျက်စီးမှုများ ကြုံတွေ့နေရသော လုပ်ကွက်ငယ်တောင်သူလယ်သမားများအား အထူးဦးစားပေးကူညီထောက်ပံ့ ခြင်းဟု ပြဋ္ဌာန်းထားပြီး ဖြစ်ပါတယ်။ ဒါကြောင့် တောင်သူလယ်သမားတွေစိုက်ပျိုးထားတဲ့ ကောက်ပဲ သီးနှံတွေဟာ သဘာဝဘေးအန္တရာယ်ကြောင့်သော်လည်းကောင်း၊ သီးနှံဖျက်ပိုး(Insect)များကြောင့် သော်လည်းကောင်း၊ ပျက်စီးဆုံးရှုံးသွားတဲ့သီးနှံများအတွက် အာမခံချက်ပေးနိုင်တဲ့ သီးနှံအာမခံထား ခြင်း လုပ်ငန်းများကို အကောင်အထည်ဖော်ဆောင်ပေးဖို့ အချိန်တန်နေပါပြီ။

လေးစားအပ်တဲ့ဥက္ကဋ္ဌကြီးခင်ဗျား။ တောင်သူလယ်သမားအခွင့်အရေး၊ ကာကွယ်ရေးနှင့် အကျိုးစီးပွားမြှင့်တင်ရေးဥပဒေ အခန်း(၅) ပုဒ်မ ၁၇ ပုဒ်မခွဲ(က)တွင် ဦးဆောင်အဖွဲ့သည် သဘာဝ ဘေးအန္တရာယ်ကြောင့်သော်လည်းကောင်း၊ ဆားငန်ရေဝင်ရောက်၍သော်လည်းကောင်း၊ ပိုးမွှားရောဂါ ကျရောက်မှုနှင့် အခြားအကြောင်းများကြောင့်သော်လည်းကောင်း၊ တောင်သူလယ်သမားများ၏ လယ်ယာမြေများ၊ လယ်ယာထုတ်ကုန်များနှင့် လယ်ယာကုန်ထုတ်အရင်းအနှီးများ ပျက်စီးဆုံးရှုံးလျှင် ယင်းတောင်သူလယ်သမားများအတွက် လိုအပ်သောအကူအညီများနှင့် အထောက်အပံ့များရရှိစေရန် စီစဉ်ဆောင်ရွက်ရမည်ဟု ပြဋ္ဌာန်းထားပြီးဖြစ်တဲ့အတွက် နိုင်ငံတော်အစိုးရမှ တောင်သူလယ်သမားများ ၏ အကျိုးစီးပွားအတွက် ဖော်ဆောင်ပေးရန် ဥပဒေလည်း အဆင်သင့်ရှိနေပြီးဖြစ်ပါတယ်။ ဒါကြောင့် တောင်သူလယ်သမားများ၏ လူမှုစီးပွားဘဝ ဖွံ့ဖြိုးတိုးတက်ရေးအတွက် လယ်ယာကဏ္ဍကို ဝိုင်းဝန်း ကူညီဆောင်ရွက်ပေးဖို့သာ လိုအပ်ပါတော့တယ်။ နိုင်ငံတော်အစိုးရက တောင်သူလယ်သမား အခွင့်အရေး၊ ကာကွယ်ရေးနှင့် အကျိုးစီးပွားမြှင့်တင်ရေးဦးဆောင်အဖွဲ့ကိုဖွဲ့စည်းပြီး တောင်သူ လယ်သမားတွေရဲ့အကျိုးစီးပွားအတွက် ထိရောက်စွာဖော်ဆောင်ပေးဖို့ အချိန်တန်နေပါပြီ။

လေးစားအပ်တဲ့ဥက္ကဋ္ဌကြီးခင်ဗျား။ တောင်သူလယ်သမားများ နှစ်စဉ်လိုလိုကြုံတွေ့နေရတဲ့ ဘေးအန္တရာယ်များဖြစ်တဲ့ ရေကြီးရေလျှံခြင်း၊ မိုးသည်းထန်စွာရွာသွန်းခြင်း၊ မိုးသီးကြွေခြင်း၊ မိုးခေါင် ခြင်း၊ အင်းဆက်ပိုးမွှားကျရောက်ခြင်း၊ ဖျက်ဆီးခြင်းတွေကြောင့် လယ်ယာမြေနှင့်စိုက်ပျိုးသီးနှံများ ပျက်စီးဆုံးရှုံးနေတာ အားလုံးအသိပဲဖြစ်ပါတယ်။ ဒါကြောင့် တောင်သူလယ်သမားများရဲ့ ဆုံးရှုံးနစ်နာ မှုတွေကို ကာကွယ်ပေးတဲ့အနေနဲ့ နိုင်ငံတော်အစိုးရနဲ့ ပုဂ္ဂလိကတို့က အကျိုးတူပူးပေါင်းကာ သီးနှံ အာမခံထားခြင်းလုပ်ငန်းများကို ဆောလျင်စွာဖော်ဆောင်ပေးဖို့သင့်နေပါပြီ။ ကျွန်တော်တို့မြန်မာနိုင်ငံ ရဲ့ အိမ်နီးချင်းနိုင်ငံများဖြစ်တဲ့ ဖိလစ်ပိုင်၊ ထိုင်း၊ ဗီယက်နမ်၊ အိန္ဒိယ၊ တရုတ်၊ တောင်ကိုရီးယားနှင့် ဂျပန်

စတဲ့နိုင်ငံတို့တွေမှာလည်း သီးနှံအာမခံထားခြင်းလုပ်ငန်းကို အစိုးရနှင့်ပုဂ္ဂလိကတို့ အကျိုးတူပူးပေါင်း ဖော်ဆောင်ပေးခဲ့ခြင်းတို့ကြောင့် ဆင်းရဲမွဲတေမှုလျော့ချရေးလုပ်ငန်းစဉ်များအောင်မြင်ပြီး လူမှုစီးပွား ဘဝတွေ ဖွံ့ဖြိုးတိုးတက်လာတာကို ထင်ရှားစွာတွေ့မြင်ရပါတယ်။

လေးစားအပ်တဲ့ဥက္ကဋ္ဌကြီးခင်ဗျား။ ရာသီဥတုဖောက်ပြန်မှုများရဲ့ဆိုးကျိုးများကြောင့် သီးနှံများ ပျက်စီးဆုံးရှုံးခြင်းမှ ကာကွယ်မှုပြုနိုင်ရန်အတွက် သီးနှံများကို အာမခံထားခြင်းသည် ကြိုတင် ကာကွယ်ရာရောက်ပါတယ်။ တောင်သူလယ်သမားများ၏ စိုက်ပျိုးရေးလုပ်ငန်းများနှင့်စပ်လျဉ်း၍ သီးနှံပျက်စီးဆုံးရှုံးမှု ထိခိုက်နစ်နာမှုများလျော့နည်းစေဖို့နဲ့ တောင်သူလယ်သမားများအတွက် လိုအပ် သောအကူအညီများ၊ အထောက်အပံ့များပေးဖို့လိုအပ်နေပြီဖြစ်သလို သီးနှံအာမခံထားခြင်းလုပ်ငန်း များကိုလည်း ဆောလျင်စွာအကောင်အထည်ဖော်ဆောင်ပေးဖို့ လိုအပ်နေပြီဖြစ်ပါတယ်။ ဒါကြောင့် နိုင်ငံတစ်ဝန်းသဘာဝဘေးအန္တရာယ်များနှင့် အင်းဆက်ပိုးမွှားများကြောင့် နစ်နာဆုံးရှုံးနေကြသော တောင်သူလယ်သမားများ၏ အကျိုးစီးပွားအတွက် အာမခံချက်ရှိစေမည့် သီးနှံအာမခံလုပ်ငန်းများကို ဆောလျင်စွာအကောင်အထည်ဖော်ဆောင်ပေးရေး ပြည်ထောင်စုအစိုးရအား တိုက်တွန်းကြောင်းအဆို ကို ပြည်သူ့လွှတ်တော်ဥက္ကဋ္ဌကြီးမှတစ်ဆင့် ပြည်သူ့လွှတ်တော်သို့ ရိုသေစွာတင်သွင်းအပ်ပါတယ်။ အားလုံးကိုကျေးဇူးတင်ပါတယ်။

**ဥက္ကဋ္ဌ**။ ။ ဦးမျိုးဇော်ဦး တင်သွင်းတဲ့အဆိုကို ထောက်ခံမယ့်လွှတ်တော်ကိုယ်စားလှယ် တစ်ဦးအား ဖိတ်ခေါ်ပါတယ်။

**ဦးနိုင်ထူးအောင်(နွားထိုးကြီးမဲဆန္ဒနယ်)**။ ။ လေးစားအပ်ပါသော ပြည်သူ့လွှတ်တော်ဥက္ကဋ္ဌ ကြီးနှင့် အားလုံးပဲ မင်္ဂလာပါခင်ဗျား။ ကျွန်တော်ကတော့ နွားထိုးကြီးမဲဆန္ဒနယ်မှ ပြည်သူ့လွှတ်တော် ကိုယ်စားလှယ် ဦးနိုင်ထူးအောင် ဖြစ်ပါတယ်။ လယ်ဝေးမဲဆန္ဒနယ် ပြည်သူ့လွှတ်တော်ကိုယ်စားလှယ် ဦးမျိုးဇော်ဦးရဲ့အဆိုကို ထောက်ခံဆွေးနွေးသွားမှာဖြစ်ပါတယ်။ Power Point အသုံးပြုခွင့်ပေးပါ ခင်ဗျား။ လွှတ်တော်ဥက္ကဋ္ဌကြီးခင်ဗျား။ ကျွန်တော်တို့မြန်မာနိုင်ငံဟာ စိုက်ပျိုးရေးကိုအခြေပြုတဲ့ နိုင်ငံ ဖြစ်သလို လုပ်သားအများဆုံးကို အလုပ်ပေးထားတာလည်း စိုက်ပျိုးရေးကဏ္ဍပဲဖြစ်ပါတယ်။ ကျွန်တော်တို့နိုင်ငံဟာ စိုက်ပျိုးရေးအတွက် အခြေခံလိုအပ်ချက်ဖြစ်တဲ့ မြေနဲ့ရေအရင်းအမြစ်တွေ ပေါကြွယ်ဝတာ၊ ကြီးမားတဲ့ဈေးကွက်ရှိတာတွေကြောင့် စိုက်ပျိုးရေးကဏ္ဍဟာ အနာဂတ်မှာလည်း

ဖွံ့ဖြိုးတိုးတက်လာဦးမှာဖြစ်သလို နိုင်ငံရဲ့စီးပွားရေးအတွက်လည်း အရေးပါတဲ့နေရာက ဆက်လက်ပါဝင်နေဦးမှာဖြစ်ပါတယ်။

လွှတ်တော်ဥက္ကဋ္ဌကြီးခင်ဗျား။ စိုက်ပျိုးရေးကိုအခြေပြုတဲ့အခါမှာ အထူးသတိပြုရမယ့်အချက်တစ်ချက်ကတော့ စိုက်ပျိုးရေးကဏ္ဍမှာ မရေရာမှုတွေ အရမ်းများတယ်ဆိုတဲ့အချက်ပဲ ဖြစ်ပါတယ်။ ပထမအချက်အနေနဲ့ အထွက်နှုန်းဘယ်လောက်ရှိမယ်ဆိုတာ ခန့်မှန်းဖို့ခက်ပါတယ်။ ရာသီဥတုနဲ့ သီးနှံဖျက် ပိုးမွှားတွေကြောင့် ထင်ထားတာထက် အထွက်နှုန်းလျော့သွားနိုင်ပါတယ်။ လုပ်ငန်းလုပ်ကိုင်ဖို့အတွက် ငွေကြေးအရင်းအနှီးလိုအပ်မှုကလည်း အတိအကျပြောဖို့ခက်ပါတယ်။ ဥပမာ - အချို့သောနှစ်တွေမှာ သီးနှံစိုက်ပျိုးပြီးမှ ပျက်စီးမှုတွေဖြစ်ခဲ့လို့ရှိရင် ထပ်မံရင်းနှီးဖို့လိုလာနိုင်တာမို့ အရင်းအနှီးအတွက် ဘယ်လောက်ပမာဏပြင်ဆင်ထားရမယ်၊ ရှာဖွေထားရမယ်ဆိုတာ အတိတကျကြိုတင်တွက်ချက်ဖို့ ခက်ပါတယ်။ ဒါ့အပြင် အရေးပေါ်လိုအပ်ခဲ့ရင်လည်း အရေးပေါ်ချေးငွေ သို့မဟုတ်ထောက်ပံ့ငွေရဖို့ဆိုတာ စိုက်ပျိုးရေးလုပ်ငန်းလုပ်ကိုင်သူ တောင်သူများအတွက် ခက်ခဲလေ့ရှိပါတယ်။ နောက်ပြီး သီးနှံတွေထွက်လာတဲ့အချိန်ကျရင်လည်း ဈေးကွက်ဝယ်လိုအားအပြောင်းအလဲတွေ၊ ဈေးနှုန်းအပြောင်းအလဲတွေကြောင့် ဝင်ငွေက မရေရာပါဘူး။ နောက်တစ်ချက်က အစိုးရရဲ့မူဝါဒပိုင်းဆိုင်ရာအပြောင်းအလဲတွေကလည်း တောင်သူများရဲ့ သီးနှံရွေးချယ်ခြင်း၊ အထောက်အပံ့ရယူခြင်း၊ ပြည်ပတင်ပို့ခြင်းတွေကို များစွာအကျိုးသက်ရောက်နိုင်ပြီး ဝင်ငွေအပြောင်းအလဲတွေဖြစ်စေနိုင်ပါတယ်။

အထက်ပါမရေရာမှုတွေကို ဥပမာအနေနဲ့ပြရရင် အခု Slide မှာ မြန်မာနိုင်ငံရဲ့ ပျမ်းမျှမိုးရေချိန်ရရှိမှုအရ တူညီတဲ့လတစ်ချင်းမှာကို နှစ်အလိုက် ကွဲပြားမှုများစွာရှိနေတာ တွေ့နိုင်ပါတယ်။ နောက် Slide မှာ ကျွန်တော့်ရဲ့ မဲဆန္ဒနယ်ဖြစ်တဲ့ နွားထိုးကြီးမြို့နယ်ရဲ့ နှစ်အလိုက် မိုးရွာတဲ့ရက်နဲ့ မိုးရေချိန်ရရှိမှုတွေကို ပြသထားပြီး နှစ်စဉ်ပြောင်းလဲမှုရှိတယ်ဆိုတာ တွေ့ရမှာပါ။ ဒါကြောင့် မိုးရေရရှိမှုအပေါ်မူတည်တဲ့ စိုက်ပျိုးရေးလုပ်ငန်းရဲ့ ထုတ်လုပ်နိုင်တဲ့အပိုင်းမှာ အပြောင်းအလဲများစွာဖြစ်မယ်ဆိုတာအသေအချာပဲဖြစ်ပါတယ်။ ဈေးနှုန်းအပိုင်းနဲ့ပတ်သက်ပြီး ဥပမာတင်ပြရရင်လည်း ယခု Slide မှာ တွေ့နိုင်တဲ့အတိုင်း မြန်မာနိုင်ငံရဲ့စိုက်ပျိုးရေးထုတ်ကုန်များ ဈေးနှုန်းဟာ တည်ငြိမ်မှုမရှိဘဲ အတက်အကျကြမ်းတာကို တွေ့ရမှာဖြစ်ပါတယ်။ တစ်ကမ္ဘာလုံးအတိုင်းအတာနှင့်ကြည့်ရင်လည်း အတက်အကျများတယ်ဆိုတာကို မြင်ရမှာဖြစ်ပါတယ်ခင်ဗျား။

**မူကြမ်း**

လွှတ်တော်ဥက္ကဋ္ဌကြီးခင်ဗျား။ စိုက်ပျိုးရေးလုပ်ငန်းတွေဟာ ဝင်ငွေမရေရာမှုများတဲ့အတွက် ဝင်ငွေဟာ နှစ်နှစ်၊ သုံးနှစ်ဆက် တက်တာမျိုးကြုံရနိုင်သလို နှစ်နှစ်၊ သုံးနှစ်ဆက် ကျတာမျိုးလည်း ကြုံရနိုင်ပါတယ်။ အကျဘက်မှာ ဆက်တိုက်ဖြစ်သွားရင် စိုက်ပျိုးတဲ့တောင်သူမှာ အထိနာပြီး အတက်နဲ့ပြန်ကြုံရင်တောင် ရလာနိုင်မယ့်ဝင်ငွေရအောင် ဆောင်ရွက်နိုင်ဖို့ ခက်ခဲသွားပါတယ်။ ဥပမာအနေနဲ့ Slide မှာပြထားတဲ့အနေအထား-၂ မှာလို နှစ်နှစ်ဆက်တိုက်ဝင်ငွေဟာ ပျမ်းမျှထက်များစွာလျော့နည်းသွားရင် နောက်နှစ်နှစ်မှာ ပျမ်းမျှထက်ဝင်ငွေများစွာရနိုင်တဲ့ အခွင့်အလမ်းရှိလာရင်တောင် ရလာနိုင်တဲ့ဝင်ငွေကို ရအောင်ဆောင်ရွက်နိုင်စွမ်းရှိချင်မှရှိပါတော့မယ်။ ဘာလို့လဲဆိုတော့ ရှေ့နှစ်နှစ်မှာ ဝင်ငွေဟာ ထွက်ငွေထက် နည်းခဲ့လို့ အရင်းအနှီးထဲက သုံးစွဲလိုက်ရတာ၊ ချေး၊ ငှားသုံးခဲ့ရတဲ့အတွက် အတိုးတွေတက်တာမျိုးတွေဖြစ်ပြီး ရင်းနှီးနိုင်စွမ်းနည်းပါးသွားလို့ဖြစ်ပါတယ်။ ဒါကြောင့် အစိုးရအနေနဲ့ စိုက်ပျိုးရေးလုပ်ငန်းလုပ်ကိုင်သူတွေအတွက် မရေရာမှုများလျော့ကျစေရန် ကောင်းမွန်စွာ စီမံခန့်ခွဲပေးဖို့ လိုအပ်ပြီး ကျွန်တော်တို့နိုင်ငံလို စိုက်ပျိုးရေးနိုင်ငံမျိုးအတွက်ဆို အထူးကိုလိုအပ်ပါတယ်။

လွှတ်တော်ဥက္ကဋ္ဌကြီးခင်ဗျား။ သီးနှံအာမခံစနစ်ဆိုတာ အာမခံပြုလုပ်ထားရင် သီးနှံများ စိုက်ပျိုးရောင်းချရာမှာ အကြောင်းတစ်ခုခုကြောင့် အထွက်နှုန်း သို့မဟုတ် ဝင်ငွေမပြည့်မီခဲ့ရင် အာမခံလျော်ကြေးရရှိနိုင်မယ့်စနစ်ဖြစ်ပြီး စိုက်ပျိုးရေးဆိုင်ရာ မရေရာမှုများလျော့ပါးအောင် စီမံခန့်ခွဲမှုပြုလုပ်ရာမှာ အလေးပေးစဉ်းစားရမယ့်စနစ်ပဲ ဖြစ်ပါတယ်။ ဒီ Slide မှာဆိုရင် ၂၀၀၈ ခုနှစ်မှာ ကမ္ဘာ့နိုင်ငံများရဲ့ သီးနှံအာမခံစနစ်ကျင့်သုံးမှုအခြေအနေကို ပြသထားတာဖြစ်ပါတယ်။ အနီရောင်က ကျင်သုံးနေပြီဖြစ်တဲ့ နိုင်ငံတွေကို ပြထားတာဖြစ်ပြီး အဝါရောင်ကတော့ စမ်းသပ်ကျင့်သုံးနေတဲ့နိုင်ငံတွေဖြစ်ပါတယ်။ နောက် Slide မှာတော့ ဒေသအလိုက် သီးနှံအာမခံ ပရီမီယံထားရှိမှုတွေကို နှိုင်းယှဉ်ဖော်ပြထားတာဖြစ်ပါတယ်။ ယခုဆိုရင် သီးနှံအာမခံစနစ်ထားရှိတဲ့နိုင်ငံတွေ တဖြည်းဖြည်းများပြားလာသလို သီးနှံအာမခံထားရှိတဲ့ ပရီမီယံကြေးပမာဏဟာလည်း နှစ်စဉ်တိုးပွားလာပြီး ၂၀၀၅ ခုနှစ်နှင့် ၂၀၀၈ ခုနှစ်အတွင်းမှာပဲ နှစ်ဆကျော်တိုးတက်ခဲ့တာကို တွေ့မြင်နိုင်မှာဖြစ်ပါတယ်။

လေးစားအပ်ပါသော လွှတ်တော်ဥက္ကဋ္ဌကြီးခင်ဗျား။ ထိရောက်ကောင်းမွန်တဲ့အာမခံသီးနှံအာမခံစနစ်တစ်ခုကို တည်ထောင်နိုင်မယ်ဆိုရင် စိုက်ပျိုးရေးကဏ္ဍဖွံ့ဖြိုးတိုးတက်ရေးနှင့် ဆင်းရဲမွဲတေမှုလျှော့ချရေးတို့ကို များစွာအထောက်အပံ့ဖြစ်စေမှာဖြစ်ပါတယ်။ စိုက်ပျိုးရေးလုပ်ငန်းဆိုတာ ဝင်ငွေရရှိနိုင်မှုမသေချာတာကြောင့် ပြန်မဆပ်နိုင်မှာကိုစိတ်ပူပြီး ဘဏ်အပါအဝင် ငွေထုတ်ချေးသူတွေဟာ စိုက်ပျိုးရေးလုပ်ငန်းလုပ်ကိုင်သူတွေကို သိပ်ပြီး ငွေထုတ်မချေးရဲကြပါဘူး။ သီးနှံအာမခံစနစ်သာ

**မူကြမ်း**

အောင်မြင်လာမယ်ဆိုရင် ရဲရဲတင်းတင်းထုတ်ချေးလာမှာဖြစ်တာကြောင့် စိုက်ပျိုးရေးလုပ်ငန်းလုပ်ကိုင်သူတွေအတွက် အထောက်အပံ့ဖြစ်စေမှာဖြစ်ပါတယ်။ နောက်တစ်ချက်ကတော့ အမြတ်များတဲ့သီးနှံအများစုဟာ အရင်းအနှီးလည်းများပါတယ်။ တောင်သူများအနေနဲ့ အမြတ်ကိုမျှော်ကိုးပြီး ဒီလိုသီးနှံမျိုးတွေကို စိုက်ပျိုးချင်ပေမဲ့ မတော်လို့ရှုံးသွားခဲ့ရင် များပြားတဲ့အရင်းအနှီးတွေ ဆုံးရှုံးရမှာကို မခံနိုင်လို့ စိုက်ချင်ပေမဲ့ မစိုက်ရဲတာတွေ တွေ့ကြုံရနိုင်ပါတယ်။ သီးနှံအာမခံစနစ်သာ အောင်မြင်သွားရင် ဒီလိုကိစ္စတွေကို ကျော်လွှားနိုင်မှာပါ။ ဒါ့အပြင် သဘာဝဘေးအန္တရာယ်ကျရောက်ပြီးလို့ ပြန်လည်ထူထောင်ရာမှာလည်း သီးနှံအာမခံစနစ်က အထောက်အကူဖြစ်စေမှာဖြစ်ပါတယ်။

လွှတ်တော်ဥက္ကဋ္ဌကြီးခင်ဗျား။ သီးနှံအာမခံစနစ်ဟာ စိုက်ပျိုးရေးကဏ္ဍနှင့် ဆင်းရဲမွဲတေမှုတိုက်ဖျက်ရေးတို့ကို များစွာအထောက်အကူဖြစ်တယ်ဆိုပေမဲ့ ကိုယ့်နိုင်ငံနဲ့ကိုက်ညီတဲ့၊ လိုက်လျောညီထွေမှုရှိတဲ့စနစ်မျိုးဖြစ်အောင် တည်ဆောက်နိုင်ဖို့တော့ လိုပါတယ်။ အဲဒီလိုမှမဟုတ်ရင်တော့ အချိန်တွေ၊ ငွေတွေကုန်တာသာရှိမှာဖြစ်ပြီး အကျိုးကျေးဇူးကတော့ ဘာမှရှိမှာမဟုတ်ပါဘူး။ ဒါကြောင့် သီးနှံအာမခံစနစ်တစ်ခု အောင်မြင်ဖို့အတွက် အသေအချာအားထုတ်ပြင်ဆင်ဖို့ လိုအပ်ပါလိမ့်မယ်။ ဒီအတွက် တိကျမှန်ကန်တဲ့အချက်အလက်တွေရအောင် စုဆောင်းတာ၊ သက်ဆိုင်သူအားလုံးနဲ့ ဆွေးနွေးသုံးသပ်တာ၊ အခြားနိုင်ငံက စနစ်တွေကိုလေ့လာတာ စတဲ့အချက်တွေပြုလုပ်သင့်ပါတယ်။ ဒါ့အပြင် စနစ်ကို အကောင်အထည်ဖော်တဲ့အခါမှာ တစ်နိုင်ငံလုံးအတိုင်းအတာနဲ့ စတင်မပြုလုပ်သင့်ဘဲ ပထမဆုံး Pilot Project တွေဆောင်ရွက်၊ အဲဒီအပေါ်မှာ အသေအချာပြန်လည်သုံးသပ်ပြီးမှ တဖြည်းဖြည်းတိုးချဲ့တာမျိုး လုပ်သင့်ပါတယ်။ အခု Slide မှာဖော်ပြထားတဲ့အချက်ခြောက်ချက်ကတော့ သီးနှံအာမခံစနစ်ကိုတည်ဆောက်တဲ့အခါမှာ အစိုးရပါဝင်နိုင်တဲ့အခန်းကဏ္ဍတွေဖြစ်ပြီး အဲဒီအထဲက သတင်းအချက်အလက်များ တိကျစွာရရှိနိုင်ရေးဆောင်ရွက်ပေးတာ၊ ဥပဒေ၊ နည်းဥပဒေ၊ လုပ်ထုံးလုပ်နည်းများပြဋ္ဌာန်းပေးတာ၊ သီးနှံအာမခံစနစ်အကြောင်း ပညာပေးတာနှင့် မက်လုံးပေးတာ၊ အုပ်ချုပ်မှုဆိုင်ရာ ကုန်ကျစရိတ်များကျခံပေးတာ စတဲ့ကိစ္စတွေကတော့ အစိုးရကနေ မဖြစ်မနေပြုလုပ်ပေးသင့်တဲ့ကိစ္စတွေဖြစ်ပြီး ပရီမီယံကြေးတွေကို စိုက်ထုတ်ပေးတာ၊ Reinsurer အဖြစ် ဆောင်ရွက်ပေးတာတွေကတော့ နိုင်ငံရဲ့ဘဏ္ဍာရေးအခြေအနေ၊ လုပ်ဆောင်နိုင်စွမ်းအားတွေမှာမူတည်လို့ စဉ်းစားဆောင်ရွက်ရမှာဖြစ်ပါတယ်။

လွှတ်တော်ဥက္ကဋ္ဌကြီးခင်ဗျား။ သီးနှံအာမခံစနစ်တစ်ခုအောင်မြင်ဖို့ဆိုရင် နိုင်ငံတော်က အရှုံးခံစိုက်ထုတ်မှုတွေ များစွာပြုလုပ်ရမယ်လို့ ထင်ရပေမဲ့ တကယ်တမ်းမှာတော့ အခု Slide မှာပြထားတဲ့

အတိုင်း အရှုံးခံစိုက်ထုတ်မှုအနည်းငယ်မျှနှင့် အောင်မြင်မှုရနေတဲ့ နိုင်ငံများစွာရှိတယ်ဆိုတာ တွေ့မြင်နိုင်မှာဖြစ်ပါတယ်။ သီးနှံအာမခံစနစ်မှာ အသေအချာတွက်ချက်မှုတွေနဲ့ မဖြစ်မနေပါဝင်ရမှာကတော့ Public Private Partnership လို့ခေါ်တဲ့ နိုင်ငံတော်နှင့် ပုဂ္ဂလိကပူးပေါင်းဆောင်ရွက်မှုဖြစ်ပါတယ်။ ဒါ့အပြင် ဘယ်လောက်အတိုင်းအတာအထိ ဆုံးရှုံးရင် ဘယ်သူက ဘယ်လောက်အထိစိုက်ထုတ်ပေးရမယ်ဆိုတာကို တိတိကျကျပိုင်းခြားထားဖို့ လိုပါတယ်။ ပိုင်းခြားမှုမပြတ်သားခဲ့ရင် တောင်သူတွေနစ်နာရသလို ထပ်နေခဲ့ရင်လည်း နိုင်ငံတော်ရော ရင်းနှီးမြှုပ်နှံသူများပါ နစ်နာနိုင်ပါတယ်။ ဒါ့အပြင် သီးနှံအာမခံထားပြီးသွားရင် တောင်သူတွေက အာမခံထားပြီးသားပဲဆိုပြီး အလုပ်ကိုကြိုးစားပမ်းစား မလုပ်တော့တာမျိုး၊ ဂရုတစိုက်မလုပ်တော့တာမျိုးတွေမဖြစ်အောင်လည်း သေချာစီစဉ်စဉ်းစားပြီး ဆောင်ရွက်ရပါမယ်။

လေးစားရပါသော လွှတ်တော်ဥက္ကဋ္ဌကြီးခင်ဗျား။ အခု Slide မှာပြထားတဲ့အတိုင်း သီးနှံအာမခံစနစ်အမျိုးအစားတွေ အများကြီးရှိပါတယ်။ တချို့နိုင်ငံတွေမှာ စနစ်တစ်ခုပဲသုံးပေမဲ့ တချို့နိုင်ငံများကတော့ စနစ်နှစ်မျိုး၊ သုံးမျိုးတစ်ပြိုင်တည်းသုံးနေပါတယ်။ ပထမအမျိုးအစားကတော့ ပျက်စီးဆုံးရှုံးမှုပမာဏအပေါ်မှာမူတည်ပြီး လျော်ကြေးငွေပေးတဲ့စနစ် (Indemnity Based Crop insurance)ပါ။ အဲဒီစနစ်မှာလည်း သဘာဝဘေးအန္တရာယ်တစ်မျိုးတည်းအတွက် အာမခံထားလို့ရတဲ့စနစ် (Named Peril) နဲ့ ဘေးအန္တရာယ်အားလုံးအတွက် အာမခံထားလို့ရတဲ့စနစ် (Multiple Peril)ဆိုပြီး နှစ်မျိုးထပ်ခွဲပါတယ်။ နောက်တစ်ခုကတော့ ဒေသတစ်ခုရဲ့ညွှန်းကိန်းများကိုအခြေခံတဲ့ Index Based Crop Insurance ဖြစ်ပါတယ်။ သက်ဆိုင်ရာညွှန်းကိန်းမှာဟာ သတ်မှတ်ထားတဲ့ပျမ်းမျှနှုန်းရဲ့အောက်ကို သို့မဟုတ် အထက်ကိုရောက်ရှိသွားရင် လျော်ပေးတဲ့စနစ်ဖြစ်ပါတယ်။ အဲဒီစနစ်မှာလည်း ဒေသရဲ့ပျမ်းမျှသီးနှံအထွက်နှုန်းကိုအခြေခံတဲ့စနစ် (Area Yield Index)၊ ရာသီဥတုဆိုင်ရာအညွှန်းကိန်းများကိုအခြေခံတဲ့စနစ် (Weather Index) နှင့် Normalized Difference Vegetation Index အတိုကောက် NDVI Index လို့ခေါ်တဲ့ ဂြိုလ်တုကနေတိုင်းတာလို့ရတဲ့ ဒေသတစ်ခုအတွင်း ကောက်ပဲသီးနှံများဖြစ်ထွန်းမှုညွှန်းကိန်းကိုအခြေခံတဲ့စနစ်ဆိုပြီး သုံးမျိုးထပ်ခွဲပါတယ်။ နောက်တစ်ခုကတော့ အထွက်နှုန်းလျော့ကျမှုကြောင့်ဖြစ်စေ၊ ဈေးနှုန်းလျော့ကျမှုကြောင့်ဖြစ်စေ၊ သတ်မှတ်ထားတဲ့ဝင်ငွေမရခဲ့ရင် အာမခံလျော်ကြေးပေးတဲ့စနစ်(Crop Revenue Insurance)စနစ်ဖြစ်ပါတယ်။ စနစ်အသီးသီးမှာ အားသာချက်၊ အားနည်းချက်တွေရှိပြီး ကိုယ့်နိုင်ငံနဲ့ကိုက်ညီတဲ့စနစ်ကို ရွေးချယ်ကျင့်သုံးနိုင်ဖို့ လိုပါတယ်။ သီးနှံအာမခံစနစ်မှာ နောက်ထပ်စဉ်းစားရမယ့်အချက်ကတော့ ဂျပန်နိုင်ငံမှာလို

တောင်သူအားလုံးက အာမခံမထားမနေရစနစ်မျိုးလုပ်မှာလား၊ တရုတ်နိုင်ငံမှာလို တောင်သူရဲ့ သဘောအတိုင်းပဲ ထားလည်းရတယ်၊ မထားလည်းရတယ်ဆိုတဲ့စနစ်မျိုးလုပ်မှာလား၊ အိန္ဒိယ၊ ဖိလစ်ပိုင်တို့မှာလို သီးနှံပေါ်၊ ဒေသပေါ်၊ မြေယာအမျိုးအစားပေါ်မူတည်ပြီး မထားမနေထားရမယ်၊ မထားရဘူး ဆုံးဖြတ်တဲ့စနစ်မျိုးလုပ်မှာလားဆိုတာပဲဖြစ်ပါတယ်။

လွှတ်တော်ဥက္ကဋ္ဌကြီးခင်ဗျား။ ကျွန်တော် တင်ပြခဲ့တဲ့အထက်ပါအချက်များကို မိမိနိုင်ငံနဲ့ ကိုက်ညီအောင် စဉ်းစားဆောင်ရွက်မယ်ဆိုရင် အောင်မြင်တဲ့သီးနှံအာမခံစနစ်ပေါ်ပေါက်လာပြီး တိုင်းပြည်ရဲ့ လူအများစုဖြစ်တဲ့ တောင်သူများကို များစွာအထောက်အကူဖြစ်စေမှာဖြစ်ပါတယ်။ သို့ဖြစ်ပါ၍ တိုင်းပြည်ရဲ့အနာဂတ်အကျိုးကိုရှေးရှုလို့ လယ်ဝေးမဲဆန္ဒနယ်မှ ဦးမျိုးဇော်ဦးရဲ့အဆိုကို လေးလေး နက်နက်ထောက်ခံအပ်ပါတယ်ခင်ဗျား။ အားလုံးကို ကျေးဇူးတင်ပါတယ်။

**ဥက္ကဋ္ဌ**။ ။ လွှတ်တော်ကိုယ်စားလှယ်များခင်ဗျား။ လယ်ဝေးမဲဆန္ဒနယ်မှ ဦးမျိုးဇော်ဦး တင်သွင်းတဲ့အဆိုကို လွှတ်တော်ကိုယ်စားလှယ်တစ်ဦးကထောက်ခံထားပါတယ်။ ဒီအဆိုနှင့်စပ်လျဉ်း ပြီး ၂၀၁၃ ခုနှစ်၊ ပြည်သူ့လွှတ်တော်ဆိုင်ရာနည်းဥပဒေ ၁၆၈ နည်းဥပဒေခွဲ(ခ) နည်းဥပဒေခွဲငယ်(၃) အရ လက်ခံဆွေးနွေးရန်သင့်/မသင့် လွှတ်တော်ရဲ့ဆန္ဒရယူပါမယ်။ ဦးမျိုးဇော်ဦးတင်သွင်းတဲ့အဆိုကို လက်ခံဆွေးနွေးရန် လွှတ်တော်က သဘောတူပါသလားခင်ဗျား။

သုံးကြိမ်တိုင်တိုင်မေးမြန်းပါသည်။ လွှတ်တော်ကသဘောတူပါသည်။

**ဥက္ကဋ္ဌ**။ ။ သဘောမတူတဲ့သူရှိပါသလားခင်ဗျား။ သဘောမတူသူမရှိတဲ့အတွက် ဦးမျိုးဇော်ဦး၊ လယ်ဝေးမဲဆန္ဒနယ်က တင်သွင်းသော နိုင်ငံတစ်ဝန်း သဘာဝဘေးအန္တရာယ်များနှင့် အင်းဆက်ပိုးမွှားများကြောင့် နစ်နာဆုံးရှုံးနေကြသောတောင်သူလယ်သမားများ၏ အကျိုးစီးပွား အတွက် အာမခံချက်ရှိစေမည့် သီးနှံအာမခံလုပ်ငန်းများကို ဆောလျင်စွာအကောင်အထည်ဖော်ဆောင် ပေးရေး ပြည်ထောင်စုအစိုးရအား တိုက်တွန်းကြောင်းအဆိုကို လက်ခံဆွေးနွေးရန် ဆုံးဖြတ်ကြောင်း ကြေညာပါတယ်။ (ဩဘာသံများ)

**ဦးမျိုးဇော်ဦး၊ လယ်ဝေးမဲဆန္ဒနယ်က တင်သွင်းသောအဆိုနှင့်စပ်လျဉ်း၍ ဆွေးနွေးလိုသည့် လွှတ်တော်ကိုယ်စားလှယ်များရှိလျှင် အမည်စာရင်းတင်သွင်းနိုင်ကြောင်း ဥက္ကဋ္ဌက ကြေညာခြင်း**

**မူကြမ်း**

**ဥက္ကဋ္ဌ**။ ။ ဒီအဆိုနှင့်စပ်လျဉ်းပြီး ၂၀၁၃ ခုနှစ်၊ ပြည်သူ့လွှတ်တော်ဆိုင်ရာနည်းဥပဒေ ၁၆၈ နည်းဥပဒေခွဲ(ခ) နည်းဥပဒေခွဲငယ်(၅)အရ ဆွေးနွေးမယ့်လွှတ်တော်ကိုယ်စားလှယ်များအနေနဲ့ ၁၃-၆-၂၀၁၇ ရက်(အင်္ဂါနေ့) ညနေ ၄ နာရီနောက်ဆုံးထားပြီး ပြည်သူ့လွှတ်တော်ရုံး၊ ညွှန်ကြားရေးမှူးချုပ်ထံ အမည်စာရင်းတင်သွင်းကြရန်ဖြစ်ပါတယ်။

**အမျိုးသားလွှတ်တော်က ပြင်ဆင်ချက်ဖြင့် ပြန်လည်ပေးပို့လာသော တရားခံလွှဲပြောင်းရေး ဥပဒေကြမ်းကို လက်ခံရရှိကြောင်းနှင့် ပြင်ဆင်ချက်အဆို တင်သွင်းလိုသည့် လွှတ်တော်ကိုယ်စားလှယ်များ အမည်စာရင်း တင်သွင်းနိုင်ကြောင်း လွှတ်တော်သို့ အသိပေးတင်ပြခြင်း**

**ဥက္ကဋ္ဌ**။ ။ လွှတ်တော်ကိုယ်စားလှယ်များခင်ဗျား။ ပြည်သူ့လွှတ်တော်မှာ စတင်ဆွေးနွေးပြီး ပြင်ဆင်ချက်ဖြင့် အတည်ပြုခဲ့ပြီး အမျိုးသားလွှတ်တော်သို့ပေးပို့ထားသော တရားခံလွှဲပြောင်းရေး ဥပဒေကြမ်းကို ၇-၆-၂၀၁၇ ရက်နေ့မှာ အမျိုးသားလွှတ်တော်က ပြင်ဆင်ချက်ဖြင့် ပြန်လည်ပေးပို့လာပါတယ်။ ပြင်ဆင်ချက်မိတ္တူများကိုလည်း ကိုယ်စားလှယ်များထံ ဖြန့်ဝေပြီးဖြစ်ပါတယ်။ ဤဥပဒေကြမ်းနှင့်စပ်လျဉ်းပြီး အမျိုးသားလွှတ်တော်ရဲ့ပြင်ဆင်ချက်အပေါ် ဆွေးနွေးရန် အဆိုတင်သွင်းလိုသူများအနေနဲ့ ပြင်ဆင်လိုတဲ့ဥပဒေကြမ်းရဲ့အပိုဒ်၊ အပိုဒ်ခွဲ၊ အကြောင်းအရာကို တိတိကျကျဖော်ပြ၍ ၁၄-၆-၂၀၁၇ ရက်(ဗုဒ္ဓဟူးနေ့) ညနေ ၄ နာရီနောက်ဆုံးထားပြီး ပြည်သူ့လွှတ်တော်ရုံး၊ ညွှန်ကြားရေးမှူးချုပ်ထံ အမည်စာရင်းတင်သွင်းရန်ဖြစ်ကြောင်း အသိပေးကြေညာပါတယ်။ (သြဘာသံများ)

**ဒုတိယအကြိမ် ပြည်သူ့လွှတ်တော် ပဉ္စမပုံမှန်အစည်းအဝေး (၁၂)ရက်မြောက်နေ့ ရပ်နားကြောင်းနှင့် အစည်းအဝေး (၁၃)ရက်မြောက်နေ့ ဆက်လက်ကျင်းပမည့် နေ့ရက်နှင့်အချိန်ကိုကြေညာခြင်း**

**ဥက္ကဋ္ဌ**။ ။ လွှတ်တော်ကိုယ်စားလှယ်များခင်ဗျား။ ဒုတိယအကြိမ် ပြည်သူ့လွှတ်တော် ပဉ္စမပုံမှန်အစည်းအဝေး (၁၂) ရက်မြောက်နေ့ကို ရပ်နားပါမယ်။ ဒုတိယအကြိမ် ပြည်သူ့လွှတ်တော် ပဉ္စမပုံမှန်အစည်းအဝေး (၁၃) ရက်မြောက်နေ့ကို ၂၀၁၇ ခုနှစ်၊ ဇွန်လ ၁၃ ရက်(အင်္ဂါနေ့) နံနက် ၁၀ နာရီအချိန်မှာ ဆက်လက်ကျင်းပမှာဖြစ်ကြောင်းနဲ့ ယနေ့ အစည်းအဝေးပြီးဆုံးကြောင်း ကြေညာပါတယ်။ (သြဘာသံများ)

**မူကြမ်း**

**အချိန်၊ ၁၂း၀၂။**

**အခမ်းအနားမှူး။** ။ ပြည်သူ့လွှတ်တော်ဥက္ကဋ္ဌ ပြန်လည်ထွက်ခွာပါပြီခင်ဗျား။

**အခမ်းအနားမှူး။** ။ အားလုံးထွက်ခွာနိုင်ပါပြီခင်ဗျား။

ဒုတိယအကြိမ် ပြည်သူ့လွှတ်တော် ပဉ္စမပုံမှန်အစည်းအဝေး (၁၃)ရက်မြောက်နေ့ကို ၁၂း၀၂ နာရီအချိန်တွင် ပြီးဆုံးပါသည်။

ဒုတိယအကြိမ် ပြည်သူ့လွှတ်တော် ပဉ္စမပုံမှန်အစည်းအဝေး (၁၂) ရက်မြောက်နေ့
(၁၂.၆.၂၀၁၇) ရက်နေ့တွင် မေးမြန်းဖြေကြားခဲ့သည့်
ပြည်သူ့လွှတ်တော် ကိုယ်စားလှယ်များနှင့် ဒုတိယဝန်ကြီး



ဦးဝင်းမြင့်အောင်
(ဒီပဲယင်း မဲဆန္ဒနယ်)



ဦးသန့်ဇင်ထွန်း
(ဒက္ခိဏသီရိ မဲဆန္ဒနယ်)



ဦးကျော်အောင်လွင်
(စေတုတ္တရာ မဲဆန္ဒနယ်)



ဦးစိုင်းဘသိန်း
(လင်းခေး မဲဆန္ဒနယ်)



ဦးကျော်တင်
(ဆော မဲဆန္ဒနယ်)



ဦးစိန်အောင်
(ပလက်ဝ မဲဆန္ဒနယ်)



ဦးသောင်းဌွေးလင်း
(ပုသိမ်ကြီး မဲဆန္ဒနယ်)



ဦးတင်နု(ခ)ဦးတင်နုအောင်
(မာန်အောင် မဲဆန္ဒနယ်)



ဦးလှကျော် (ဒုတိယဝန်ကြီး)
စိုက်ပျိုးရေး၊ မွေးမြူရေးနှင့် ဆည်မြောင်း
ဝန်ကြီးဌာန

# ပြည်သူ့လွှတ်တော်

ပြည်သူ့အသံ လွှတ်တော်အသံ

ပြည်သူ့ဆန္ဒ လွှတ်တော်ဆန္ဒ

ပြည်သူတို့မျှော်လင့်ချက် လွှတ်တော်က ဖော်ဆောင်ရွက်